
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သားသား စီစဉ်သည်။

ရွှေ သ မီး စာ ပေ မှ

တင်ဆက်သည်။

အကြိမ်

ပထမအကြိမ်

ထုတ်ဝေသူ

ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)

အမှတ်-၃၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ

ရွှေပြည်ဟိန်း ၊(၀၉၉၅၈)

၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း

၂၀၁၂ ခုနှစ် ၊ ဩဂုတ်လ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၃၀၀ ကျပ်

၈၉၅.၈၃

( တိုးတိတ်သောစောင်းကြိုးရိုက်သံ ) / ရွှေရွှေ ၊ ရန်ကုန်၊

ပန်းဝေဝေစာပေ၊ ၂၀၁၂

[illegible] ၁၂.၅ စင်တီ၊ (၁) တိုးတိတ်သောစောင်းကြိုးရိုက်သံ

www.burmeseclassic.com

www.burmeseclassic.com

အချစ်စစ်တစ်ခုကို သူ စတင်တီးခတ်ချိန်တွင်တော့ ...
ဘုရား ... ဘုရား ...
ကျွန်မလေ သူ့ကိုချစ်ရတာကို ကျေနပ်လို့ နေပါပေါ့လား ...
ခြေဖဝါးလေးကို ကြွရုံလေးမလိုက်ပြီး ဆွဲလှည့်လိုက်တော့ ...
လောကကြီးကိုတောင် မေ့လိုက်မိတော့မလို။

www.burmeseclassic.com

www.burmeseclassic.com

*Should know, the door is unlock*

*Take the deep breathe*

*Come closer*

*Hold my hand*

*Pl, don't care whatever I say*

*Just say, May I alive with your breathe.*

တံခါးသော့မခတ်ထားဘူးဆိုတာ သိသင့်တယ်။
သက်ပြင်းချလိုက်ပြီး
ငါ့အနားကို တိုးကပ်လာပါနော်။
ငါ့လက်ကလေးကို ဆုပ်ကိုင်လိုက်ပါ။
ငါဘာပဲပြောပြော တွေးရှူးပြုပြီး ဂရုမစိုက်ဘဲနဲ့
နင့်အသက်ရှူခြင်းနှင့်အတူ ငါအသက်ရှင်ပါရစေလို့ပဲ
ပြောလိုက်ပါနော် ...



www.burmeseclassic.com

www.burmeseclassic.com

## INTRODUCTION

နောင်တဆိုတာ တကယ်ခါးသက်တဲ့ အသုံးအနှုန်းပါ။ ကျွန်မလေ နောင်တဆိုတဲ့ စကားကို သိပ်မုန်းမိပါတယ်။ သေလောက်အောင်ကို မုန်းမိပါတယ်။

ဘုရားစူးရစေရဲ့ . . .

မထင်မှတ်သော တွေ့ဆုံမှုလေးကြောင့် သူနဲ့ ကျွန်မ တွေ့ခဲ့ကြပါတယ်။ ကျွန်မလေ သူ့ကို အရမ်းချစ်ခဲ့မိတယ်။ တကယ်ပါ။

စောင်းကြိုးရှိုက်သံလေးက အရမ်းကို ချိုမြိန်လွန်းလှပါတယ်။ ဒါပေမဲ့ ကျွန်မ မကြားခဲ့မိရိုးအမှန်ပါ။ သူ့ရဲ့ စောင်းကြိုးရှိုက်သံလေးက ချိုလွန်းနေတဲ့အတွက် ကျွန်မ မကြားခဲ့မိခြင်းလား။ ကျွန်မ သတိမထားခဲ့အတွက် မကြားခဲ့မိခြင်းလား။

ခုလောလောဆယ်တော့ ကျွန်မရင်ထဲမှာ ကျွန်မ သိပ်သိပ်ကို မုန်းတဲ့ နောင်တတွေ ပြည့်နှက်နေပါတယ်။ တကယ်က သူ့ကို ကျွန်မ ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်မကလွဲပြီး ကျွန်မကိုးကွယ်နေတဲ့ ဘုရားရှင်တောင် သိနိုင်မယ်မထင်ပါဘူးရှင် . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ငါတို့ လမ်းခွဲကြရအောင် မိုးဆက်"

မိုးဆက်တိုက်ထားသော ကော်ဖီသောက်နေရင်းနှင့်ပင် အားမနာစွာ သူမ ပြောလိုက်တော့သည်။ ချက်ချင်းဆိုသလို မိုးဆက်မျက်နှာ သိသိသာသာ ပျက်ယွင်းသွားလေတော့သည်။

"ဘာဖြစ်လို့လဲ? ကျွန်တော် ဘာအမှားလုပ်မိလို့လဲ မာန်ဝင့် . . . ပြောပါဦး"

"မိုးဆက်ကတော့ ဘာအမှားမှမလုပ်မိပါဘူး။ အမှားလုပ်မိနေတဲ့ လူက မာန်ပါ။ တကယ်တော့ မိုးဆက်ကို တကယ်သံယောဇဉ် ရှိလို့ မာန်တွဲနေတာ မဟုတ်ဘူး။ မိုးဆက်က ကြည့်ကောင်းတယ်။ နောက်ပြီး မိန်းကလေးတွေကြားမှာ ရေပန်းစားတယ်။ အဲဒီအချက်တွေကြောင့် မာန်တွဲဖို့ဆုံးဖြတ်လိုက်တာပါ။ အခုတော့ မိုးဆက်ရဲ့ တကယ်သံယောဇဉ်အစစ်တွေကို မာန်အားနာလာတယ်။ အဲ့ဒါကြောင့် မာန်တို့လမ်းခွဲဖို့ပြောတာပါ . . ."



www.burmeseclassic.com

www.burmeseclassic.com

ပြောချင်နေသော စကားများကို ပြီးဆုံးအောင် မာန်ဝင့်မာန်ပြောချလိုက်လေတော့သည်။ ထို့နောက် အရှေ့ရှိကော်ဖီခွက်ထဲမှ ကော်ဖီကိုသောက်လိုက်ပါသည်။ မျက်နှာပြောင်တိုက်လွန်းသော သူမ၏အပြုအမူအတွက် သူမကိုယ်တိုင်ပင် မိုးဆက်ကို အားနာမိပါသည်။

"အားနာတယ်ဆိုရင် မာန်ဝင့်လည်း ကျွန်တော့်လို ခံစားချက်အစစ်နဲ့ ဆက်ဆံပေါ့။ ပြန်ချစ်ပေါ့ မဟုတ်ဘူးလား"

သူမ အားနာနေမိသော်လည်း စကားလက်ပေါက်ကပ်နေသော မိုးဆက်ကို သူမဆက်၍ စိတ်မရှည်ချင်တော့။

"ခံစားချက်အစစ်ဆိုတာကတော့ ဘယ်တော့မှဖြစ်ပေါ်လာမှာမဟုတ်ဘူး မိုးဆက်ရယ်။ ပြောရတာလည်း အားနာပါတယ်"

"ဒီထက်ခိုင်မာတဲ့ စကားလုံးလေးတွေကို ပြောပါဦးလား မာန်ဝင့်၊ ဒါမှ ကျွန်ခဲ့ရတဲ့အကြောင်းကို နားလည်နိုင်မှာ"

သူမ စိတ်ပျက်နေမိတော့ပြီ။ အားနာစိတ်များလည်း မှေးမှိန်လာပြီဖြစ်၏။

"နင့်အပေါ်မှာ ဘယ်လိုမှ ခံစားလို့မရဘူး။ အဲ့ဒါကြောင့် မာန်တို့လမ်းခွဲကြစို့။ ကဲ . . . အဲဒီစကားက ခိုင်မာပါတယ်နော်။ ကဲ . . မာန့်ကို ခွင့်ပြုဦး။ မာမာတို့စောင့်နေလို့ သွားလိုက်ဦးမယ်"

သူမ ထရင်းနှင့်ပင် စကားအပြတ် ဖြတ်လိုက်လေတော့သည်။

"ဒီနေ့ ကျွန်တော်တော့ တော်တော်ကြေကွဲရဦးမှာ"

မျက်ရည်စစနှင့် မိုးဆက်ပြောရှာသည်။ သူမကတော့ သက်ပြင်းခိုးသာ ချလိုက်မိတော့သည်။

"မမာတို့နဲ့ ရုပ်ရှင်ကြည့်ဖို့ ချိန်းထားတာ မမီမှာစိုးလို့ သွားတော့မယ်နော်။ အားတော့နာပါတယ်။ ဒီကော်ဖီဖိုးကို မာန်ရှင်းလိုက်ရမလား?"

"ရပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

သူမ ကော်ဖီဆိုင်ထဲမှထွက်ခဲ့တော့ မိုးဆက်ဝမ်းနည်းစွာ ကော်ဖီဆိုင်တွင်ပင် ကျန်ရစ်ခဲ့လေသည်။ သူမကတော့ နားပူစရာတစ်ခု လျော့သွားသဖြင့် အတော်ပင် ကျေနပ်နေမိပါသည်။ ထို့နောက် သူမ ကားလေးနှင့် ရုပ်ရှင်ကြည့်ရန်ချိန်းထားသော မာမာ့ထံသို့ သွားလိုက်ပါတော့သည်။

ထိုအချိန်တွင်တော့ သူမခေါင်းထဲတွင် မိုးဆက်ဆိုသူကို သိပင်မသိတော့ချေ။

မာန်ဝင့်မာန်ဆိုသည့် သူမ၏နာမည်အတိုင်း သူမသည် နေရာတိုင်းတွင် မာန်အပြည့်နှင့်နေတတ်၏။ ထို့ကြောင့် ယောက်ျားလေးအများစု၏ စိတ်ဝင်စားမှုကိုလည်း ခံရပါသည်။ သူမတွင် ယခုဖြတ်လိုက်သော မိုးဆက်အပါအဝင် ရည်းစား (၈)ယောက်ထက်မနည်းရှိသည်။

တွဲလိုက်၊ ကွဲလိုက်နှင့် တဖြည်းဖြည်း သူမသည် ရည်းစားများသော၊ ယောက်ျားလေးတို့၏ အသည်းကိုခွဲသော မိန်းမအဖြစ် အမည်တွင်လာလေတော့သည်။

တချို့ နုံအအ ယောက်ျားလေးများသည် သူတို့အသည်းအကွဲခံရမည်စိုးရိမ်သောကြောင့် သူမကို လှည့်၍ပင် မကြည့်ရဲကြတော့ချေ။

သူမကားလေး ကော်ဖီဆိုင်အရှေ့တွင် ရပ်လိုက်ကတည်းက သူမကို မာမာ လှမ်းမြင်လိုက်လေသည်။ မာမာသည် သူမနှင့် မိုးဆက်တွဲသည်ကို အနည်းငယ်မျှပင် သဘောမကျချေ။ ယခု သူမသည် မာမာ့အလိုကျ မိုးဆက်ကို အဆက်ဖြတ်ပြီးသောကြောင့် ကျေနပ်ကာ မာမာ့မျက်နှာ ဝင်းပနေလေတော့သည်။

"ဘယ်လိုလဲ . . . မိမာန်၊ နင် အပြတ်ဖြတ်ခဲ့ရဲ့လား?"

သူမ ထိုင်ခုံတွင်ပင် ဝင်မထိုင်ရသေး။ မာမာစိတ်စောလျှင်စွာ မေးလေသည်။ သူမ မိန့်မိန့်ကြီးပြုံးပြီး ထိုင်ခုံတွင်ဝင်ထိုင်ကာ မာမာ့ကို လက်မထောင်ပြလိုက်လေ၏။

"နင်ပျော်လိုက်တော့ မာမာ ငါ အပြတ်ဖြတ်ခဲ့ပြီ"

"ကောင်းလိုက်တာဟာ . . . ဒါမှ ဒီကောင်ခံစားရမှာ"



www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး . . . နင်က ဘာဖြစ်လို့ မိုးဆက်ကို အဲလောက်မျက်မုန်းကျိုးနေတာလဲ? ငါ့ကိုလည်း သေသေချာချာရှင်းပြစမ်းပါဦး မာမာရယ်။ နင်ဖြတ်ခိုင်းလို့သာ မိုးဆက်ကို ငါဖြတ်လိုက်တာ။ တကယ်က ဘာမှန်းကို မသိသေးဘူး"

ဟုတ်ပါ၏။ သူမသည် မာမာက သူမနှင့် မိုးဆက်တွဲသည်ကို ကျေနပ်ဘူးပြောရုံနှင့်ပင် သူမ ဖြတ်လိုက်ခြင်းပါ။ တကယ်က မည်သည့်အကြောင်းကြောင့် ဆိုသည်တော့ သူမ မသိချေ။

"ငါပြောပြမယ်။ အဲ့ဒီမိုးဆက်ဆိုတဲ့ကောင်ကလေ တော်တော့်ကို ရက်စက်တဲ့ကောင်ဟ။ ငါ့အစ်မဝမ်းကွဲ မီးမီးဆိုတဲ့တစ်ယောက်ကို လိုက်ပြီး အဖြေလည်းရရော ရတဲ့နေ့မှာပဲ ကျွန်တော် မမတွေကို စိတ်မဝင်စားဘူးဆိုပြီး ဒီအတိုင်းပန်းခြံထဲမှ ထားသွားခဲ့တယ်တဲ့။ ငါ့အစ်မခမျာ ငိုလိုက်တာဟာ။ တစ်လလောက်အထိ ရှက်လွန်းလို့ အိမ်ထဲက အိမ်အပြင်တောင် မထွက်ရဲဘူး။ နောက်ပြီး အခုထက်ထိ သူ့အရှေ့ကို မသွားရဲတော့ဘူးဟ"

မာမာ့စကားကြောင့် သူမ အံ့ဩရပါတော့သည်။ မည်သို့မျှပင် ဆင်ရသော မိုးဆက်ပါပေတည်း။

"ဟုတ်ရဲ့လား . . . မာမာရယ်။ ငါနဲ့တော့ ယုန်ကလေးကျနေတာပဲ။ ငါ့လက်တောင် မကိုင်ရဲရှာဘူး"

"အဲဒါ နင်နဲ့မို့လို့။ တကယ်တော့ သူက ကျား . . . ကျားမှ ကျားစစ်စစ်။ နင့်နဲ့မှ ဘယ်လိုပြားပြားဝပ်သွားလဲ မသိပါဘူးဟာ"

"အဲဒါကြောင့် နင်က သူ့ကို ကြည့်မရတာပေါ့ ဟုတ်စ"

"ဟုတ်ပါ့။ ကဲ . . . ဘာသောက်မလဲသောက်၊ ပြီးရင် ငါအောင်ပွဲခံတဲ့အနေနဲ့ ဒီနေ့ ရုပ်ရှင်သွားကြည့်ကြတာပေါ့ . . ဘယ်လိုလဲ?"

မာမာ တက်ကြွနေ၏။ သူမ ပြုံးလိုက်မိတော့သည်။

"နင်က ကျောင်းတော်ကာရန်စကို ငါ့ကိုဆွဲထည့်လိုက်တာပေါ့လေ။ ဟုတ်လား . . . မာမာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ? နင်က မိုးဆက်ကို နမြောနေတာလား?"

"မဟုတ်တာ . . . ဘာနမြောရမှာလဲ? သူ့လောက်ကတော့ မျက်တောင်တောင်မခတ်ဘူး"

သူမစကားကို မာမာ ကျေနပ်သွားလေသည်။

"ကဲ . . . မိမာန်။ ငါတို့သွားကြမှာလား? ဒီမှာ ဆက်ထိုင်မှာလား"

"ခြေတော်ကြွကြတာပေါ့ . . . လစ်စို့"

သူမနှင့်မာမာတို့ အတိုင်အဖောက်ညီကာ ဆိုင်အတွင်းမှ ကျသင့်ငွေရှင်းပေးပြီးသည်နှင့် ရုပ်ရှင်ရုံသို့ ဦးတည်လိုက်ကြလေတော့၏။ သူမအဖို့ ရည်းစားတစ်ယောက် ဖြတ်လိုက်ရသည်ကို အကြော်နှင့် အချဉ်ရည်တို့စားသလောက် လွယ်ကူလွန်းလှ၏။ သူမသည် ယောကျ်ားလေးများကို လုံးဝ အလေးအနက်မထားတတ်။

သူမ အပြုအမူများကို သူမ၏ မေမေကတော့ လုံးဝမနှစ်သက်၊ မာမာနှင့်တွဲနေခြင်းကိုလည်း မကျေနပ်။ သို့သော် သူမကတော့ မာမာနှင့်အတူ တစ်ခါတလေ Night Club သို့ပင် သွားတတ်သေးသည်။ ညအချိန်မတော် အိမ်ပြန်လာတတ်သော သူမကို မေမေ စောင့်ကာ တံခါးဖွင့်ပေးသော်လည်း အဆိုအကောင်းတော့ ဘာမှမပြော။ သူမလုပ်ရပ်များကို ကြိုးရှည်ရှည်နှင့် လှန်ထားသည့်သဘောပင်။



www.burmeseclassic.com

www.burmeseclassic.com

မာမာဖွင့်ပေးသော Market တံခါးမှတစ်ဆင့် သူမအပြင်အထွက်–

"ခွမ်း"

မနိုင်မနင်းမလာသည့် ဝိုင်ပုလင်းများသည် လူတစ်ယောက်နှင့်တိုက်မိပြီး ကြမ်းပြင်ပေါ်သို့ကျကာ အစိတ်စိတ်၊ အမွှာမွှာကွဲကုန်လေပြီ။

ကျကွဲသွားသော ဝိုင်ပုလင်းများကို နှမြောတသစွာကြည့်ပြီး တစ်ခဏ သူမ အကြည့်တို့သည် တိုက်မိသည့် လူထံသို့ ရောက်သွားမိပါ၏။ ထိုစဉ် မျက်ခုံးကောင်းကောင်းနှင့် တော်ရုံမိန်းကလေးတစ်ယောက်ကို အေးအေးစွာ ငြို့လိုက်နိုင်စွမ်းရှိသည့် ယောကျ်ားတစ်၏မျက်ဝန်းနှင့် သူမအကြည့်တို့ မထင်မှတ်ဘဲ မိတ်ဆက်လိုက်ရသည့်တစ်ခဏ သူမ ထိုမျက်ဝန်းနက်နက်ကို အမိပ္ပာယ်မဲ့ ငေးကြည့်မိသွားပါသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ။ လူတစ်ယောက်လုံးလာနေတာတောင် မမြင်ဘူးလား"

မျက်ဝန်းနက်ပိုင်ရှင် ယောကျ်ားတွင် တင်းတင်းစေ့ထားသော ယောကျ်ားပီသလှသည့် နှုတ်ခမ်းတစ်စုံရှိနေသော်လည်း ထိုနှုတ်ခမ်းတစ်စုံမှ မိန်းကလေးသော၊ ဘာသော မခွဲခြားဘဲ ရန်တွေ့စကားဆိုလိုက်သောကြောင့် သူမ ငေးကြောင်မိရာမှ သူ့ကို ကြည့်နေမိပါသည်။

ဝိုင်းပုလင်းကွဲများကြားမှ ထွက်ပေါ်လာသော ဝိုင်အနံ့များကို သူက အခေါင်းပင် ရှုံ့ထားသေး၏။ ထို့အပြင် သူမကိုကြည့်နေသည့် သူ့အကြည့်က မတူသလိုလို၊ မတန်သလိုလို။

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ ရှင်ဝင်တိုက်တာလေ။ ပုလင်းတွေနဲ့လာတဲ့လူကို ရှင်ရှောင်ပေးရမှာ နားမလည်ဘူးလား?"

ခေးကြည့်နေသော သူမကို အားမလိုအားမရဖြစ်ကာ မာမာက ကြားထဲမှ ဝင်ပြောပေးလေသည်။ မာမာ့စကားကြောင့် သူသည် မာမာနှင့် သူမကို တစ်ခါစီကြည့်လျက် မတူသလို၊ မတန်သလို နှာခေါင်းရှုံ့လိုက်ပြန်သည်။

ထို့နောက် ကဲ့ရဲ့သည့်အကြည့်များ သူမတို့ကို ခြေမှခေါင်းထိကြည့်ပြီး သူမတို့အသားနှင့်ထိမှာကို သေမလောက်ကြောက်သည့် ဒီဇိုင်းဖြင့် သူမနှင့် မာမာကို ရှောင်ပြီးထွက်သွားလေသည်။

"ကလေကချေတွေ"

သူမအေးမှ ကပ်ကာဖြတ်သွားစဉ် သူ့ထံမှကြားလိုက်ရသော စကားပါ။ သူမ ဇွေ့ဇွေ့တုန်အောင် ဒေါသထွက်မိသော်လည်း သူပြောလိုက်သောစကားက မှန်သယောင်ယောင်ပင်။ ဝတ်ထားသောဘောင်းဘီက အတို၊ အကျီက လက်ပြတ်၊ ကိုင်လာသည်များက ဝိုင်ပုလင်းများ။

ဝိုင်ဆိုသည်ကလည်း တကယ်တမ်းတော့ အရက်တစ်မျိုးပင်။ မည်သို့ပင်ဆိုစေကာမူ မြန်မာမိန်းကလေးတစ်ယောက်နှင့် အရက်သေစာဆိုသည်မှာ မည်သို့မျှ မအပ်စပ်။

"မိုက်ရိုင်းလိုက်တဲ့ကောင်။ ကြည့်စမ်း ငါတို့ကို ကလေကချေတွေ တဲ့။ လာ . . . မိမာန်။ ငါတို့ သူ့ကို ပြဿနာသွားရှာကြမယ်"

အားတက်သရော ပြောလိုက်သော မာမာ့စကားကို သူမ မလိုက်လျောချင်ပါ။ မာမာကတော့ သူ့စကားကြောင့် ဒေါသထွက်ကာ ဆွေ့ဆွေ့ခုန်နေတော့၏။

"ထားလိုက်ပါဟာ။ သူနဲ့ မတွေ့မိဘူးလို့ပဲ သဘောထားလိုက်။ ငါတို့ကို မတူသလို မတန်သလို ဆက်ဆံသွားတဲ့လူကို ငါတို့ ပြဿနာသွားရှာနေလည်း ဘာမှထူးမယ့်ပုံမပေါ်ပါဘူး။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလိုပဲဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ဝိုင်ပုလင်းတွေက ကွဲသွားပြီ။ ဘယ်လိုဆက်လုပ်ကြမလဲ"

"မသောက်ရုံပေါ့ဟာ"

သူမ၏စကားကို မာမာမကျေနပ်။ ညကျရင် နှစ်ယောက်တည်း ထဲမည့် ပါတီပွဲလေးအတွက် သူမတို့ဝိုင်များဝယ်ခဲ့ခြင်းပင် မဟုတ်ပါလား။

"နင်ကလည်း ဖေဖေတို့ မေမေတို့မရှိတုန်းလေး လိုင်စင်ရတာ။ ထပ်သွားဝယ်ကြမယ်လေ"

"ဝယ်မယ်ဆိုလည်း နင့်အတွက်ပဲဝယ်ဟာ။ ငါတော့ မသောက်ချင်တော့ဘူး။ နောက်ပြီး ငါတို့ပုံက သူပြောသလိုပဲ တကယ့်ကလေးကချေပုံ ပေါက်နေပြီလား မသိဘူးနော်။ သတိလည်းထားဦး"

"သွားသေစမ်းပါစေဟာ . . .။ ငကြောင်စကားကြောင့်တော့ လက်မလျှော့စမ်းပါနဲ့။ ဘဝင်လေဟတ်နေတဲ့လူကိုများ စကားထဲ ထည့်ပြောနေသေးတယ်။ အံ့ရော . . . "

မာမာ လက်လေးတခါခါနှင့် မျက်နှာရှုံ့ကာ ပြောလိုက်သည်။ ဝိုင်ပုလင်းများကျကွဲသံကြောင့် Market အတွင်းမှ လူများသည် သူမတို့ကို ဝိုင်းငေးကြည့်နေကြသောကြောင့် သူမ မျက်နှာပူလာရပါပြီ။ သူများရှိဦးမလားဟူ၍ သူမ မျက်လုံးဝေ့ကာ ရှာကြည့်လိုက်တော့ သူ့အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

"လာပါ . . . မာမာရယ်။ သွားရအောင် ငါရှက်လာပြီ"

မာမာ့လက်ကိုဆွဲကာ Market အရှေ့မှ ထွက်ခဲ့လိုက်မိပါသည်။

ကဲ့ရဲ့အပြစ်တင်သွားသော သူ့မျက်နှာက သူမ အာရုံတွင် နေရာယူထားဆဲ။

သေချာသည်ကတော့ ထိုနေ့ည မာမာ့အိမ်တွင် သူမ အိပ်ဖြစ်လိုက်သော်လည်း ဝိုင်အနည်းငယ်ကိုမျှ သူမ မသောက်မိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော လေးနှစ်ခန့်က သူမသည် ယခုကဲ့သို့ တေလေတတ်သော မိန်းကလေးတစ်ယောက်မဟုတ်ချေ။ ကျောင်းကို အချိန်မှန်တက်ကာ မေမေဒေါ်စေမာန်၏စကားကို မြေဝယ်မကျ နားထောင်တတ်သော သမီးအလိမ္မာတစ်ယောက်ဖြစ်သည်။

ထို့အပြင် အစ်ကိုဖြစ်သူ မာန်စေမာန်၏ တစ်ဦးတည်းသော အချစ်ရဆုံး ညီမလေးတစ်ယောက်ပင်။ မိသားစုလေးအတွင်းမှ ဖခင်ဦးဟန်ဆုံးပါးသွားသည်မှာ သူမငယ်စဉ်ကတည်းကဖြစ်သော်လည်း အားငယ်မှုတစ်စုံတစ်ရာမရှိရလေအောင် မေမေသည် သူမကို ပြည့်စုံစွာထားလေသည်။

ကိုကိုနှင့် မေမေတို့၏ ပြည့်ဝသော မေတ္တာများကြောင့်ပင် သူမ၏ဖေဖေကို သူမ မေ့တော့တော့ပင် ဖြစ်နေရတော့၏။

"မာန်လေး . . . ညနေ ကိုကို ကျူရှင်လာကြိုမယ်နော်"

သူမ ပထမနှစ်စတက်သည်အထိ ကိုကိုက သူမကို ကျောင်းသို့ လိုက်ပို့ခြင်း၊ လိုက်ကြိုခြင်းများကို အချိန်မှန် လုပ်ပေးတတ်လေ၏။

သူမတို့မိသားစုလေးသည် လွန်စွာနွေးထွေးလှပါ၏။ ထိုသို့ လွန်စွာနွေးထွေးလှသော မိသားစုလေး၏ နွေးထွေးမှုများကို ပျောက်ပျက်သွားစေရန် ဖန်တီးလိုက်သူကတော့ မုန်တိုင်းဆိုသော လူပင်။

www.burmeseclassic.com

မှတ်မှတ်ရရပင်။ သူမ ပထမနှစ်စတက်သောအခါက မုန်တိုင်းဆို သူနှင့် သူမတွေ့ဆုံခဲ့ခြင်းဖြစ်၏။

Law First Year ၏ ကျောင်းနှစ်ဝက်သို့ပင် မရောက်သေး။ အေးချမ်းလှသည့် သူမတို့ မိသားစုဘဝလေး ပျက်စီးခဲ့ရလေတော့သည်။

မုန်တိုင်းဆိုသည့်လူသည် လွန်စွာ မိန်းမဆန်သည့် လူတစ်ယောက်ဖြစ်မှန်းကို သူမ စတွေ့တွေ့ခြင်းတွင် မသိနိုင်ခဲ့ပေ။

"မာန်ဝင့်မာန်ဆိုတဲ့ မင်းကို ငါအရမ်းစွဲလမ်းနေမိပြီကွာ"

စကားပြောချိုချိုများကို ပိုင်နိုင်လှသော မုန်တိုင်းကို သူမကလည်း ရင်ခုန်တတ်စအရွယ်မို့ လွန်စွာ ပျော်ဝင်ခဲ့မိပါသည်။

"ကိုယ် မာန်ဝင့်လေးကို ချစ်တယ်။ ကိုယ့်ကို အဖြေပြန်ပေးနော်"

အလုပ်ကိစ္စဖြင့် ကိုကို တောင်ကြီးသို့သွားခိုက် မုန်တိုင်းနှင့် သူမတို့ လွယ်လွယ်ကူကူပင် ချစ်သူများ ဖြစ်သွားခဲ့ကြပါသည်။

ငယ်ရွယ်စဉ် ရင်ခုန်တတ်စအရွယ် ချစ်သူရည်စားဆိုသည့်စကားကို လက်တည့်စမ်းချင်သောကြောင့် သူမ မုန်တိုင်းနှင့် ကျောင်းထဲတွင် တွဲဖြစ်သွားပါသည်။ သို့သော် မုန်တိုင်းဆိုသောလူသည် မည်သို့သော လူအမျိုးအစားဖြစ်ကြောင်းကိုလည်း သူမ ဂဃနဏ မသိခဲ့ချေ။

ပြဿနာက ကိုကို ခရီးမှပြန်လာသောအခါမှ စတင်ခဲ့ပါသည်။ သူမနှင့် မုန်တိုင်းတွဲနေသည်ကို သိလိုက်သော မာန်စေမာန်တစ်ယောက် လွန်စွာ စိတ်ထိခိုက်သွားရတော့၏။ အကြောင်းမှာ မုန်တိုင်းဆိုသူသည် အခင်က အိမ်ထောင်ကျဖူးသော လူတစ်ယောက်ပင်။

ထို့အပြင် သူမနှင့် ကျောင်းထဲတွင်တွေ့ဆုံခဲ့သော်လည်း တကယ်တော့ မုန်တိုင်းသည် ကျောင်းသားတစ်ယောက် မဟုတ်ပေ။ ကျောင်းချိန်အတိုင်း ကျောင်းထဲသို့လာပြီး အလေလိုက်နေသူ တစ်ယောက်ဖြစ်၏။

"မာန်လေးအခုတွဲနေတဲ့ မုန်တိုင်းဆိုတဲ့လူက အရင်က အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com

ကျဖူးတယ်။ သူယူလိုက်တဲ့ ကောင်မလေးတွေဖက်က သူ့အကျင့်စရိုက်တွေကို မကြိုက်လို့ ခွဲပစ်လိုက်ကြတာ။ သူက လူပေါ့တစ်ယောက်လေ။ အဲဒီတော့ ခပ်ပေါ့ပေါ့ပဲပေါ့။ အခု မာန်လေးကိုလည်း သူ့အဲ့လိုပဲ ယူဆလိမ့်မယ်လို့ ကိုကိုယုံတယ်။ ကိုကို ဘာကိုပြောချင်တယ်ဆိုတာ မာန်လေးနားလည်မှာပါ။ အဲ့ဒီတော့ မာန်လေးဘာဆက်လုပ်မယ်ဆိုတာကို ဆုံးဖြတ်ပေးပါ။ ဒီကိစ္စကို မေမေ့ကိုလည်း ကိုကိုဖွင့်မပြောချင်ဘူး။ အားလုံး နေရာတကျဖြစ်သွားအောင် မာန်လေးဆုံးဖြတ်တတ်မယ်လို့ ကိုကိုယုံတယ်"

ကိုကိုထံမှ ကြားလိုက်ရသည့် သတင်းကြောင့် သူမသည် ချက်ချင်းပင် မှန်တိုင်းကို ဖြတ်လိုက်ရန် ဆုံးဖြတ်လိုက်နိုင်ပါသည်။

ထို့ကြောင့် သူမ နောက်တစ်နေ့ ကျောင်းတွင် မှန်တိုင်းနှင့် တွေ့သည်နှင့် အပြတ်ဖြတ်လိုက်ပါသည်။

မှန်တိုင်းက သူမ သူ့ကို ဖြတ်ရသည့်အကြောင်းအရင်းကို စုံစမ်းရင်း မာန်စေမာန်ကြောင့်မှန်း သိလိုက်ရသည်နှင့် ကျားနာခဲ ခဲလေတော့သည်။

ထို့ကြောင့် မှန်တိုင်းဖန်တီးသော ရန်ပွဲတစ်ခု ဖြစ်ပွားခဲ့ပါသည်။ ထိုရန်ပွဲလေးသည် သူမနှင့် သူမ၏မိခင် ဒေါ်စေမာန်တို့အတွက် ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ခုကို ဖန်တီးပေးလိုက်ပါသည်။ ရန်ဖြစ်လေ့မရှိသော မာန်စေမာန်တစ်ယောက် ရန်ပွဲတွင် မထင်မှတ်ထားသော မှန်တိုင်း၏ ဓားချက်ကြောင့် အသက်ပေးလိုက်ရပါသည်။

သူမဖန်တီးခဲ့မိသော ပြဿနာက သူမအစ်ကိုကို သူမတို့မိသားစုလေးထံမှ ဆွဲထုတ်သွားခဲ့လေတော့သည်။

သူမ ရင်ကွဲမတတ်ခံစားရသော်လည်း သူမကြောင့်ဖြစ်သည်ဟု တစ်ထစ်ချယုံကြည်နေသော ဒေါ်စေမာန်အား မည်သို့မျှ လျှော့ပေါ့ချက်မပေးနိုင်ခဲ့။ မှန်တိုင်းသည်လည်း လူသတ်မှုကြောင့် ထောင်ဒဏ်ချမှတ်ခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမအတွက် လောကအလယ်တွင် တစ်ဦးတည်းသော ကျန်ရစ်သော မိခင် ဒေါ်စေမာန်ကို သူမလွန်စွာသနားသော်လည်း ကိုယ့်အမှားနှင့်ကိုယ် မျက်နှာမပြရဲ။

ထို့အပြင် မေမေကလည်း သူမကို ထိုပြဿနာဖြစ်ပြီးသည့်နေ့မှစ၍ အေးစက်စွာ ဆက်ဆံခဲ့လေတော့သည်။ စကားလည်းမပြောတော့။

လိုအပ်မှသာ တစ်ခွန်းနှစ်ခွန်း ပြောတတ်ပါသည်။

အေးချမ်းလှသည့် မိသားစုလေး ပျက်ယွင်းသွားပြီးသည့်နောက်ပိုင်းတွင်တော့ သူမသည် စိတ်အလိုကိုလိုက်ကာ လမ်းပေါ်တွင် လေချင်တိုင်း လေတတ်သည့် မိန်းကလေးတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်သွားရပါတော့သည်။

နွေးထွေးသည့် မိသားစုလေးကို တမ်းတတိုင်း သူမ လမ်းပေါ်တွင်ပင် ကားမောင်းရင်း အချိန်ဖြုန်းနေမိတော့သည်။ ကျောင်းလည်း ဆက်မတက်တော့။

မေမေလည်း သူမကိုရှိသည်ဟူ၍ပင် မသတ်မှတ်။ ဒီတိုင်း လွှတ်ထား၏။

ထမင်းပင် မျက်နှာချင်းဆိုင် မစားဖြစ်ကြတော့။ ထို့ကြောင့် သူမသည်း အလိုက်သိစွာဖြင့် မေမေနှင့် မျက်နှာချင်းဆိုင် ထမင်းမစားတော့သည်မှာ အစ့်ကိုမာန်စေမာန်ဆုံးသွားသည့်နေ့မှ ယနေ့တိုင်ဖြစ်ပါသည်။

သူမ ပြန်လည်ပြင်ဆင်ချင်သော်လည်း အခွင့်အရေးမပေးချင်သော သူမ၏မိခင်အား အရွဲ့တိုက်ခြင်းကို ရင်နာနာရနှင့်ပင် သူမဆက်လုပ်မိနေ၏။ အရွဲ့တိုက်တတ်သော သူမ၏ပင်ကိုအကျင့်ကြောင့်ပင် သူမနှင့် ဒေါ်စေမာန်တို့ တဖြည်းဖြည်း ဝေးကွာလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

လုပ်နေကျအတိုင်း နံနက်မိုးလင်းသည်နှင့် တိတ်ဆိတ်နေသော ထမင်းစားခန်းအတွင်းသို့ သူမဝင်ခဲ့မိလေသည်။ စားစရာဟူ၍ ပေါင်မုန့်သာလျှင်ရှိသော ထိုထမင်းစားခန်းလေးကို သူမ မရိုးအီနိုင်ပါ။ ထို ပေါင်မုန့်လေးရသည်ကိုပင် ကျေးဇူးတင်နေမိ၏။ မနေ့က မာမာ့အိမ်မှာ အိပ်ပြီး စောစောထကာ အိမ်သို့ပြန်လာမိသည်ကိုက သူမအတွက် နံနက်စာကို ပေါင်မုန့်နှင့် နှစ်ပါးသွားရအောင် ဖန်တီးလိုက်သလိုပင်။

"ကလေကချေတွေ"

ထိုင်ခုံတွင် ဝင်ထိုင်လိုက်ရင်း မနေ့က ဝင်တိုက်မိသောလူ ကင်ပွန်းတပ်ပေးသွားသောအသံကို သူမက ပြန်ကြားယောင်သွားမိ၏။

"ဗုဒ္ဓေါ . . ."

သူမ အလန့်တကြား ဘုရားပင် 'တ' လိုက်မိပါသည်။ ထိုစဉ် ထမင်းစားခန်းအတွင်းသို့ တစ်စုံတစ်ယောက် ဝင်လာသည့်အရိပ်ကို တွေ့ လိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ ဒေါ်စေမာန်ဖြစ်နေလေသည်။

"မေမေ . . ."

အလုပ်သွားချိန် ကျော်လွန်နေပြီဖြစ်သော်လည်း အိမ်တွင်ရှိနေခြင်း ကြောင့် သူမ အံ့အားသင့်ကာ နှုတ်မှ လွှတ်ခနဲခေါ်လိုက်မိ၏။

www.burmeseclassic.com

ဒေါ်စေမာန်သည် သူမနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်လိုက်ကာ သူမအား စူးရဲသောမျက်လုံးများနှင့် အတော်ကြာ စိုက်ကြည့်နေလေသည်။ သူမ မသိချင်ဟန်ဆောင်၍သာ ပေါင်မုန့်ထောပတ်သုတ်ကို ဆက်စားနေလိုက်သည်။

"နင့်အတွက် ငါ့အရမ်းကို တန်ဖိုးထားရတဲ့ သားတစ်ယောက်လုံး ဆုံးရှုံးလိုက်ရတယ်နော်။ အဲဒါနင်သိလား?"

ခါတိုင်းကဲ့သို့ စူးရှတဲ့မျက်လုံးများနှင့် ကြည့်ရုံတင် မဟုတ်တော့ဘဲ စူးရှလွန်းပြီး အထိနာသော စကားလုံးများကိုပါ ကြားလိုက်ရသဖြင့် သူမ အံ့အားသင့်စွာ ဒေါ်စေမာန့်ကို လှမ်းကြည့်လိုက်မိသည်။ စားလက်စပေါင်မုန့်လေးပင် အသက်မဲ့သွားစွာ သူမလက်အတွင်းမှ ပြုတ်ကျသွားရပါ၏။

"မေမေ . . . ဘာကိုပြောချင်တာလဲ"

ဒေါ်စေမာန်မျက်နှာမှာ ခက်ထန်လွန်းနေ၏။

"နင်နဲ့ပတ်သက်ပြီး ငါ့မှာ ဆုံးရှုံးမှုတွေပဲ ရင်ဆိုင်ရမယ်ဆိုတာ အရင်ကတည်းကြိုသိခဲ့ရင် နင့်ကို လူ့လောကထဲ ငါခေါ်ဖြစ်ခဲ့မှာ မဟုတ်ဘူး"

မကျေနပ်သော အကြည့်များသာမက မကျေနပ်သော စကားလုံးများကိုပါ သူမ ကြားလိုက်ရပါသည်။ အကြည့်များအတွက် လွန်နိုင်စွာခံစားရသော်လည်း ဘာမှမဖြစ်သလို ဟန်ဆောင်နိုင်ပါသေး၏။

သို့သော် မိခင်တစ်ယောက်၏ ရင့်သီးသောစကားလုံးများကိုတော့ သူမ မည်သို့မျှ ဟန်ဆောင်ပြီး နားမထောင်နိုင်ပါ။ ရင်ထဲစို့နင့်လာခြင်းနှင့်အတူ မျက်ရည်စများပါ ဝေ့ခနဲ မျက်ဝန်းအိမ်ထဲတွင် နေရာယူလိုက်တော့သည်။ သူမ၏ ကျလုကျဆဲ မျက်ရည်စများကို မေမေမသိအောင် ဆတ်ခနဲ သုတ်လိုက်ပါသည်။

"ဒါဆိုလည်း သမီးကို ဘာဖြစ်လို့ လူ့လောကထဲ ဆွဲသွင်းခဲ့သေးတာလဲမေမေ"



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲနင့်နေသည့် ခံစားချက်ကို ဖြေသာရာရအောင် ဖန်တီးကာ ပြောလိုက်မိသောစကားလုံးများက ဒေါ်စေမာန့်အတွက် လွန်စွာ ရင့်သီးသွားရတော့သည်။

"နင် ဒီလို တန်ဖိုးမဲ့တဲ့ လုပ်ရပ်တွေကိုလုပ်မယ်မှန်း သိမှမသိခဲ့ပဲ။ နင့်လို သမီးဆယ်ယောက်နဲ့ ငါ့သားတစ်ယောက် ဘယ်လိုမှ မလဲနိုင်ဘူး။ နင်နဲ့ပတ်သက်ပြီး ငါ နောင်တအရမ်းရမိတယ် မိမာန်။ နင့်လုပ်ရပ်တွေကို ငါတကယ်ပဲ ရွံ့ရှာမိတယ်"

သူမပြောလိုက်သော စကားအတွက် ဒေါ်စေမာန်တစ်ယောက် ပြန်လည်တုံ့ပြန်ရန် ရွေးလိုက်သည့်စကားများသည် လွန်စွာပင် ရင့်သီးနေပါ၏။ လေလွင့်သလို လုပ်နေသည့် သမီးတစ်ယောက်၏ လုပ်ရပ်များကို မည်သည့်အမေက လက်ပိုက်ကြည့်နေနိုင်ပါသနည်း။ ထို့ကြောင့် စကားများ ရင့်သီးမှန်းသိရက်နှင့် ဒေါ်စေမာန် ပြောချလိုက်ပါတော့သည်။

အစ်ကိုတစ်ယောက်လုံး အသက်ဆုံးရှုံးခဲ့ပြီး သူမကို ကယ်တင်ခဲ့သော်လည်း ကိုယ့်အသိစိတ်နှင့် လမ်းမှန်သို့ ပြန်မလာဘဲ စိတ်ရှိတိုင်း လွင့်နေသော သူမလုပ်ရပ်များကို ဒေါ်စေမာန် အတော်ပင် ရွံ့မုန်းလှပါ၏။ သို့သော် သမီးတစ်ယောက်ကို ဒီအတိုင်းတော့ ပစ်မထားရက်ပြန်။

သားအမိနှစ်ယောက်လုံး၏ ဦးတည်ချက်များ လွဲမှားနေလေသည်။

သမီးတစ်ယောက်ကို ပြောရမည့် ဆုံးမစကားမှာ လွဲမှားနေခြင်းကြောင့် ဒေါ်စေမာန့် စကားများသည် မာန်ဝင်မာန့်အတွက် ဆုံးမစကားများနှင့်မတူ။ စကားနာထိုးခြင်း သက်သက်လိုဖြစ်နေ၏။

ခံရခက်သော စကားများကြောင့် မာန်ဝင့်မာန်တစ်ယောက် လုပ်ရပ်များကို ရပ်တန့်ရမည့်အစား ပို၍ပင်လုပ်တော့မည်ဟု ဆုံးဖြတ်မိသည် အထိပင်။

"နင့်ကို ငါတော်တော် စိတ်ပျက်နေပြီ မာန်ဝင့်မာန်"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆိုနှင့်ပင် ဒေါ်စေမာန် ထမင်းစားခန်းထဲမှ ထွက်သွားလေ၏။ ထိုအခါ သူမ၏ ကျဆင်းလုလု မျက်ရည်များကို သုတ်ပစ်ရန် ကြိုးစားတော့။ ပါးပြင်ပေါ်သို့ မျက်ရည်များ လိမ့်ဆင်းသွားတော့သည်။

"ဟုတ်မှာပါ။ သမီးက တော်တော်လေးကို ပျက်စီးနေတဲ့ သမီးတစ်ယောက်ပဲ။ မေမေ ဘယ်လိုချင်တော့မလဲ? မေမေ မလိုလားတော့တဲ့ သမီးတစ်ယောက် ဖြစ်နေတာထက်စာရင် သေသွားတာမှ ကောင်းဦးမယ် မေမေရယ်"

ရင့်သီးသော စကားလုံးများဆုံးသွားသည်နှင့် သူမရင်ထဲမှ ထွက်လာသော စစ်မှန်သည့် တောင်းပန်စကားလုံးများကိုတော့ ဒေါ်စေမာန် ကြားနိုင်တော့ပါ။ ထိုအချိန် ဒေါ်စေမာန်သည် ဆိုင်သို့သွားရန် ကားပေါ်သို့ပင် ရောက်နှင့်နေလေပြီ။

သူမ အချိန်ဖြုန်းခြင်းသက်သက်သာ ရည်ရွယ်ပြီး ရုပ်ရှင်ရုံသို့ ထွက်ခဲ့မိပါတော့သည်။

ရွှေဆောင်ရုပ်ရှင်ရုံ၏ အရှေ့အနီးတစ်ဝိုက်တွင် သူမ၏ကားပါကင်ထိုးရန် နေရာရှာလိုက်မိသည်။

"အစ်မ . . . ဟိုဘက်နားမှာ နေရာလွတ်ရှိတယ်"

Security ကောင်လေးညွှန်ပေးသော နေရာလွတ်ရှိရာသို့ သူမ ကားရွှေ့ရန် ဂီယာထိုးလိုက်စဉ်တွင် သူမ၏ကား နောက်ခန်းတံခါးကို ဖွင့်ကာ လူတစ်ယောက် အလောတကြီး ဝင်ထိုင်လေသည်။ ရုတ်တရက် လန့်သွားကာ လှည့်ကြည့်လိုက်မိသည်။

"ဒါ ဘာလုပ်တာလဲ"

သူမမေးလိုက်သော်လည်း ထိုလူမှာ ချက်ချင်းပြန်မဖြေပါ။ ဗိုက်ကို ဖိကိုင်ပြီး ခေါင်းငုံ့ထားလေသည်။ သူမ သေချာစွာ ကြည့်လိုက်သောအခါမှ ထိုလူ့ကိုယ်တွင် ချွေးများရွှဲစိုနေကြောင်း တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင် ဘာဖြစ်နေတာလဲ?"

"အပိုစကားတွေမမေးနဲ့။ ဆေးခန်းတစ်ခုခုကိုသာ ကားကို မြန်မြန်မောင်းစမ်းပါ။ ဒီမှာ ဗိုက်အရမ်းအောင့်နေလို့"

တင်းတင်းစီးစီးနိုင်လှသော စကားများကို ပြောလိုက်သော ဘာသားချောသည် သူမအား တစ်ခါက Market တစ်ခုတွင် ဝင်တိုက်ကာ 'ကလေကချေ' ဟု ပြောသွားသော လူပင်ဖြစ်နေတော့သည်။ သူ့စကားများကြောင့် မကျေမနပ်ဖြစ်သွားမိသော်လည်း သူမ ဘာမှဆက်မပြောချင်တော့ပြန်။

သူ လွန်စွာ ဝေဒနာခံစားနေရမှန်း သိသာလွန်းနေ၏။ ထို့ကြောင့် တင်စီးသော သူ့စကားများကို သူမ မတုံ့ပြန်တော့ဘဲ အနီးဆုံးဆေးခန်းတစ်ခုကိုသာ ကားကို ဦးတည်လိုက်တော့သည်။

ဆယ်မိနစ်ခန့် မောင်းလိုက်ပြီးသည်နှင့် ဆေးခန်းတစ်ခုသို့ ရောက်သွား၏။ ကားပေါ်မှ မဆင်းနိုင်ရှာသော ကိုစကားကြီးစကားကျယ်ကို သူမကိုယ်တိုင်ပင် တွဲခေါ်ကာ ဆေးခန်းအတွင်းသို့ ပို့ပေးလိုက်မိပါသည်။ ထို့နောက် သူ့အား သင့်တော်ရာ ဆရာဝန်ဆေးခန်းအတွင်းသို့ ပို့ပေးလိုက်လေသည်။

သူမသည် အစ်ကိုတစ်ယောက်ကို ဆုံးရှုံးပြီးသည့်နောက်ပိုင်းတွင် ထိုသို့အခက်အခဲတွေ့နေသူများကို တတ်နိုင်သရွေ့ ကူညီတတ်ပါ၏။

တကယ်တော့ သူမ၏ မူရင်းစိတ်ဓာတ်အခံက ကူညီတတ်ခြင်းပါ။

သူမ အတော်ပင်စောင့်လိုက်ပြီးမှ ဘာသားချော ဆေးခန်းအတွင်းမှ ပကတိလူတစ်ယောက်ပမာ ပြန်ထွက်လာသည်ကို မြင်လိုက်မှ သူမ သက်ပြင်းချနိုင်တော့သည်။ အူအတတ်ပေါက်သည်ဟု သူမတွေးထင်ထားမိသောကြောင့်ပင်။ သို့သော် သူသည် သူမဘက်သို့ အသိလေးမျှပင် လှည့်မကြည့်ချေ။



www.burmeseclassic.com

www.burmeseclassic.com

"ငါပြန်သွားလို့ ထင်နေလားမသိဘူး"

သူမ ရေရွတ်ရင်း ဆရာဝန်တစ်ယောက်နှင့် စကားပြောနေသော သူ့အနားသို့ လှမ်းသွားလိုက်မိပါသည်။

"နောက်တစ်ခါဆိုရင် ကြိုပြီး ဆေးဆောင်ထားလို့ရတာပေါ့ဗျာ"

သူ့အား ဆရာဝန်လေးမှ ယဉ်ကျေးပျူငှာစွာဖြင့် ဆက်ဆံနေသည်ကို သူမတွေ့လိုက်ရသည်။ သူ့ရောဂါအခြေအနေကိုလည်း သူမ သိချင်သွားမိပြန်သည်။

"ဒေါက်တာ . . . သူ့ရောဂါအခြေအနေက သိပ်မစိုးရိမ်ရပါဘူးနော်"

မဆီမဆိုင်မေးလိုက်မိသော သူမကို ဆရာဝန်လေးက အေးဆေးစွာ လှည့်ကြည့်လိုက်သော်လည်း သူကတော့ မျက်မှောင်ကုတ်လျက် စူးရှလွန်းလှသည့် မျက်လုံးတစ်စုံဖြင့် မကျေနပ်စွာ စိုက်ကြည့်လိုက်ပါသည်။ သူ့ကို သူမ အရေးမထားသည့်ဟန်နှင့်ပင် ဆရာဝန်လေး၏ အဖြေစကားစကို ငံ့လင့်နေလိုက်သည်။

"မစိုးရိမ်ရတော့ပါဘူး။ ဆေးလည်း ပေးလိုက်ပါတယ်။ အစာလွန်သွားလို့ဖြစ်တာပါ။ ဒါနဲ့ ညီမက ဒီလူနာရှင်လား?"

ဆရာဝန်လေး၏ အမေးစကားကြောင့် သူ့အကြည့်များက ပို၍ စူးရှလာပါတော့သည်။ သူမသည်လည်း ဆရာဝန်လေး၏အမေးကို အံ့အားသင့်စွာ ငေးကြည့်နေတုန်းမှာပင် . . .

"နောက်တစ်ခါဆိုရင် အစာမလွန်အောင် ညီမထိန်းပေးလိုက်ပေါ့"

ဟူ၍ ဆရာဝန်လေး ဆက်ပြောရှာပါသည်။ မကျေနပ်မှုကြောင့် ဖြစ်ပေါ်လာသော သူ့အကြည့်စူးစူးများသည် အကယ်၍ မီးတောက်များ ထွက်လွှင့်နိုင်ပါမူ သူမ တစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်သွားနိုင်ပေသည်။

"ဒီမှာ မင်းမပြန်သေးဘူးလား?"



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်လေးကိုပင် ဂရုမစိုက်တော့ဘဲ သူမကို မကျေနပ်စွာ သူ အော်လိုက်ပါသည်။ မထင်မှတ်စွာအော်လိုက်သော သူ့ကို သူမ နားမလည်နိုင်စွာ ငေးကြည့်လိုက်မိပါသည်။ သို့သော် သူမ ရန်ပြန်စွာရန်တော့ အစီအစဉ်မရှိပါ။

"ပြန်တော့မှာပါ။ ရှင့်ဝေဒနာကို စိတ်ချ ရမရ သိချင်လို့ စောင့်နေတာ"

သူမကို ပြန်စေချင်နေသော သူ့ကို အမြင်ကပ်စွာနှင့်ပင် သူမ ကပ်တီးကပ်ဖဲ့ပြောလိုက်မိသည်။ သူမကို သူအတန်ကြာသည့်အထိ စိုက်ကြည့်နေတော့သည်။

"စိတ်ချရပါတယ်ဗျာ . . . ကဲ . . . ကိုသီတာသာ ကျွန်တော်လည်း အလုပ်ပြန်ဝင်လိုက်ဦးမယ်နော်။ နောက်မှာ လူနာတွေစောင့်နေလို့"

သူမကို စိုက်ကြည့်နေသော သူကမဖြေသော်လည်း ဆရာဝန်လေးမှ ဖြေပြီး သူ့ကိုနှုတ်ဆက်ကာ ဆေးခန်းအတွင်းသို့ ဝင်သွားလေသည်။ သူသည် ဆရာဝန်လေးဘက်သို့ လှည့်ကြည့်ကာ ပျူငှာစွာဖြင့် ပြုံးပြအသိအမှတ်ပြုလိုက်သော်လည်း သူမဘက်သို့ လှည့်ကြည့်လိုက်သော သူ့မျက်ဝန်း စူးရှူးများထဲတွင်တော့ မကျေနပ်သည့် အရိပ်ရောင်များ ပြည့်လျှံနေပါသည်။

"ဘာလဲ . . . ရှင့်ကိုကူညီတဲ့လူကို ဒီလိုပြန်ပြီး ဆက်ဆံရမယ်လို့ ရှင်သင်ထားမိလို့လား?"

မကျေနပ်စွာကြည့်နေသော သူ့အား မျက်နှာချင်းဆိုင်ပြန်ကြည့်လိုက်ရင်း သူမပြန်ပြောလိုက်၏။ သူက သူမကို မကျေနပ်စွာ စိုက်ကြည့်နေရင်း သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"မင်းက ကျေးဇူးတင်ခံချင်လို့ ဒီမှာစောင့်နေတာပေါ့လေ . . . ဟုတ်လား?"



www.burmeseclassic.com

www.burmeseclassic.com

မထင်မှတ်စွာ ပြောလာသော သူ့စကားများက သူ့ဟန်အမူအရာအဲသို့ပင် စူးရှမာကျောလှ၏။ သူမ ဒေါသထွက်သွားမိပါသည်။

"ရှင့်ကို စေတနာနဲ့ကူညီတာကို ဒီလိုပဲ ပြန်စော်ကားတတ်လား"

"ငါက ဘာကိုစော်ကားလိုက်လို့လဲ? မင်းက ငါစော်ကားလိုက်တယ်လို့ ထင်လို့လား"

"မထင်ပါဘူး။ မြင်နေတာလေ။ ကူညီတဲ့လူကို ကြည့်တဲ့အကြည့်တွေက ကျေးဇူးတင်တဲ့အကြည့်မျိုးနဲ့ ကြည့်ရမယ့်အစား စားတော့ဝါးတော့မလိုမျိုး ကြည့်နေတာလေ။ အဲ့ဒါကို စော်ကားတယ်လို့ မထင်ဘူးလား?"

"မထင်ဘူး။ လမ်းပေါ်မှာရှိနေတဲ့ ကားတစ်စီးက ငါ့ကိုလိုက်ပို့တယ်လို့ပဲ ငါသတ်မှတ်တယ်။ နောက်ပြီး ငါ ကျေးဇူးတင်စကားလည်း မပြောတတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ရှင့်လိုလူကို ကူညီမိတာကိုက ကျွန်မအမှားပဲ။ စေတနာတွေ အလကားဖြစ်သွားတယ်"

ဒေါသနှင့်ပြောလိုက်သော သူမကို သူပြန်၍ပင်မကြည့်။ သူ့ခါးကြားထဲမှ ပိုက်ဆံအိတ်ကိုထုတ်ကာ ထောင်တန်သုံးရွက်ယူပြီး ပိုက်ဆံအိတ်ကို ခါးကြားထဲ ပြန်ထည့်လိုက်လေ၏။ သူ့အမူအရာကို သူမ နားမလည်စွာ ငေးကြည့်မိနေ၏။

"ရော့ . . . ကားခ မင်းစေတနာက သုံးထောင်တော့တန်ပါတယ်နော်"

သူမလက်ထဲသို့ ထောင်တန်သုံးရွက်ကို ထည့်ပေးပြီး သူ ထွက်သွား၏။ သူမ မခံမရပ်နှင့် ဒေါသဖြစ်ရင်း သူ့နောက်ကျောကို ငေးကြည့်နေမိပါသည်။ သူ့မျက်နှာကို ထိုငွေသုံးထောင်နှင့် ပစ်ပေါက်လိုက်သင့်သော်လည်း သူမ ထိုသို့မလုပ်မိ။

သူမ ဒေါသကြောင့် လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားမိသော်လည်း တကယ်တော့ ခြေလှမ်းပင် မလှမ်းချင်တော့။

www.burmeseclassic.com

www.burmeseclassic.com

စကားတစ်ခွန်းတည်းနှင့် လူတစ်ယောက်၏ဒေါသကို အေးဆေးစွာ ဖိတ်ခေါ်နိုင်သော သူ့ကို သူမ ရန်တွေ့ရမည့်အစား ချီးမွမ်းလိုက်မိပါသည်။

သို့သော် လွန်စွာထူးဆန်းသည်က သူမသည် သူ့ကဲ့သို့သော ယောကျ်ားကို တစ်ခါဖူးမျှပင် မတွေ့ခဲ့ဖူးပါချေ။ အများနှင့်ကွဲပြားလှစွာသော အမူအရာများသည်ပင်လျှင် သူ့ထူးခြားချက်သည်လား။

သေချာသည်ကတော့ သူမသည် နောင်ရက်များတိုင်အောင် သူ့အကြောင်းကို တွေးမိနေသည်မှာ မလွဲကေန်ပင်။

ᯅ ᯅ ᯅ



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားလေးတစ်ယောက်၏ အဆင့်တန်းခွဲကာ ဆက်ဆံမှုကို ခံထိုက်ရသဖြင့် သူမလွန်စွာ ခံပြင်းနေမိ၏။ ကျေးဇူးကိုလည်း ငွေနှင့် ဆိုင်းတာသွားသော သူ့အား သူမမည်သို့မျှ မေ့မရ။ သို့သော် သူ့အား မြန်လည်ပြောမည်ဆိုလျှင်လည်း သူမတွင် စကားလုံးမရှိပြန်။

"မာမာ . . . ငါတို့ လမ်းပေါ်က လူတွေဖြစ်နေပြီလား?"

သူမဘေးတွင်ထိုင်ကာ ခြေသည်းနီဆိုးနေသော မာမာ့အား သူမ မေးလိုက်မိ၏။ ရင်ထဲတွင် တကယ်ပင် ဘဝင်မကျလှပါ။

"အခုတော့ မဖြစ်သေးပါဘူး . . . မိမာန်ရယ်၊ ခြေသည်းနီဆိုးပြီး ရင် ငါတို့ အပြင်ထွက်မှာလေ။ အဲဒီတော့မှ ငါတို့က လမ်းပေါ်က လူတွေဖြစ်မှာ"

သူမရင်ထဲမှ ခံစားချက် အတိမ်အနက်ကိုမသိဘဲ မာမာသည် ပါး စပ်ထဲရှိရာများကို ဖွတ်ပြောနေတော့သည်။

သူမ သက်ပြင်းချလိုက်မိပါသည်။ ဘာမှလည်း မပြောချင်တော့။ ဘယ်မှလည်း မသွားချင်တော့။

သူ့စကားများက သူမကို အတော်ပင် လွှမ်းမိုးနိုင်လွန်း၏။

"အမေက ငါ့ကို လျစ်လျူရှုထားတာနဲ့ပဲ ငါ မေမေ့ကို ပြန်အရှုံး ထိုက်ရင်း တဖြည်းဖြည်း အညံ့စားစာရင်းထဲ ပါနေပြီလားမသိဘူး မာမာ"

www.burmeseclassic.com

www.burmeseclassic.com

သူမမေးလိုက်သော စကားကို မာမာ နားမလည်စွာဖြင့် မျက်မှောင်ကုတ်လိုက်ပါ၏။

"ခဏလေးပါ . . . မိမာန်ရယ်၊ ငါ့ကို လာစားမနေနဲ့။ အပြင်ထွက်ရတော့မှာပါဟဲ့။ နင်ကလည်း မျက်နှာကြီးကို ဆူပုတ်လို့"

"မဟုတ်ပါဘူးဟာ"

သူမ အတွေးများကို မရိပ်မိဘဲ မာမာဖြေသိမ့် စကားပြောနေသည်။ မာမာထင်သည်က သူမစောင့်နေရသောကြောင့် မျက်နှာပုတ်နေသည်ဟူ၍ပင်။

"မာမာ . . . ငါတို့ ဒီနေ့အစီအစဉ် ဖျက်လိုက်ကြရအောင်"

ဆိုင်းမဆင့်ဗုံမပါ ပြောလိုက်သော သူမစကားကြောင့် မာမာမျက်လုံးအဝိုင်းသား ဖြစ်သွားရတော့သည်။

"ဟဲ့ . . . မိမာန်။ ကန်ပေါင်ကို သွားမယ့်ကိစ္စက နင်စီစဉ်တာနော်။ အခု ဘာဖြစ်ရပြန်တာတုံး"

"ငါမသွားချင်တော့လို့"

"အေးလေ . . . ဒါဆိုလည်း ငါတို့ Plan ပြောင်းလိုက်ကြတာပေါ့။ ကားပတ်မောင်းမယ်။ ပြီးရင် Club တစ်ခုခုမှာ ဝင်ပြီး အနားယူကြမယ်။ ည ၁၂နာရီလောက် အိမ်ကို ရောက်အောင်ပြန်ကြမယ်။ ဘယ်လိုလဲ?"

တကယ်တော့ သူမ အိမ်ပြန်နားချင်နေမိသည်။ အပြင်ကိုထွက်ရန်လည်း စိတ်မပါတော့။ သို့သော် သူမ၏ စိတ်ညစ်မှုများ၊ စိတ်ကျဉ်းကြပ်မှုများကို ထိုကဲ့သို့ ဖြေဖျောက်မှသာလျှင် သူမအတွက် သက်သာရာ ရနိုင်သောကြောင့်ပင်။ အိမ်ပြန်လျှင်လည်း သူမအတွက် ခြောက်ကပ်မှုများသာ ဆီးကြိုနေမည်ပင်။ စကားနည်းသော သူမ၏ မိခင်နှင့်လည်း သူမ စကားပြောဖြစ်လိမ့်မည်မဟုတ်။

"နင်ဘာဖြစ်နေတာလဲ မိမာန်? ငေးငေးငိုင်ငိုင်နဲ့။ ငါမေးတာကိုလည်း ပြန်မဖြေဘူး။ နင်နေမကောင်းဘူးလား?

www.burmeseclassic.com

www.burmeseclassic.com

သူမ၏လေးလံနေသော အမူအရာများကို စိတ်တိုင်းမကျစွာ မာမာ ထအော်လေသည်။ သူမ တကယ်ပင် ရင်ထဲ၌ တင်းကြပ်မိနေ၏။

"ငါတို့တကယ်ပဲ လမ်းပေါ်ကလူတွေ ဖြစ်နေပြီလား မာမာ။ သေချာစဉ်းစားစမ်းပါဦး။ ငါနောက်နေတာမဟုတ်ဘူး"

"ဟော်တော့ . . . မိမာန် နင်က အတည်မေးနေတာပေါ့လေ။ ဟုတ်လား?"

သူမ၏အမူအရာ အနည်းငယ်မျှကို မာမာ ဖတ်မိသွားပြီး အံ့အားသင့်နေတော့၏။

"ဟုတ်တယ်။ အတည်မေးနေတာ။ ငါတို့တွေက လေနေတဲ့ မိန်းကလေးတွေနဲ့တူနေပြီလား?"

"နင်က ဘာဖြစ်ချင်လို့လဲ"

"ဘာပဲဖြစ်ဖြစ် ငါတို့ လမ်းပေါ်လျှောက်သွားနေတာ မှန်ပေမဲ့ လမ်းသရဲဆိုတဲ့ ဆိုင်းဘုတ်ကိုတော့ ငါမလိုချင်ဘူး မာမာ။ နောက်ပြီး လူလူချင်းအတူတူ ငါတို့က မျက်နှာငယ်နေရသလိုပဲနော်။ ဘာအလုပ်အကိုင်ကိုမှ မလုပ်။ နောက်ပြီး စိတ်ရှိတိုင်း လွင့်နေတော့ ပိုဆိုးတယ်"

မာမာ အံ့အားသင့်စွာ သူမကို ငေးကြည့်နေလေ၏။ ပြီးကာမှ . .

"နင် အမြင်မှန်တွေရနေတာလား . . . မိမာန်။ ပြောင်းလဲသွားလိုက်တာ"

"မဟုတ်ပါဘူးဟာ . . . ငါတို့ ပိုနေတဲ့အချိန်တွေကို သင်တန်းတစ်ခုခု တက်ရင်းဖြုန်းလိုက်ကြရင် ပိုမကောင်းဘူးလား? အခုလိုအချိန်တွေဆို ငါတို့ သင်တန်းမှာ အချိန်ဖြုန်းမယ်။ နောက်ပြီး ညကျမှ အပြင်ထွက်မယ်။ ဒါဆို ငါတို့ကိုလည်း လူမြင်သူမြင်နည်းသွားမယ်လေ"

သူမခေါင်းထဲတွင်ပေါ်လာသော အတွေးတစ်ခုကို မာမာ့အား ပြောလိုက်သော မာမာ ငိုင်ငိုင်လေးဖြစ်သွားရလေသည်။ သူမ၏ စကားကို [illegible] အလေးအနက်ထားကာ စဉ်းစားနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်နော်။ ငါလည်း သင်တန်းဇန်းပြပြီး အပြင်ထွက်ချင်တိုင်းထွက်လို့ အဆင်ပြေသွားမယ်။ အခုဆိုရင် လမ်းမှာ ဖားသားကြီးနဲ့ဆုံမှာကို ကြောက်နေရသေးတယ်။ သင်တန်းတက်တော့ သင်တန်းအတွက် လိုအပ်တဲ့ပစ္စည်းတွေ ထွက်ဝယ်တယ်ဆိုပြီး အကြောင်းပြလို့ ပိုကောင်းသွားတယ်။ ဟုတ်တယ် . . . မိမာန်၊ နင့်အကြံမဆိုးဘူး။ လုပ်ကြစို့"

သူမ၏အကြံကို မာမာထောက်ခံလိုက်သည့်အတွက် သူမဘဝင်ကျမိသည်ကတော့အမှန်ပင်။ သူမကိုယ်သူမ အသုံးမဝင်သော လမ်းပေါ်မှ လူညံ့တစ်ယောက်အဖြစ် မြင်နေသောအမြင်ကြီး ပြောင်းလဲသွားစေရန် သင်တန်းတစ်ခုတက်ရန်အတွက် အမြန်ဆုံးပင် စုံစမ်းတော့မည်ဟု စိတ်ပိုင်းဖြတ်မိပါသည်။

"မာမာ . . . ငါတို့ Phonetic သင်ရင် မကောင်းဘူးလား။ အဲဒီဖက်မှာ ငါအားနည်းတယ်။ နောက်ပြီး ငါတို့က ဗမာလူမျိုးလေ။ ငါ့အထင်တော့ Phonetic ကို ပိုင်ပိုင်နိုင်နိုင်သင်ထားသင့်တယ်လို့ ထင်တယ်။ ဘယ်လိုလဲ?"

"တကယ်တော့ ငါက သင်တန်းတွေဘာတွေကို သိပ်စိတ်ဝင်စားတာမဟုတ်ဘူး မိမာန်။ နင်မဲဆွယ်လို့သာ ခေါင်းညိတ်ရတာ။ အဲဒီတော့ နင့်စိတ်ကြိုက် သင်တန်းကိုသာရွေး။ ငါကတက်ဖို့ အဆင်သင့်ပဲ"

မာမာ့ထံမှ ပြတ်သားလှသော စိတ်သဘောထားသိလိုက်ရသည့်အတွက် သင်တန်းကိစ္စကို သူမဆက်လက်ပြီး မတိုင်ပင်ဖြစ်တော့။ ထို့အပြင် သင်တန်းစုံစမ်းရန် တာဝန်သည်လည်း သူတစ်ယောက်တည်းအတွက်ပင် ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူမ အမြန်ဆုံးပင် သင်တန်းတစ်ခုကို စုံစမ်းလိုက်လေသည်။ သူမ တက်ချင်သော Phonetic သင်တန်းကိုစုံစမ်းသောအခါ အလွန်အဆင် သင့်စွာပင် သင်တန်းသစ်တစ်ခုကို စုံစမ်းမိရက်သားဖြစ်နေတော့သည်။

မာမာနှင့်အတူ သူမ ထိုသင်တန်းကို တက်ဖြစ်လိုက်ပါသည်။

သင်တန်းတက်သည့်ကိစ္စကို သူမ မေမေ့အား အသိပေးချင်နေ၏။

ထို့ကြောင့် သင်တန်းအပ်ပြီးသည်နှင့် မာမာနှင့်အတူ လမ်းများမနေ တော့ပဲ အိမ်သို့သာ တန်းပြန်လာခဲ့လေသည်။

ဆိုင်ပိတ်ကာ အိမ်သို့ပြန်လာသော ဒေါ်စေမာန်ကို သူမ၏သင်တန်း အကြောင်းကို ပြောချင်သောကြောင့် အိမ်မှကြိုစောင့်နေရန် ရည်ရွယ်ပြီး စောင့်နေမိ၏။ သူမ အိမ်ပြန်ရောက်ရေချိုးပြီး ခဏအတွင်းမှာပင် ဒေါ်စေမာန် ဆိုင်သိမ်းကာ ပြန်လာလေ၏။

"ဟင် . .. "

ဧည့်ခန်းထဲတွင် အခန့်သားထိုင်နေသော သူမကို မြင်တွေ့လိုက် သော ဒေါ်စေမာန် လွန်စွာအံ့အားသင့်သွား၏။ ဒေါ်စေမာန်အိမ်ပြန် တိုင်း သူမကိုမတွေ့ရသည်မှာ နှစ်ချီကြာနေပြီဖြစ်သောကြောင့်ပင်။ ပြန်လာသော မိခင်တစ်ယောက်သည် တစ်ဦးတည်းသော သမီး မျက်နှာကို မည်မျှတောင့်တသည်ဆိုသည်မှာ မိခင်ဖြစ်ဖူးသော



www.burmeseclassic.com

www.burmeseclassic.com

လူများပင် ကိုယ်ချင်းစာနိုင်ပါ၏။ ဒေါ်စေမာန်တစ်ယောက် ပင်ပန်းမှုကို အားလုံး ပြေပျောက်သွားသလိုပင်။ ခြေအစုံကိုရပ်လျက် မယုံနိုင်စွာပင် သူမကို ငေးကြည့်နေမိတော့၏။

ဒေါ်စေမာန်ကို သူမ ပြုံးပြလိုက်မိပါသည်။ ဒေါ်စေမာန် ပြန်မပြုံးပြဖြစ်။ ပြုံးပြဖို့ပင် မေ့သွားသောကြောင့်ပင်။

"မမေ့ကို ပြောစရာရှိလို့ စောင့်နေတာ"

သူမ၏စကားသံကို ကြားလိုက်မှ ဒေါ်စေမာန်တစ်ယောက် အသက်ဝင်သွားသည့်လူလိုပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားရတော့၏။ ခြေလှမ်းများဝင် ယောင်ရမ်းပြီး ဧည့်ခန်းဖက်သို့ ဦးတည်လိုက်မိ၏။

"မမေ . . . အဝတ်အစားလဲပြီး ဆင်းလာနော်။ သမီးစောင့်မနေမယ်"

ဒေါ်စေမာန့်မျက်ဝန်းထဲမှ ပျော်ရွှင်သွားသော အရိပ်အယောင်များ၊ ကျေနပ်သွားသော အရိပ်အယောင်များကို သူမ အတိုင်းသား မြင်တွေ့လိုက်ရသောကြောင့် သင်တန်းတက်ရန် ဆုံးဖြတ်လိုက်သည့် သူမ ဆုံးဖြတ်ချက်မှန်ကန်ကြောင်း တွေးပြီး ကျေနပ်မိပါသည်။

ဒေါ်စေမာန် အဝတ်စားလဲပြီး အောက်ထပ်သို့ ပြန်ဆင်းလာခဲ့လေ့သည်။

"ပြောစရာရှိတယ်ဆို . . . မိမာန်"

တည်ငြိမ်အေးစက်လှသော မမေ့အသံတို့ ဧည့်ခန်းထဲတွင် ထွက်ပေါ်လာ၏။ သူမ ခေါင်းညိတ်ကာ မမေ့ကို လှမ်းကြည့်လိုက်မိ၏။

"ဟုတ်တယ် . . . သမီးပြောစရာရှိလို့"

"ပြောစရာရှိလို့ စောစောအိမ်ပြန်ရောက်နေတာလား မိမာန်"

စိုးရိမ်စိတ်တစ်ဝက်နှင့်မေးသော ဒေါ်စေမာန့်မေးခွန်းက သူမအတွက် ခေါင်းညိတ်ရမလိုပင်။ ပြောစရာမရှိဘူးဆိုလျှင် အိမ်ပြန်ဦးမှာမဟုတ်ဘူးပေါ့ဆိုသည့်စကားကို လှလှပပမေးလိုက်ခြင်းပင်။ သူမခေါင်းညိတ်ရမည်လား? သူမ ခေါင်းမညိတ်ဝံ့ပါ။ ထိုမေးခွန်းကိုမဖြေရန် သူမဆုံးဖြတ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

"သမီး သင်တန်းတစ်ခုတက်မလို့မေမေ"

"ဩော် . . . "

နောက်နေ့တွေလည်း ဒီလိုပဲ အိမ်မှာရှိနေပါလား သမီးရယ်ဟူ၍လည်း ဒေါ်စေမာန် မပြောင်းဆိုချင်ပါ။ သို့သော် ဒေါ်စေမာန်မျှော်လင့်နေမိသည်တော့အမှန်ပင်။ တောင့်တနေသော အဖြေမကြားလိုက်ရသဖြင့် သူမပြောသော သင်တန်းဆိုသည့်ဝေါဟာရအပေါ်တွင် ဒေါ်စေမာန် စိတ်ဝင်စားတော့။ ထို့ကြောင့် မြွေမသေ တုတ်မကျိုး ခေါင်းညိတ်ပြလိုက်ရ၏။

"Phonetic သင်တန်းပါ။ သမီးက Phonetic ပိုင်းမှ နည်းနည်းအားနည်းတယ်လေ။ ကိုကြီးကတော့ Phonetic အရမ်းပိုင်တာ"

စကားပြောနေရင်း အစ်ကိုအကြောင်းကိုပါ ပြောလိုက်မိသည့်အတွက် သူမကိုယ်သူမ စိတ်ပျက်မိပါ၏။ သားအကြောင်း ကြားလိုက်ရ၍ ဒေါ်စေမာန်လည်း သိသိသာသာပင် မျက်နှာပျက်သွားပါသည်။

"သင်တန်းတက်တာ ကောင်းပါတယ်။ သင်တန်းတက်ဖို့အတွက် ဘာတွေလိုအပ်သေးလဲ"

မျက်နှာပျက်သွားသော်လည်း သင်တန်းအတွက် မေးဖော်ရသေးသဲ့အတွက် သူမ အနည်းငယ်တော့ စိတ်သက်သာရာရသွားပါသည်။

"လောလောဆယ်တော့ ဘာမှမလိုအပ်သေးပါဘူး မေမေ"

"အင်းလေ . . . လိုအပ်ရင် ပြောပေါ့၊ ဟုတ်ပြီလား?"

"ဟုတ်ကဲ့"

သူမတို့ ညှိခန်းလေးပြန်လည်တိတ်ဆိတ်သွားပြန်သည်။ သူမကို အေးအေးစက်စက် တုံ့ပြန်နေခြင်းကို သူမ မလိုလားပါ။ အော်ဟစ်ပစ်ချင်မိ၏။

"ညစာ အိမ်မှာစားမှာလား? တစ်ခုခုချက်လိုက်မယ်"

သူမ မမျှော်လင့်ထားသော စကားလုံးတချို့ကို ဒေါ်စေမာန်ထံမှ ကြားလိုက်ရသည့်အတွက် သူမ အနည်းငယ်တော့ အံ့အားသင့်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် ထိုစကားကြားလိုက်ရသည့်ခဏအတွင်းအော်ဟစ်ချင်နေမိသည့် သူမစိတ်များသည်လည်း ကြက်ပျောက်၊ ငှက်ပျောက်ပင် ပျောက်သွား၏။ ဒေါ်စေမာန့်အသံများသည် သူမအတွက် အေးစက်နေသော်လည်း နွေးထွေးသည့် အရိပ်အယောင်လေးကိုတော့ သူမတွေ့လိုက်ရပါသည်။

"အိမ်မှာစားမှာ။ မေမေ ဘာချက်ချင်လည်း ချက်လေ။ သမီး စားမယ်။ နောက်ပြီး ပိုင်းကူရဦးမလား?"

"ရတယ် မကူနဲ့။ ညစာရရင် ပြောမယ်။ ခဏတော့စောင့်။ အချိန်တန်ရင် စားဖို့ခေါ်လိုက်မယ်"

သူမ ခပ်သွက်သွက်ပင် ခေါင်းညိတ်ပြလိုက်မိသည်။ ထို့နောက် ဒေါ်စေမာန် ဧည့်ခန်းထဲမှ ထွက်သွားလေ၏။ မေမေနှင့် ထိုသို့ အနည်းငယ် အဆင်ပြေနိုင်သွားသည့် သင်တန်းတက်မည့်အတွေးများဝင်အောင် သူမကို မတူသလို မတန်သလို ဆက်ဆံလိုက်သည့် သူ့ကိုလည်း ကျေးဇူးတင်မိပြန်ပါသည်။ တခြားယောကျ်ားများကဲ့သို့ပင် သူမကို ဆက်ဆံပါက သင်တန်းတက်မည်ကိစ္စကို သူမ တွေးမိလိမ့်မည်မဟုတ်။

"ကျေးဇူးတင်ပါတယ် ကိုသီတဿ"

ဒေါက်တာလေးခေါ်လိုက်သည့် သူ့နာမည်ကို သူမကြားလိုက်တစ်ခဏမှာပင် ထူးဆန်းစွာ မှတ်မိနေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁

သင်တန်းစတက်သည့်နေ့တွင် သူမနှင့်မာမာတို့ သင်တန်းသို့ သတ်မှတ်ထားချိန်ထက် အနည်းငယ်စောစီးစွာ ရောက်နေနှင့်လိုက်သည်။ သူမတို့စောင့်ပြီး ခဏကြာသော် သင်တန်းပြဆရာ အတန်းထဲသို့ ဝင်လာလေသည်။ ဆရာဆိုသော်လည်း သူမနှင့်အရွယ်က မတိမ်းမယိမ်းပင်။

"ပထမဦးဆုံးနေ့ဆိုတော့ မိတ်ဆက်လိုက်ကြတာပေါ့"

သင်တန်းဆရာသည် သင်တန်းသူ/သားများနှင့် စကားပြောရာတွင် လွန်စွာ ပညာသားပါလှ၏။ တိုင်ပင်သလို၊ နှိုးဆော်သလိုပြောပြီး ကိုယ်လိုရာကို ရောက်အောင် လမ်းကြောင်းပေးတတ်သည်။

"ဆရာက စကားပြောကောင်းတယ်နော်"

ဆရာပြောသည်များကို အာရုံစိုက်ကာ နားထောင်နေသော သူမ အနားသို့ကပ်ကာ မာမာ တီးတိုးပြောသည်။

"အေးဆေးနေ . . . မိမာ ဆရာမြင်သွားရင် မကောင်းဘူး။ ပထမဦးဆုံး တွေ့တွေ့ချင်းကြီး။ သတိလည်းထားဦး"

"ငါ ချီးကျူးတာပါဟာ"

သူမဟန့်လိုက်သော်လည်း မာမာကတော့ ခွဲမလျှော့သေးပဲ ပင်ကိုအကျင့်အတိုင်း ဆင်ခြေပေးနေသေးသည်ကို သူမအမြင်မှာ ပြာပြာနှင့် မျက်



www.burmeseclassic.com

www.burmeseclassic.com

စောင်းတစ်ချက် ထိုးလိုက်မိပါ၏။ မာမာက သူမမျက်စောင်းကို ခံယူရင်း ပြုံးပင်ပြုံးနေလိုက်သေးသည်။

"အကဲပိုတယ်၊ ဟိုကတော်တော် နင်ကကဲကဲ"

သူမကိုပါ စကားနာထပ်ထိုးနေသေး၏။ တခြားအတန်းသူ၊ အတန်းသားများကတော့ ကိုယ်စီကိုယ်စီ မတ်တတ်ရပ်ရင်း ကိုယ့်နာမည်ကိုယ် ရွတ်ကာ အတန်းကို မိတ်ဆက်နေလေ၏။ သိပ်မကြာလိုက်ပါ။ သူမနှင့် မာမာအလှည့်သို့ ရောက်လာလေတော့သည်။ သူမထက် မာမာက ဦးအောင်ထရပ်ရင်း . . .

"ကျွန်မနာမည်ကတော့ မာမာပါ။ အားလုံး သူငယ်ချင်းလို ဆက်ဆံကြတာပေါ့"

ဟု ခပ်သွက်သွက်ဖြေလိုက်ပါသည်။ ထို့နောက် သူမထရပ်လိုက်လေ၏။

"ကျွန်မနာမည်က . . ."

သူမပြောလို့ပင်မဆုံးသေး။ သင်တန်းတံခါးကို တစ်ဦးတစ်ယောက် တွန်းဖွင့်လိုက်သဖြင့် ထွက်ပေါ်လာသော ဆည်းလည်းလေးများအသံကြောင့် သင်တန်းသားများအားလုံး အကြည့်တို့သည် ထိုတံခါးဝဖက်သို့ ရောက်သွားသည့်အတွက် သူမ၏နာမည်ကိုပြောရန်ပင် ဆန့်ငင်ဆန့်ငင် ဖြစ်သွားရ၏။

အခန်းတွင်းသို့ နောက်ကျပြီး ဝင်ရောက်လာသူသည် သီတဿ ဖြစ်နေသည်။ မျက်ဝန်းနက်ပိုင်ရှင် တည့်တံသော မျက်နှာထားနှင့်အတူ အတန်းထဲရှိ ဘယ်သူ့ကိုမှ သတိမထားမိဟန်နှင့် အတန်းထဲသို့ လှမ်းဝင်လာပါသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်လွန်းလှသည့် လူတစ်ယောက်၏ ခြေလှမ်းများနှင့်အတူ လှမ်းဝင်လာသော သီတဿကို သူမ သတိလက်လွတ် ငေးကြည့်နေမိရင်း နာမည်မိတ်ဆက်ဖို့ကိုပင် မေ့လျော့သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူနှင့် ထိုသို့ နောက်တစ်ခါ ထပ်ပြီး ဆုံဆည်းရလိမ့်မည်ဟု သူမ တစ်ခါဖူးမျှ မထင်မှတ်ထားမိပါ။

"နောက်ကျတယ်နော် သီတ"

ဆရာက သူ့ကို ရင်းနှီးစွာခေါ်ရင်း လှမ်းမိတ်ဆက်ပါ၏။ သူနှင့် ဆရာက ဘယ်ကဘယ်လို သိနေကြပြန်ပါသနည်း။

"အင်း . . . လမ်းမှာ မီးပွိုင့်မိနေလို့လေ"

သူက နောက်ကျသော်လည်း ဆရာ့ကို မတောင်းပန်ပါ။ မျက်နှာ တည်တည်နှင့်ပင် ဆရာ့ကို ပြန်လည်နှုတ်ဆက်ရင်း ထိုင်ခုံအလွတ် တစ်လုံးတွင် ဝင်ထိုင်လိုက်ပါသည်။ သူ့ဟန်နှင့် သူ့ပုံကတော့ လွန်စွာ ထိုက်ဖက်လွန်းလှပါသည်။

"အားလုံးနဲ့ တစ်ခါတည်း မိတ်ဆက်ပေးရဦးမယ်။ ဒါက ဒီအတန်းရဲ့ လက်ထောက်ဆရာ သီတသာတဲ့။ ဆရာ မအားတဲ့အချိန်၊ ဆရာ ခွင့်ယူတဲ့နေ့တွေမှာ သူက သင်ပြပေးလိမ့်မယ်နော်။ အားလုံးမှတ်ထားပေးနော်"

ဟု ပြောရင်း မိတ်ဆက်ပေးပါသည်။ ထိုစဉ် နာမည်ပြောရန် မတ်တတ်ရပ်နေသည့် သူမသည် ထိုင်ရမလို ထရမလိုဖြစ်နေပါတော့သည်။ သူက အတန်းကို မျက်လုံးဝေ့ကြည့်ရင်း သူမကို မြင်သွားသော်လည်း တစ်ခါမှ မတွေ့ဖူးသည့် သူတစ်ယောက်ပမာ အေးအေးဆေးဆေးပင်။

သူမကသာ သူ့ကို အံ့သြတကြီး ငေးစိုက်ကြည့်နေမိခြင်း ဖြစ်ပါသည်။

"ဆရာ ဟိုကျောင်းသူဘာလဲ? ဘာဖြစ်လို့ မတ်တတ်ရပ်ခိုင်းထားတာလဲ?"

သူက ဆရာ့ကိုမေးလိုက်သော် ဆရာက . . .

"အေး . . . နာမည်မိတ်ဆက်နေတာလေ"

"ထားလိုက်ပါတော့ . . . ဆရာရယ်။ နောက်နေ့ မိတ်ဆက်ကြတာပေါ့။ နာမည်ဆိုတာစ သိပ်အရေးကြီးတာမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com

သူမကိုပင် ဂရုမစိုက်ဘဲ သူပြောပြန်သည်။ ဆရာကလည်း သူ့စကားကို ခေါင်းညိတ်ထောက်ခံလိုက်ပါသည်။

"ဟုတ်ပြီလေ . . . နောက်နေ့မှ မိတ်ဆက်ကြတာပေါ့။ ပြန်ထိုင်လိုက်ပါဦးနော်"

ဆရာ့စကားကြောင့် သူမ အောင့်သက်သက်နှင့်ပင် ပြန်ထိုင်လိုက်ပါတော့သည်။ ထိုအခါတွင် သူ့ကိုစိုက်ကြည့်ကာ စဉ်းစားနေသော မာမာက သူမအနားသို့ကပ်ကာ . . .

"မိမာန် . . . ငါတို့ သူ့ကိုတွေ့ဖူးတယ်နော် ဘယ်မှာလဲ?"

ဟု တိုးတိုးမေးလေသည်။

"မိမာန် . . . အဲ့ဒါ ငါတို့ကို ရန်စွာသွားတဲ့ တစ်ယောက်မဟုတ်လား"

သူမ သူ့ကိုငေးကြည့်နေတုန်းမှာပင် မာမာ သတိရသွားပြီး သူမအနားသို့ကပ်ကာ မကျေနပ်စွာပြောတော့ သူမ ခေါင်းညိတ်ရင်း ဖြေလိုက်ပါ၏။

"ဒါဆို အဲဒီအရိုင်းအစိုင်းက ဒီအတန်းရဲ့ လက်ထောက်ဆရာပေါ့ ဟုတ်လား"

"ဟုတ်လို့ ဆရာက မိတ်ဆက်ပေးတာပေါ့ . . . မာမာရယ်။ နင်ကလည်း အတန်းထဲမှာ စကားများလိုက်တာ"

သူမ စိတ်မရှည်စွာ မာမာ့ကိုပြောလိုက်မိပါသည်။ ထိုအခါ မာမာက ခေါင်းကလေးငုံ့ရင်း . . .

"ကျက်သရေတုံးလိုက်တာ မိမာန်ရယ်။ ဒါဆိုရင်တော့ ဒီအတန်းကို ငါတို့ဆက်မတက်တော့ဘူး"

"ဘာမှလည်း မဆိုင်ပါလား"

"ဆိုင်တာပေါ့။ တွေ့တွေ့ချင်းတုန်းကတောင် နှုတ်သီးကောင်းလျှာပါးနဲ့ စွာနေတတ်သေးတာ။ အခု သူ့အတန်းထဲမှာဆိုတော့ ပို



www.burmeseclassic.com

www.burmeseclassic.com

ဆိုးပြီပေါ့။ နောက်ပြီး ငါတို့က စာရတာလည်းမဟုတ်။ အဲဒီတော့ သူ မျက်စိ ဆံပင်မွေးပိုဆူးပြီးပေါ့"

"ထားလိုက်စမ်းပါ . . . မာမာရာ။ ငါတို့ဘာသာ အတန်းတက်တာပဲ။ နောက်ပြီး ဒီလိုသင်တန်းမျိုးဆိုတာ ငယ်ငယ်တုန်းက ကျောင်းတက်သလို ရိုက်ပြီး ဆုံးမလို့ရတာမှမဟုတ်တာ။ ရေလိုက်ငါးလိုက်ပဲ ဆက်တက်ကြတာပေါ့"

တကယ်က ဒီသင်တန်းလေးကို သူမ ဆက်မတက်ရမှာကို စိုးရိမ်မိနေ၏။ တည်ငြိမ်လှသည့် သူ့အမူအရာများကို စောင့်ကြည့်နေရုံနှင့်ပင် ကျေနပ်နေမိနေကြောင်း သူမ ကိုယ့်ကိုယ်ကိုယ်တော့ သတိထားမိပါ၏။

"တက်မယ်မဟုတ်လား မာမာ။ ဒါမှ ဒီလူ ဘာ့ကြောင့် သွေးကြီးနေလဲဆိုတာ ငါတို့ သိရမယ်လေ"

"ဟုတ်တယ် . . . ဆက်တက်မယ် မိမာန်။ ပြီးမှ ဒီလူ့ကို ပညာအမျိုးမျိုးပြကြတာပေါ့ . . . ဘယ်လိုလဲ?"

"အင်း . . . ကောင်းတယ်။ ဆက်တက်မယ်နော်"

"အေးပါ . . . ဆက်တက်မှာ"

သေချာသည့်အဖြေရလိုက်၍ သူမ ကျေနပ်သွားမိပါသည်။ နောက်နေ့ရက်များတွင်လည်း သူ့ကို သူမ စောင့်ကြည့်မိနေဦးမည်ပင်။ ဘဝင်လေဟပ်ပြီး စကားမာဆတ်ဆတ်ပြောတတ်သော သူက သူမအတွက် အထူးအဆန်းသတ္တဝါတစ်ယောက် ဖြစ်လို့နေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့တွင် တပွမ်ပွမ်နှင့် ကားဟွန်းသံကို ကြားနေရသည်မှာ ဆယ်ငါးမိနစ်ခန့်ပင် ရှိနေပေပြီ။ ထိုကားဟွန်းသံကြောင့် လမ်းထဲရှိ အိမ်များမှ လူများလည်း ပြူထွက်ကြည့်နေကြပါတော့သည်။

သူမ သင်တန်းသွားရန် ပြင်ဆင်နေရင်း ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သော် သူမ၏ Boy Friend မျိုးလေးဖြစ်နေ၏။

မျိုးလေးလုပ်ပုံက အိမ်တွင် မေမေရှိလျှင် ဧကန်မုချ သူမ အထင်လွဲခံရဦးမည်ပင်။ သင်တန်းသို့ သွားရန်ပြင်ဆင်နေမှုကို ခေတ္တရပ်ပြီး မျိုးလေးထံသို့ သူမ ဖုန်းခေါ်လိုက်ပါတော့သည်။

"မျိုးလေ . . . ဒါနင်ဘာလုပ်တာလဲ"

ဖုန်းဝင်သွားသည်နှင့် သူမ မကျေနပ်စွာ မျိုးလေးကို အော်ငေါက်လိုက်မိပါသည်။

"ခါတိုင်း မင်းနဲ့ကိုယ်နဲ့ တွေ့နေတဲ့အချိန်မှာ မင်းက သင်တန်းမယ်ဆိုတော့ ကိုယ်က ဘာဆက်လုပ်ရမှာလဲ"

စိတ်ပျက်စရာပင်။ မျိုးလေးကို မာမာဖောက်သည်ချလိုက်ပြီပင်။ ထို့ကြောင့် မျိုးလေးက မကျေနပ်တီးလုံး လာတီးနေခြင်းပင် ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

"သင်တန်းက ငါ့အတွက် လိုအပ်လို့လေ။ ကဲပါ . . . အဲဒါတွေ နောက်မှရှင်းမယ်။ လောလောဆယ် နင် ကားဟွန်းဆက်မတီးနဲ့တော့။ သက်သက် ပြဿနာတွေဖြစ်ကုန်မယ်။ သွား . . . လမ်းထိပ်က စောင့်နေ။ ငါအခု အဝတ်အစားလဲပြီး ထွက်လာမယ်"

ခပ်ပြတ်ပြတ်ပြောပြီး သူမ ဖုန်းချလိုက်ပါသည်။ ထိုအခါ မျိုးလေးသည် သူမပြောသည့်အတိုင်း ကားပေါ်သို့တက်ကာ မောင်းထွက်သွားသေး၏။ ယောကျ်ားလေးများနှင့် တွဲသွားတွဲလာ လုပ်ချင်းပင်လျှင် နာမည်ပျက်တတ်သော မိန်းကလေးများအဖို့ ယခုကဲ့သို့ ပိုင်စိုးပိုင်နင်းနိုင်သည့် အလုပ်ရပ်များကိုပါ လုပ်တတ်သော ယောကျ်ားလေးများနှင့်တွဲနေရသော သူမ အဘယ်အတွက် နာမည်မပျက်ဘဲ နေပါမည်နည်း။ တချို့ဆိုလျှင် သူမကို အိမ်ထောင်ကျသွားပြီးဟူ၍ပင် စွပ်စွဲတတ်ပါသေး၏။

မေမေ့ကိုအရွဲ့တိုက်ရင်း လုပ်ခဲ့သော သူမ၏လုပ်ရပ်များကြောင့် နာမည်ပျက်သည့်နွံ့ထဲသို့ နစ်မှန်းမသိ နစ်နေခဲ့ရပါတော့သည်။

အဝတ်အစားလဲပြီးသည်နှင့် သူမ ကားလေးနှင့်ပင် လမ်းထိပ်သို့ ထွက်ခဲ့လိုက်ပါတော့သည်။ လမ်းထိပ်တွင် မျိုးလေးက သူမကို စောင့်နေသေး၏။

"ကိုယ်စောင့်နေတာကြာပြီ"

သူမ ကားရပ်လိုက်သည်နှင့် မျိုးလေးက မကျေမနပ်နှင့်ပြော၏။

"ဘာဖြစ်လို့ ဖုန်းမခေါ်ဘဲ ကားဟွန်းတွေ တီးနေရတာလဲ? ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်မှာကို မစိုးရိမ်ဘူးလား?"

ကားရပ်လိုက်ပြီးသည်နှင့် မျိုးလေးကို သူမ မကျေနပ်စွာ အော်ပြောလိုက်ပါသည်။ သူမ ကားပေါ်မှဆင်းရန် အစီအစဉ်မရှိပါ။

"ကိုယ်က မင်းနဲ့မတွေ့ရတော့မှာကိုပဲ တွေးပြီး စိုးရိမ်နေတာ"

သူမကားဘေးတွင် ရပ်ရင်း ဖြေရှင်းနေသော မျိုးလေးကို သူမငြိုငြင်စွာ ပြောလိုက်ပါ"

"ကျွန်မ သင်တန်းတက်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ကိုယ်ကရော"

"မသိဘူး ကြိုက်သလိုလုပ်"

"မလိုအပ်ရင် မတက်ပါနဲ့လား မာန်လေးရယ်"

"နောက်နောင် ရှင် ဒီလို အပြုအမူမျိုးတွေကို ထပ်မလုပ်မိပါစေနဲ့ မျိုးလေး။ တကယ်လို့ ထပ်လုပ်မိမယ်ဆိုရင်တော့ ကျွန်မအဆိုး မဆိုနဲ့တော့"

မျိုးလေးနှင့် စကားဆက်ပြောနေရင်း သင်တန်းနောက်ကျမည်ကို သူမ မလိုလားပါ။ ထို့ကြောင့် ကားစက်နှိုးလိုက်ပါသည်။

"နေပါဦး . . . မာန်ရယ်။ ကိုယ့်ကို တစ်ခုခုတော့ပြောခဲ့ပါဦး။ နောက်ပြီး အခုန ကားဟွန်းတီးတဲ့ကိစ္စကိုလည်း ကိုယ်တောင်းပန် ပါတယ်။ ဒီနေ့က ကိုယ့်မွေးနေ့လေ။ ကိုယ့်မွေးနေ့မှာ မာန့်ကို ညှော့ခံချင်လို့ပါကွာ။ ဖြစ်နိုင်ရင် သင်တန်းတစ်ရက်လောက် ပျက် လိုက်ပါလား?"

လူ့အရိပ်အကဲနားမလည်သည့် သူ့လိုလူမျိုး၏မွေးနေ့က သူမ အတွက် သာမန်နေ့တစ်နေ့ပင်။

"ငါ သင်တန်းတက်ရဦးမယ် မျိုးလေး။ နင်ဖယ်ပါတော့"

ကားတံခါးကိုကိုင်ကာ စကားပြောနေသော မျိုးလေးကြောင့် ကား မောင်းထွက်ရန် သူမ ခက်ခဲနေပါသည်။

"တားမရဘူးဆိုရင်လည်း သင်တန်းကို လိုက်ပို့ပေးမယ်လေ နော် ဟင့်အင်း . . . ။ မျိုးလေးသင်တန်းသို့ လိုက်ခဲ့လို့မဖြစ်။ သူမ ယောကျ်ားလေးများနှင့် ဓာတ်ရှပ်တတ်ကြောင်းကို သီတာသ သိသွား မည်ကို သူမ လွန်စွာစိုးရိမ်မိပါ၏။

"မလိုက်ပါနဲ့ သွားတော့မယ်။ နောက်တော့ ဆုံကြတာပေါ့"

"ဘယ်တော့လဲ"

မျိုးလေးက အားမလျော့သေး။

"ဖုန်းဆက်လိုက်"



www.burmeseclassic.com

www.burmeseclassic.com

သူမပြောပြီးသည်နှင့် ကားမောင်းထွက်ခဲ့ပါတော့သည်။ ဒီထက် အချိန်မကုန်ချင်တော့။ ထို့အပြင် သူမ သင်တန်းနောက်ကျမည်ကိုလည်း စိုးရိမ်နေပါသေး၏။ သူမ ကားမောင်းထွက်လာသောအခါတွင်တော့ မျိုးအေး စိတ်ပျက်စွာ ကျန်ရစ်ခဲ့လေသည်။

သူမ သင်တန်းသို့ရောက်သော် သင်တန်းအချိန်စရန် ဆယ်မိနစ်ခန့်လိုသေး၏။ သင်တန်းတွင် သူမ မာမာ့ကို ရှာကြည့်မိပါသည်။ သို့သော် မတွေ့။ ထို့ကြောင့် သူမ တခြားဘယ်ကိုမှ ခြေမရှည်တော့ဘဲ သင်တန်း အခန်းထဲတွင်သာ သင်တန်းစချိန်ကို ထိုင်စောင့်နေမိပါတော့သည်။

သူမ အတန်းထဲတွင်ထိုင်ပြီး ခဏကြာသော် သီတာသနှင့် တခြားသင်တန်းသားတစ်ယောက် အတန်းထဲသို့ ဝင်လာသည်ကို သူမ တွေ့လိုက်ရပါသည်။ သီတာသသည် စတိုင်ဘောင်းဘီကာကီရောင်နှင့် အပေါ်ချုပ်အင်္ကျီ အဖြူရောင်လွင့်လွင့်လေးကို ဝတ်ဆင်ထားပါ၏။

သီတာသ၏ မျက်ဝန်းများသည် လွန်စွာလေးနက်လွန်းသော်လည်း တောက်ပခြင်းတော့မရှိ။ အေးချမ်းလှပါ၏။ သူမနှင့် နှစ်တန်းကျော်အကွာတွင် သီတာသနှင့် သူတွဲလာသည့်သူတို့ ဝင်ထိုင်လိုက်ကြပါသည်။ သီတာသနှင့် ထိုလူတို့ပြောမည့်စကားများကို သူမ နားစွင့်နေမိပါသည်။

"ဖြေပါဦး . . . ကိုသီတရယ် ကျွန်တော် သိချင်လို့ပါ"

သူ့အားမှ တစ်ယောက်က သူ့ကိုခဲယယနှင့် အဖြေတောင်းနေ၏။ သူကတော့ မျက်နှာတည်တည်နှင့်ပင်။ တစ်ဖက်လူကိုပင် အားမနာသည့် မျက်နှာထားနှင့်။

"မနေ့က မင်းဘာမေးလိုက်တယ်ဆိုတာကိုတောင် အစ်ကိုမမှတ်မိတော့ဘူးကွာ။ ပြန်မေးပါဦး"

တစ်ဖက်လူက တောင်းခံနေသော အဖြေ၏အမေးကိုပင် မေ့ပစ်နိုင်သည့် သူ့ကို သူမ မျက်မှောင်ကုတ်ပြီး ကြည့်လိုက်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်က အဲဒီမေးခွန်းကို မနည်းကိုမှတ်ပြီး အစ်ကို့ကိုလာ ပြောတာ အစ်ကိုရ။ အခု အဲဒီမေးခွန်းကို ကျွန်တော်မေ့သွားပြီ"

"ဒါဆိုလည်း သတိရတော့မှပဲ မေးတော့လေ။ မေးခွန်းသိရလို့ အဖြေသိရင် တစ်ခါတည်းဖြေပေးမယ်။ ဒါပေမဲ့ ကိုယ်က တခမ်း တနားကြီး သူများမေးတဲ့ကိစ္စကို မတွေးတတ်ဘူးကွ"

ပြတ်သားလှသည့် သူ့ကို စိတ်ရှည်ရှည်နှင့် စကားပြောနေသော ထိုလူ့ကိုလည်း သူမ အံ့ဩမိပါသေးသည်။ အဘယ့်ကြောင့်များ သူ့လို လူမျိုးနှင့်ထိုလူက စကားလက်ဆုံ ကျချင်နေပါသနည်း။

"အစ်ကို့မှာ ပဟေဠိမေးခွန်းလေးတွေရှိရင် မေးပါလားအစ်ကို ကျွန် တော်ဖြေချင်လို့ပါ"

"ဖြေချင်တယ်ဆိုရင်တော့ မေးမယ်လေ။ အတန်းတက်ချိန်ကလည်း လိုသေးတော့ အချိန်အလကားဖြုန်းသလို မဖြစ်တော့ဘူးပေါ့"

တစ်ဖက်သား၏ တောင်းဆိုချက်ကိုပင် အပေါ်စီးမှ ပြောနေသော သူသည် သူ့မျက်နှာလေးနှင့်ပင် မလိုက်ဖက်ချေ။

"လွယ်လွယ်လေးပဲ မေးကြတာပေါ့ကွာ။ အသားမည်းတဲ့ လူတစ် ယောက်က ဆိုင်တစ်ဆိုင်ထဲ ဝင်သွားတယ်။ ခဏကြာတော့ အသား ဖြူတဲ့ လူတစ်ယောက်က အဲဒီဆိုင်ထဲက ပြန်ထွက်လာတယ်။ အဲ ဒါဘာဆိုင်လဲ?"

သူက မေးပြီးသည်နှင့် စာအုပ်တစ်အုပ်ကိုထုတ်ကာ စိမ်ပြေနပြေ ထိုင်ဖတ်နေတော့သည်။ သူ့မေးခွန်းကို ကြားလိုက်ရသည့် သူမပင် ထို အဖြေကို စဉ်းစားနေမိပါ၏။ သူမေးလိုက်သည့် လူလည်း ထိုအဖြေကို စဉ်းစားနေလေသည်။

"ဘာဆိုင်လဲ . . . အစ်ကို"

"အစ်ကိုက မင်းကို မေးတာလေ"

"ဟုတ်ကဲ့ . . . ကျွန်တော် ပန်းပေးပါတယ်၊ ဖြေပေးနော်"



www.burmeseclassic.com

www.burmeseclassic.com

အဖြေကိုသိချင်နေသော သူမလည်း ထိုလူနှင့် သီတာသပြောနေသည့် စကားများကို နားစွင့်နေမိပါသည်။

"စိတ်မကောင်းပါဘူးကွာ။ အစ်ကို မေးခွန်းပဲ မေးတတ်တာပါ။ အဲဒီမေးခွန်းရဲ့အဖြေကို ပြန်မဖြေပေးတတ်ဘူးကွ။ နောက်ပြီး အစ်ကိုက ဘယ်တုန်းကမှ ကိုယ်မေးတဲ့ ပဟေဠိရဲ့အဖြေကို ဘယ်သူ့ကိုမှ မပေးခဲ့ဖူးဘူး။ အစ်ကိုသိချင်ရင်လည်း ကိုယ်ကိုယ်တိုင်ရအောင်စဉ်းစားတယ်။ စဉ်းစားလို့မှ အဲဒီအဖြေကို မသိနိုင်ဘူးဆိုရင်တော့ အဲဒီမေးခွန်းကို မေ့ပစ်လိုက်တတ်တယ်။ ခေါင်းအစားမခံသလို တခြားလူကိုလည်း အဲ့ဒီပဟေဠိရဲ့အဖြေကို မေးလေ့မေးထမရှိဘူး"

သူ့စကားကြောင့် သူမ မျက်မှောင်ကြုတ်မိသွားပြန်သည်။ အတော်ခင် ဝိုင်စိုးပိုင်နင်းသူပင်။ တခြားသူကို မေးခွန်းလည်းမေးသေး။ အဖြေလည်း မပြောပြသေး။ တော်တော်ပင် အနိုင်ကျင့်တတ်တဲ့လူဟု သူမ အောက်ချက်ချလိုက်မိတော့သည်။

"ဒါဆို ကျွန်တော်မေးတဲ့ မေးခွန်းကို အစ်ကိုဖြေပေးလေ"

"မေးလေ . . . တစ်ထိုင်တည်း စဉ်းစားလို့ရရင် ဖြေပေးမယ်။ မရဘူးဆိုရင်တော့ ဒီအခန်းထဲက မထွက်ခင်မှာဘဲ အဲဒီမေးခွန်းကို အစ်ကို မေ့ပစ်လိုက်မှာနော်။ နောက်ပြီး အဲ့ဒီမေးခွန်းရဲ့အဖြေကိုလည်း မင်းဆီမှာ မေးလိမ့်မယ်မထင်နဲ့"

သူ့စကားများက ပြတ်သားသည်ထက် ရင့်သီးနေ၏။ သို့သော် ---ားမှလူကတော့ သူ့ကို သည်းခံပြီး စကားဆက်ပြောနေသေး၏။ ထိုစဉ် အတန်းထဲသို့ မာမာဝင်ကာ သူမထိုင်နေရာသို့ တန်းလာ . . .

"ဘာလုပ်နေတာလဲ . . . မိမာန်၊ ငါတို့ တစ်ခုခုသွားစားရအောင်။ နင်က ဒီမှာလာပြီး ငြိမ်ခံနေကာယ်ပေါ့လေ။ ဟုတ်လား?"

www.burmeseclassic.com

မာမာ့အသံစွာစွာကြောင့် ပြောနေသော သူတို့စကားစ ပြတ်သွားပါသည်။ သူနှင့်စကားပြောနေသောလူက မာမာ့ကို လှည့်ကြည့်သော်လည်း သူက မာမာ့ကို လှည့်မကြည့်ချေ။

"မသွားချင်ဘူး မာမာ။ သင်တန်းချိန်ပဲ ရောက်နေပြီဥစ္စာ"

သူမ ငြင်းလိုက်မိပါသည်။ ထိုအခါ မာမာက သူမဘေးတွင် ဝင်ထိုင်လိုက်ပါသည်။

"နင် ဒီကိုရောက်တာ ကြာပြီလား?"

"မကြာသေးပါဘူးဟာ"

"နင့်ကို မျိုးလေးလာရှာတယ်ဆို"

မာမာက မျိုးလေးအကြောင်းကိုပြောလိုက်သည်နှင့် တစ်ပြိုင်နက် သူမရင်ထဲသို့ စိုးရိမ်မှုကြီးတစ်ခု ကြီးစိုးဝင်ရောက်လာပါတော့သည်။ သူမတွင် ရည်းစားများရှိနေခြင်းကို သီတသသိသွားမည်ကို စိုးရိမ်မိခြင်းဖြစ်ပါသည်။ သို့သော် ဘာကြောင့် ထိုသို့စိုးရိမ်ရသည်ကိုမူ သူမ မသိချေ။

"မာမာ . . . လာ ငါတို့ အတန်းအပြင်ထွက်ကြတာပေါ့"

စကားစပြီးလျှင် ဖြတ်ရခက်သည့် မာမာ့အကြောင်းကို သိသောကြောင့် မာမာ့ကိုဆွဲခေါ်ကာ အတန်းထဲမှ ထွက်ခဲ့လိုက်တော့သည်။

အတန်းအပြင်သို့ရောက်သော် မာမာက . . .

"ဘာဖြစ်တာလဲ . . . မိမာန်၊ မျိုးလေးအကြောင်း ပြောလိုက်တာနဲ့ နင်က မျက်စိပျက်မျက်နှာပျက် ဖြစ်နေတယ်"

ဟု အရိပ်အကဲမသိဘဲ သူမကိုပြောလေ၏။

"ငါဘာဖြစ်လို့လဲ?"

ဖုန်းကွယ်၍ မရတော့မှန်း သိသိလျက်နှင့် သူမ ဖုန်းကွယ်ရန် ကြိုးစားပါသေး၏။

"ဘာဖြစ်ရမှာလဲ? အခုနတုန်းကတော့ ဘယ်မှ မသွားဘူးလေး . . . လေးနဲ့။ အခု မျိုးလေးအကြောင်းလည်း ပြောရော ချက်ချင်း . . .

www.burmeseclassic.com

www.burmeseclassic.com

အတန်းထဲက ထ,ထွက်တော့တာပဲ။ မိမာန် နင့်မှုတွေပျက်နေတယ် နော်"

မာမာက အကြောင်းသိသူပီပီ သူမကို သူခိုးဖမ်းသလို အကြည့်နှင့် ကြည့်ရင်း ပြောပါသည်။

"မဟုတ်တာ . . . မာမာရာ။ နင့်ကလဲ?"

"ဘာလဲ? နင် ဟိုလူ့ကန့်လန့်ကို စိတ်ဝင်စားနေတာလား? ဒါမှ မဟုတ် သူ့ကို ပစ်ဖို့ချိန်နေတာလား?"

မာမာ့၏ တည့်ထိုးမေးခွန်းကို သူမ ဖြေရခက်သွားပါသည်။

"နင်ဘာတွေ မေးနေတာလဲ မာမာ"

"အဓိပ္ပာယ်မရှိတာတော့ မလုပ်နဲ့နော် . . . မိမာန်၊ နောက်ဆုံး ကိုယ်ပဲ နာရလိမ့်မယ်။ သူက ငါတို့မြင်ဖူးတဲ့ ယောကျ်ားမျိုးထဲ ကမဟုတ်ဘူး။ တော်တော်အသည်းမာမဲ့ပုံ"

"သွားစမ်းပါဟာ အလကားလျှောက်ပြောမနေနဲ့။ သူ့လိုလူမျိုးကို ငါ စိတ်ကူးတောင် မယဉ်ဘူး"

အကြောက်အကန်ငြင်းလိုက်သော သူမကို မာမာက မယုံကြည် နိုင်စွာ ကြည့်နေ၏။

"နင့်ဘာမှမပူနဲ့။ သူ့ကိုကြည့်ဖို့တောင် ငါစိတ်ကူးမရှိဘူး"

"နင် တကယ်ပြောနေတာလား"

"သူ့အကြောင်း နင့်ခေါင်းထဲက ထုတ်လိုက်တော့ မာမာ။ သူ့လို ဘဝင်လေဟတ်နေတဲ့ လူကို ငါဘယ်တုန်းကမှ စိတ်ကူးဖို့တောင် မစဉ်းစားဖူးဘူး"

သူမ ပြတ်သားစွာ ပြောပြီး အတန်းထဲသို့ ပြန်ဝင်လာပါတော့သည်။ သေချာသည်ကတော့ သူမ စာသင်နေရင်း သူ့ကို ခဏပြီး ခဏ ကြည့်မိနေ၏။ ထို့အပြင် တဖြည်းဖြည်းနှင့် သင်တန်းပျက်မည်ကို ကြောက်ရွံ့လာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သင်တန်းတက်ပြီးသည့် နောက်ရက်များတွင် ဒေါ်စေမာန့်ဆက်ဆံမှုများလည်း သူမအပေါ်တွင် သိသာစွာ ပြောင်းလဲခဲ့ပါတော့သည်။

မာကျောသည့်ဆက်ဆံမှုများလည်း တဖြည်းဖြည်း လျော့ကျလာပါ၏။

သူမ ထမင်းစားနေချိန်တွင် ဒေါ်စေမာန် ထမင်းလာစားခြင်း၊ သင်တန်းအတွက် လိုအပ်သည်များကိုမေးခြင်း အစရှိသည့် အပြုအမူများကို ဒေါ်စေမာန် လုပ်ပေးပါ၏။ သို့သော် သူမ ညဖက်အပြင်ထွက်သည့် ကိစ္စကိုမူ ဒေါ်စေမာန် ဝင်ရောက်စွက်ဖက်ခြင်းမရှိချေ။ သူမလည်း ထိုကိစ္စနှင့်ပတ်သက်ပြီး ပြင်ဆင်မှု မရှိသေးချေ။

ဘ ဘ ဘ



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ မာမာနေမကောင်းသောကြောင့် သူမ တစ်ယောက်တည်း သင်တန်းသို့ ရောက်လာခဲ့ပါသည်။ တစ်ချိန်လုံး သူမ အာရုံတွင် သီတာသာက ကြီးစိုးနေ၏။ သို့သော် သင်တန်းချိန် ရောက်သည့်တိုင် သီတာသာ ရောက်မလာ။

ကိုယ့်ကိုယ်ကိုယ် ထိန်းထားသည့်ကြားကပင် သူ့ကို သူမ မျှော်နေမိပါ၏။

မောလိုက်တာ သီတရယ် ရှင့်ကို တွေ့ချင်လိုက်တာ။

စာသင်ခန်းတံခါးဖွင့်သံကြားလိုက်ရတိုင်း သူဝင်လာလေမလားဆိုသည့်အတွေးနှင့် သူမ ရင်ထဲ တထိတ်ထိတ်ဖြစ်သွားပါသေး၏။ ထို့အပြင် ထိုတံခါးကိုလည်း သူမ ငေးကြည့်မိနေပါသေး၏။ သူမ လှည့်ကြည့်ရင်းကြည့်ရင်း လည်ပင်ညောင်းလှနေပြီ။ သူကတော့ သင်တန်းပြီးသွားသည်အထိ ပေါ်မလာချေ။

သူ သင်တန်းမတက်သည့်နေ့မှာပင် သူမအတွက် ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ရမည့် မေးခွန်းများ ဖြစ်ပေါ်လာရပါသည်။ မာန်ဝင့်မာန်သည် သင်တန်းကို စိတ်ဝင်စားသောကြောင့် သင်တန်းတက်နေသည်လား? သူ့ကိုတွေ့ချင်သောကြောင့် သင်တန်းတက်နေသည်လား?



www.burmeseclassic.com

www.burmeseclassic.com

ယနေ့သေချာသည်ကတော့ သူမ စာထဲတွင် လုံးဝ စိတ်မဝင်စားပါ။

ထို့ပြင် ယနေ့ သူ့ကို အဘယ့်ကြောင့် သူမ မျှော်နေမိပါသနည်း။ သူ့ကိုတွေ့ချင်နေသည့်စိတ်ကိုလည်း သူမချုပ်တည်းနိုင်ပါ။

သင်တန်းချိန်ပြီးသောအခါတွင်လည်း အရင်နေ့များလို တစ်ယောက်တည်း ကားပတ်ပြီး မမောင်းဖြစ်တော့ဘဲ အိမ်သို့သာ တန်းပြန်ခဲ့မိတော့၏။

ထိုနေ့ညက သူမ အပြင်လည်း မထွက်ဖြစ်တော့။

ဒေါ်စေမာန်အဖို့တော့ သူမ အပြင်ပြန်မထွက်သည့်အတွက် အတော်ပင် ကျေနပ်နေမိပါတော့သည်။ ထိုသို့နောက်နေ့တွေ အပြင်သို့ မထွက်ဖြစ်အောင်လည်း ဒေါ်စေမာန်တစ်ယောက် ဆုတောင်းမိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းစွာပင် မနက်မိုးလင်းသည်နှင့် သင်တန်းချိန်မြန်မြန်ရောက်ရန် သူမ ဆုတောင်းနေမိပါသည်။ သင်တန်းချိန်ရောက်ရန် အချိန်အများကြီးလိုသေးသော်လည်း သင်တန်းသွားဖို့ သူမ ပြင်ဆင်ပြီးနေပြီဖြစ်သည်။ သူမ တက်ကြွနေသည်ကို တွေ့ရသော ဒေါ်စေမာန်လည်း ကျေနပ်နေမိပါသည်။

အချိန်များကို အမြန်ကုန်ရန် သူမ ဆုတောင်းနေမိပါသည်။ သူနှင့်တွေ့ဖူးသည်မှာ အချိန်ခဏလေးပင်ဖြစ်သော်လည်း သူ့ကို သူမ စကားတစ်လုံးလောက်ဖြစ်ဖြစ် ပြောဖြစ်အောင် ပြောလိုက်မည်ဟုလည်း စဉ်းစားထားလိုက်ပါသေးသည်။

သင်တန်းသို့သွားရန် မာမာ့ထံသို့ သူမ ဖုန်းဆက်လိုက်မိပါသည်။

"မာမာ . . ."

"ပြော . . . မိမာန်"

မာမာ့အသံသည် ဖုန်းထဲတွင်ပင် ပျော့နေလေသည်။

"နင် နေကောင်းပြီလား?"

"မကောင်းသေးဘူးဟ။ နင်ကလည်း နေနိုင်လိုက်တာနော်။ သူငယ်ချင်းတစ်ယောက်လုံး နေမကောင်းဖြစ်နေတာတောင်မှ အိမ်ကိုလာမဖော်မရဘူး။ မနေ့က ငါမပါပါနဲ့ နင်တစ်ယောက်တည်း သပြော်ကဲနေတယ်မဟုတ်လား။ မိန်းမ ငါ့ကိုတောင် သတိရမယ် မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

မာမာက လူကသာ မမာတယ်။ ကဲသည့်ကိစ္စကိုတော့ လက်မလျှော့ချင်သေးချေ။

"ငါ မနေ့က ဘယ်မှမသွားဖြစ်ဘူး မာမာ။ သင်တန်းပြီးတာနဲ့ အိမ်ကိုတန်းပြန်တာ"

"တကယ်လား"

"အင်း"

"မနေ့က သင်တန်းမှာ ဘာထူးသေးလဲ မိမာန်"

တကယ်တော့ မနေ့က သင်တန်းတွင် ဘာဆိုဘာမျှ မထူးချေ။

"မနေ့က သီတာသ သင်တန်းမတက်ဘူး မာမာ"

ဆွေးဆွေးလေးပြောလိုက်သော သူမစကားက မာမာ့ကို အံ့သြမှုဖြစ်ပေါ်စေသည်။

"သူ သင်တန်းကိုမလာတာပဲ မိမာန်ရယ်။ ဘာများထူးခြားလို့လဲ? ဘာလဲ သူသင်တန်းကိုမလာတဲ့ကိစ္စက နင့်အတွက် ထူးခြားလို့လား?"

အဖြေကတော့ရှိနေ၏။ သို့သော် အမှန်တိုင်း ဖြေလိုက်ရန် မရဲဝံ့ပါ။

"မထူးခြားပါဘူး . . . မာမာရယ်။ ဒါပေမဲ့ သူ့လို စာကြမ်းပိုးက သင်တန်းပျက်တယ်ဆိုတော့ နင့်အတွက် ထူးခြားမလားလို့ပါ။ နောက်ပြီး နင်လည်း သင်တန်းပျက်တယ်လေ။ အဲဒါကြောင့်ပါ"

မည်သို့မျှ မဆိုင်သည့်ကိစ္စနှစ်ခုကို သူမဆွဲညှိလိုက်ခြင်းပါ။ မာမာ့ထံမှ မည်သည့်စကားသံမျှ မကြားရတော့ချေ။

"မာမာ . . . ဒီနေ့ သင်တန်းတက်မှာလား?"

"မတက်ဘူး နေလို့ သိပ်မကောင်းသေးဘူးလေ"

"ဪ . . . "

"မိမာန်"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com

"နင် ပုံမှန်ပဲလား?"

"ဘာကိုလဲ"

"နင်ပုံမှန်ပဲဆိုရင် ကောင်းပါတယ်"

မာမာ ဘာကိုဆိုလိုမှန်း သူမသိပါသည်။ သို့သော် မသိချင်ဟန်ဆောင် လိုက်မိပြန်၏။

"သူ့ပုံစံက အေးတယ်၊ ပြတ်တယ်၊ တည်ငြိမ်တယ် . . . မိမာန်။ ငါတို့နဲ့ ဘယ်လိုမှ လိုက်ဖက်မှာမဟုတ်ဘူး။ တော်ကြာ သူ့ကို နင့်ပုံလဲသွားမှအခက်"

"ငါမလဲသေးပါဘူး မာမာ"

"မလဲသေးဘူးဆိုတော့"

"ဘယ်တော့မှလည်း လဲမှာမဟုတ်ဘူး"

"အဲ့ဒီအတိုင်းပဲ ဖြစ်ပါစေ။ နောက်ပြီး သူက အရင်ကတည်းက ငါတို့ကို အထင်သေးနေတာ"

"သူက အဲ့လိုပဲ နေတတ်လို့ဖြစ်မှာပါ"

"နင် သူ့ဘက်က ကာပြီးပြောနေတယ်ဆိုတာ သတိထားမိလား မိမာန်"

"ဖြစ်နေတာကိုပြောတာပါ မာမာရယ်။ သူ့ဘက်က ကာပြောတာ မဟုတ်ပါဘူး"

"ငါက နင် အထိနာမှာစိုးလို့ပါ"

"အေးပါ . . . "

"ဒီနေ့ သင်တန်းတက်မယ်ပေါ့"

သူ့ကို တွေ့ချင်နေသည့် စိတ်များကို သူမ မချုပ်တည်းနိုင်ပါ။ ထို့ကြောင့် ယနေ့သင်တန်းသို့ သူမသွားဖြစ်အောင် သွားမည်ပင်။

"ငါတက်ဖြစ်လိမ့်မယ်"

"နင်တစ်ယောက်တည်းပေါ့"

"နင်က နေမှမကောင်းတာ"



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ကို သတင်းလာမမေးတော့ဘူးလား?"

"သင်တန်းက ပြန်ရင် ဝင်ခဲ့မယ်လေ"

"သင်တန်းဖျက်ပြီး လာခဲ့ပါလား?"

"မာမာကလဲ"

သူ့ကို မတွေ့ရတော့မည်ကို သူမ စိုးရိမ်သွားမိပါ၏။ ပြန်ဖြေရန် အဖြေမရှိသည့်တွက် မာမာ့ကိုသာ သူမလှန့်လိုက်မိပါသည်။

"နင်လည်းမတက်၊ ငါလည်းမတက်ရင် စာတွေလွတ်ကုန်မှာပေါ့။ နောက်နေ့ပြန်ကူးဖို့ကလည်း သင်တန်းမှာ ငါတို့အသိမှမရှိပဲ"

"အေး . . . ဒါဆိုလည်း သင်တန်းပြီးမှ ဝင်ခဲ့တော့နော်"

"အင်း . . . "

သူမ ရင်ထဲမှ လှိုက်လှဲစွာ ကျေးဇူးတင်မိသွားပါသည်။ သူမ သင်တန်းကို ဖျက်လိုက်ရမည်ကို လွန်စွာ ကြောက်ရွံ့နေမိပါသည်။

"ကဲ . . .ဒါဆို ဖုန်းချလိုက်တော့ မိမာန်။ နင် သင်တန်းသွားရဦးမယ် မဟုတ်လား?"

"အေး . . . သင်တန်းပြီးတာနဲ့ ငါဝင်ခဲ့မယ်နော်"

"အေးပါ"

သူမက ဖုန်းချလိုက်ပြီးသည်နှင့် သင်တန်းသို့ ထွက်လာခဲ့ပါတော့သည်။ သူမအတွက် ဘာဆိုဘာမှ မထူးခြားလှသည့် သင်တန်းကိုသွားသည့် လမ်းတစ်လျှောက်တွင် သူမ သိသာစွာ ပျော်ရွှင်နေမိပါသည်။

သင်တန်းတွင် သူမ သူ့ကို မျှော်နေမိပါတော့သည်။

သူမ မျှော်နေစဉ်မှာပင် သီတာသသ သင်တန်းထဲသို့ ဝင်လာပါ၏။ မော်ကြွားလှသည့် သီတာသသတခြေလှမ်းများကို သူမ ငေးကြည့်နေခိုက် ထိုခြေလှမ်းများသည် သူမ အတန်းရှေ့တွင် ရပ်သွားလေ၏။ သူ့ သူ့ မျက်နှာကိုမော့လိုက်သောအခါတွင်တော့ သူသည် သူမကို သေချာစွာ စိုက်လို့ကြည့်နေပါတော့သည်။

"ဘာကြည့်နေတာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

စိုက်ကြည့်ရင်း မေးလိုက်သော သူ့မေးခွန်းကြောင့် သူမ အံ့ဩသွားရပါသည်။ ဟယ် . . . သူ . . . သူမကို စကားစ,ပြောလိုက်သည်ပဲ။

"ဟို . . . ဟိုလေ . . . "

သူ့အကြည့်နှင့်အသံကို တစ်ပြိုင်တည်း မမျှော်လင့်စွာ ရင်ဆိုင်လိုက်ရသောကြောင့် တစ်ခါဖူးမျှ မခုန်ဖူးသော ရင်ခုန်သံများ အသက်ဝင်လှုပ်ရှားလာသည့်တစ်ခဏ သူမ စကားများပင် ထစ်ငေါ့သွားရပါတော့သည်။

"မနေ့က မင်းသင်တန်းကိုလာလား?"

"အင်း . . . "

"မနေ့က သင်ခန်းစာတွေ မင်းလိုက်ကူးလိုက်သေးလား?"

"အင်း . . . "

"မင်းစာအုပ်ထဲမှာ မနေ့က စာတွေရှိနေတယ်ပေါ့"

သူ့စကားလုံးများသည် လွန်စွာ တည်ကြည်၊ ပြတ်သားလွန်းလှပါ၏။ မထင်မှတ်စွာ သူမကို စကားလာပြောသည့် သူ့ကို သူမ ကျေးဇူးတင်မိပါသည်။

"ရှိနေပါတယ်"

"ဒါဆို ငါ့ကို အဲဒီစာတွေ မကူးပေးချင်ဘူးလား"

စာကူးခိုင်းသော သူ့စကားက အနည်းငယ်တော့ တင်းစီးနေပါ၏။ သို့သော် သူ့ကို သူမ စာကူးပေးချင်နေမပါသည်။ တင်းစီးနေသော သူ့စကားကို သူမ ပြန်မငြင်းချင်ပါ။ ညို့ငင်သလိုဖြစ်နေသည့် သူ့အကြည့်ကြောင့်ပဲ သူမ မငြင်းနိုင်ဖြစ်နေရပြီလား။

"ကူးပေးချင်ပါတယ်"

"မင်းက ကူးပေးချင်တာနော်"

သူ့ကို စိုက်ကြည့်ရင်းက သူမ၏ခေါင်းက အလိုလိုပင် ညိတ်မိသွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို မနေ့က သင်လိုက်တဲ့ သင်ခန်းစာတွေကို ဒီစာအုပ်ထဲမှာ ကူးခဲ့ပေး။ ဟုတ်ပြီလား?"

သူက သူလွယ်ထားသည့်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ကာ သူမကို လှမ်းပေးပါသည်။ သူမ ထိုစာအုပ်ကို လှမ်းယူလိုက်မိ၏။

"ဘယ်တော့ပြီးမလဲ?"

"ရှင် ဘယ်တော့လိုချင်လဲ?"

"ဖြစ်နိုင်ရင် အခုချက်ချင်း လိုချင်တာ။ အဲ့ဒီအထဲမှာရေးထားတဲ့ တခြားစာတွေကို ငါကျက်ရဦးမယ်လေ"

"အခုချက်ချင်း"

သူမ ကြောင်အမ်းအမ်းလေးဖြစ်မိသွား၏။

"အခုချက်ချင်း မင်း မကူးနိုင်ပါဘူး။ ငါသိတယ်။ မနက်ဖြန် မနက် ပိုင်းလောက် ဒီစာအုပ်ကို ငါပြန်လိုချင်တယ်။ မင်းဘယ်လိုလုပ် ပေးနိုင်မလဲ?"

စူးရဲသော အကြည့်တစ်ချက်နှင့်အတူ မျက်ခုံးကို ဟန်ပါပါပင့်ရင်း မေးလိုက်သည့် သူ့မေးခွန်းက သူမအတွက်တော့ အမိန့်တစ်ခုနှယ်။

"ဘယ်လိုလုပ်ပေးရမလဲ?"

"မင်းစာကူးလို့ပြီးသွားတာနဲ့ ငါ့ကိုဖုန်းဆက်လိုက်။ ဖုန်းနံပါတ်ရေး ပေးမယ်။ ပြီးရင် ငါမင်းကို ကော်ဖီဆိုင်တစ်ဆိုင်ကိုချိန်းလိုက်မယ် လေ။ အဲဒီတော့ ငါ့ကို စာအုပ်လာပေးပေါ့"

သူက စဉ်းစားသလို မေးစေ့ကို လက်ညှိုးလေးထောက်ရင်းပြော၏။

"ကျွန်မအိမ်ကို လာယူပါလား?"

"ငါ သူများအိမ် မလည်တတ်ဘူး"

သူ့ဖြေသံက မာကျောကာ အခံရခက်သော်လည်း ထူးခြားစွာ သူမ စိတ်မဆိုးမိချေ။ သူ့မျက်ဝန်းနက်များက သူမကို ငြင်းမငြင်းနိုင်အောင် ရန် စည်းရုံးလိုက်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ? ငါတို့ပြောသလို မင်းလုပ်နိုင်ပါတယ်နော်။ မလုပ်နိုင်ဘူးဆိုရင်လည်း ပြောနော်။ နောက်တစ်ယောက်ကို ကူးခိုင်းလိုက်မယ်။ ငါခိုင်းလို့ရမယ့်သူတွေ ဒီသင်တန်းမှာ အပြည့်ပဲ"

သူမကို စာကူးခိုင်းခြင်းသည် အကူညီတောင်းခြင်းမဟုတ်။ ခိုင်းလိုက်ခြင်းသက်သက်သာ သူက ခေါင်းစဉ်တပ်ထားသောကြောင့် သူမ မကောင်းဖြစ်မိပါ၏။ သို့သော် သူ့စာအုပ်ထဲတွင် သူမ လက်ရေး ရှိနေစေချင်သောကြောင့် သူမ အခြားအရာများကို သတိမမူနိုင်တော့

"ကျွန်မ ကူးပေးပါ့မယ်။ နောက်ပြီး စာကူးလို့ပြီးရင်လည်း ရှင့်ကို ဖုန်းဆက်လိုက်ပါ့မယ်"

"ဒါဆို ဖုန်းနံပါတ်လိုက်ရေး"

သူ့ဖုန်းနံပါတ်ကို လိုက်မှတ်နိုင်ရန် သူမ၏ဖုန်းလေးကို သူမ အဆင်သင့်ပြင်လိုက်ပါသည်။

"ပြော . . . "

"၀၉ ၅၁ . . . ကဲ . . . ရလား"

"အင်း"

သူသည် ဖုန်းနံပါတ်ပြောပြီးသည်နှင့် ချက်ချင်းပင် သူမခုံအနားမှ ထသွားလေသည်။ သူမကို နှုတ်ဆက်ခြင်းလည်း မပြုချေ။ သူ့ကျောပြင်ကို သူမ ငေးကြည့်နေမိပါသည်။ သူသည် သူမကို အပေါ်ဆီးမှ ဆက်ဆံသော်လည်း သူနှင့် စကားပြောလိုက်ရသည့်အတွက် သူမ ပျော်ရသည်ကတော့ အမှန်ပင်။

သင်တန်းအပြီး အိမ်သို့ရောက်သည်နှင့် ရေချိုးပြီးသော် သူ့စာကို ချက်ချင်းပင် ပြီးအောင်ကူးလိုက်ပါသည်။ စာကူးပြီးသောကြောင့် သူ့ထံ နက်ဖြန်စာစောစောမှာပင် ဖုန်းဆက်ရန် သူမ စီစဉ်ထားမိပါ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

သူမ နံနက်အိပ်ရာနိုးသော် ကိုးနာရီထိုးနေပေပြီ။ အခုအချိန်တွ
ဒေါ်စေမာန်တစ်ယောက် ဆိုင်သွားပြီဖြစ်ကြောင်း သူမ သိလိုက်ပါသည်
အိပ်ရာမှထကာ မျက်နှာသစ်၊ နံနက်မုန့်စားပြီးသည်နှင့် သူ့ထံသို့ ဖု
ဆက်လိုက်ပါတော့၏။

"ဟဲလို . . . ဘယ်သူလဲ?"

တစ်ဖက်မှ သူ့အသံကို သူမကြားလိုက်ရသည်နှင့် ပျော်ရွှင်သွာ
ပါ၏။

"ကျွန်မပါ။ စာကူးပြီးပြီ"

"ဪ . . . "

"ကျွန်မ ဘယ်ကိုလာပို့ပေးရမလဲ?"

"နောက်ထပ် ဆယ့်ငါးမိနစ်လောက်မှ ဖုန်းထပ်ဆက်လိုက်ပါလ
အခု ငါမအားသေးဘူး"

ကူညီသည့်သူကို သူ့ဆက်ဆံပုံက အပေါ်စီးက။ သို့သော် သ
သည်းခံနေမိ၏။

သူပြောသည့်အတိုင်း ဆယ့်ငါးမိနစ်လောက်ကြာမှ သူမ ဖုန်း
ဆက်လိုက်ပါသည်။

"အခု အားပြီလား"

"မင်း ဆူးလေက Parisian ကို သိလား?"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . "

"အဲဒီကို နောက်ထပ် မိနစ်နှစ်ဆယ်အတွင်း ရောက်အောင်လာခဲ့။ ဟုတ်ပြီလား? နောက်ပြီး ငါ့ကို ဖုန်းထပ်မဆက်နဲ့တော့"

သူ ပြောပြီးသည်နှင့် ဖုန်းထပ်ချသွားပြန်သည်။ သူမ နားမလည်စွာ ဖုန်းလေးကို ကြည့်နေမိပါ၏။ သူတင်စီးလွန်းသည်ကို သိသော်ငြား သူပြောသည့်အတိုင်းပင် ထိုကော်ဖီဆိုင်လေးဆီသို့ သူမ ချက်ချင်း ထွက်ခဲ့မိပါတော့သည်။

Parisian တွင် ကော်ဖီသောက်ရင်း သူ့ကို စောင့်နေမိပါ၏။

သူ မည်သို့သော စကားလုံးများပင် သုံးစေကာမူ နံနက်ပိုင်းတွင် သူ့ကို တွေ့ရမည်ဆိုသည့် အသိကြောင့်ပင် သူမ အတော်ကျေနပ်နေပြီ ဖြစ်၏။

"အစ်မ . . . အစ်မက မာန်ဝင့်မာန် ဟုတ်ပါတယ်နော်"

သူမဘေးနားတွင် လူတစ်ယောက်ရောက်လာပြီး မေး၏။

"ဟုတ်ပါတယ် . . . ကျွန်မ မာန်ဝင့်မာန်ပါ"

"ကျွန်တော့်ကို အစ်ကိုသီတဿ လွှတ်လိုက်တာပါ။ အစ်မဆီက သူ့စာအုပ်ကို ပြန်ယူခဲ့တဲ့။ အစ်မ သူ့ကို စာအုပ်ပေးဖို့ ဒီမှာထိုင်စောင့်နေတာတဲ့။ ဟုတ်တယ်နော်"

သူမ မျှော်လင့်ထားသော သီတဿကို မတွေ့ရသည့်အတွက် သူမ စိတ်ထဲတွင် မှောဟိုက်မှုလေးတစ်ခု ဖြစ်ပေါ်ရပြန်ပါသည်။

"ဟုတ်ပါတယ်။ သူ့စာအုပ် ဒီမှာပါ"

သူမ သူ့စာအုပ်လေးကို ထုတ်ပေးလိုက်ပါသည်။ ထိုလူက သူ့စာအုပ်ကိုယူကာ သူလွယ်လာသော လွယ်အိတ်ထဲသို့ ထည့်လိုက်ပါသည်။

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

ထိုလူ နှုတ်ဆက်ပြီးသည်နှင့် လှည့်ထွက်သွားလေသည်။ သူမ ငေးငေးကြီး ကျန်ရစ်ခဲ့ပါသည်။ သူသည် သူမကို မည်သည့်အမှာစကား လည်း မမှာလိုက်ပေ။ အပင်ပန်းခံကာ စာကူးပေးသည့် သူမကို သူ

www.burmeseclassic.com

www.burmeseclassic.com

ပြန်ပေးလိုက်သည်က တခြားလူတစ်ယောက်နှင့် စာအုပ်ကို ပြန်ယူခိုင်းလိုက်သည်ပဲလား?

"ဒီမှာ . . . "

ထိန်းထားသည့်ကြားကပင် လှည့်ပြန်သွားသော ထိုလူကို သူမ ခေါ်လိုက်မိ၏။

"သူ . . . သူ ကျွန်မကို ဘာမှ မမှာလိုက်ဘူးလား?"

"ဘာမှမမှာလိုက်ပါဘူး။ စာအုပ်ယူဖို့ပဲ မှာလိုက်ပါတယ်"

ထိုစကားကြောင့် ရင်ထဲ လေးသွား၏။ မကျေနပ်မှုလည်း ဖြစ်သွား၏။ ကြိုးစားပြီး စာကူးပေးသော သူမ သူ့ကိုပင် ခဏလေးတောင် မတွေ့ရသည့်အဖြစ်။

"အေးလေ . . . ရှင့်ကိုမှ မမှာလိုက်ပဲ။ ကျွန်မ ဘာဆက်ပြောရဦးမှာလဲ?"

ကော်ဖီသောက်ချင်စိတ်လည်း မရှိတော့။ ထို့ကြောင့် အိမ်ကို ပြန်ခဲ့လိုက်ပါတော့သည်။

သူမ သင်တန်းသို့ စောစီးစွာ ထွက်ဖြစ်ခဲ့ပါသေးသည်။

သင်တန်းသို့ရောက်သော် မာမာ့ကို သူမတွေ့လိုက်ရပါသည်။ မာမာက သင်တန်းအတန်းဝတွင် ထိုင်နေရင်း သူမကိုတွေ့သော် လက်ထောင်ပြ၏။ သူမ မာမာ့အနားသို့ ဆက်လျှောက်လှမ်းခဲ့ပါသည်။ သူမခြေလှမ်းများသည် အရင်နေ့တွေကလို မသွက်လက်ချေ။

လေးလံနေ၏။ သူရိုက်ချိုးလိုက်သည့် စိတ်အပိုင်းအစကြီးနှင့် သူမ သင်တန်းသို့ ရောက်လာခြင်းပင်။ သူ့ကိုတွေ့ချင်နေသော်လည်း သူ့ကိုလည်း သူမမျက်နှာချင်း မဆိုင်ချင်ပြန်။ သူ့ကို သူမ စိတ်နာပစ်ချင်နေမိပါ၏။ သို့သော် သူမ သူ့ကို တွေ့ချင်နေမိသေးသည်။

"နင့်ခြေလှမ်းတွေကလည်း ယိုင်နေလိုက်တာ။ ဘိုင်းခနဲ လဲသွားဦးမယ်နော် မိမာန်။ သတိလည်းထားဦး"

"မနေ့က ငါအိပ်ရေးနည်းနည်းပျက်လို့ပါ မာမာရာ။ ကဲ . . . နင်ရော ဘယ်လိုလဲ သက်သာလား?"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . မာပါ။ နင်ရော"

"မမာ့တမာပဲ။ ကဲ . . . အတန်းထဲ ဝင်ကြစို့"

"အခုတော့ အတန်းထဲဝင်မယ် မီမာန်။ ဒီနေ့ညကျရင်တော့ နှစ်ရက်လောက် အိမ်တွင်းပုန်းနေရတဲ့ ငါတို့စိတ်ကို လွှတ်ပေးလိုက်ကြမယ်နော်"

ညဖက်အပြင်ထွက်ရန်ပြောနေသော မာမာ့ကို သူမ ပြုံးပြုံးရောခေါင်းညိတ်ရင်း အတန်းထဲသို့ ဝင်ခဲ့လိုက်ပါတော့သည်။

အတန်းထဲတွင် သီတာသာက ရောက်နှင့်နေ၏။ သူမကို နည်းနည်းလေးမျှ သတိမထား။

သူမကတော့ မနေနိုင်စွာ သူ့ကို လှမ်းကာလှမ်းကာ ကြည့်နေမိပါတော့သည်။ အနေစိမ့်လှသော သူ့ကိုကြည့်ရင်း သူမ သက်ပြင်းလည်းခါခါ ချနေမိသေးသည်။

"မီမာန် . . . သတိလည်းထားဦးနော်။ ဒီသင်တန်းအဆောင်ကြီး ပြိုသွားဦးမယ်"

"ဘာဖြစ်လို့လဲ မာမာ"

"နင့် သက်ပြင်းချသံကြောင့်လေ။ တစ်ခါပြီးတစ်ခါချနေတော့ ဒီအဆောင်ကြီးပြိုသွားမှဖြင့် ငါတို့ NGO မှာ အကူအညီတောင်းနေရဦးမယ်"

မာမာက နှုတ်သီးခေါင်းလျှာပါးနှင့် သူမကို ရွဲ့ပြီးပြောနေ၏။

စာထဲတွင် သူမ သိပ်စိတ်မပါလှပါ။ သင်တန်းပြီးသည်နှင့် သူမနှင့် မာမာ အတန်းပြင်သို့ ထွက်ခဲ့လိုက်ပါတော့သည်။

အတန်းအပြင်တွင် သီတာသာက သူ့ကို စောင့်ကြည့်နေပြီး လက်ခပ်လှမ်းခေါ်လေသည်။

"မီမာန် . . . ဟို ဘဝင်ရူးက နင့်ကို လက်ယပ်ပြီး ခေါ်နေတာ မဟုတ်လား?"

မာမာက သူ့ကိုတွေ့သည်နှင့် မကျေမနပ်နှင့်ပြော၏။ သူမ သူ့ထံသို့ သွားလိုက်ချင်သော်လည်း မာမာက ကျေနပ်ပုံမပေါ်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . ငါ့ကိုခေါ်နေတာ မာမာ?"

"ရာရာစစ . . . နင်မသွားဘူးမဟုတ်လား?"

မာမာ ဒေါသထွက်ပြီး သူမကို ကျိတ်ကာ ပြော၏။ သူနှင့်စကားပြောချင်နေသော သူမက သူ့ကို ကျောခိုင်းမသွားနိုင်ပြန်။

"ငါသွားရလိမ့်မယ် မာမာ"

"နင်နဲ့ သူက ဘာကိစ္စရှိလို့ သူခေါ်တိုင်း နင်ကသွားရမှာလဲ"

"မနေ့က သူ့ကို ငါစာကူးပေးထားတယ် မာမာ။ အဲဒါ ဘာမှား လို့လဲမသိဘူး။ သွားလိုက်မယ်နော်"

"နင်က သူ့ကို စာကူးပေးတာပဲ။ တကယ်လို့ မှားတယ်ဆိုရင်လည်း သူက လာပြီးပြောပေါ့။ အခုတော့ သူက ပိုင်စိုးပိုင်နင်းနဲ့ နင့်ကို ခေါ်နေတယ်"

"သူက ဒီလိုပဲ . . . မာမာရဲ့။ ခဏစောင့်နော်"

မာမာ့ကို သူမ ဆက်ဖြေရှင်းမနေတော့ပဲ သူရပ်နေရာနေရာသို့သာ လှမ်းသွားလိုက်မိ၏။ သူ့မျက်နှာတွင် မကျေနပ်သည့် အရိပ်အယောင်များ ထင်ဟပ်နေ၏။

"ဘာကိစ္စရှိလို့လဲ"

သူ့အနားရောက်သည်နှင့် သူမမေးလိုက်ပါသည်။ ထိုအခါ သူက မျက်မှောင်ကြုတ်လျက် . . .

"ကိစ္စရှိရအောင် မင်းနဲ့ ငါက ဘယ်တုန်းက ပတ်သက်ထားလို့ လဲ? ဘာပတ်သက်မှုရှိလို့လဲ?"

ပြင်းထန်လှသည့် စကားများနှင့်အတူ သူ့မျက်ဝန်းများက မီးလျှံများကဲ့သို့ စူးရှတောက်လောင်နေပြီး အရှိန်ပြင်းပြင်းနှင့် သူမကို စိုက်ကြည့်နေ၏။ သူ ဒေါသထွက်နေကြောင်း သူမ ကောင်းကောင်းသိနေမိပါ၏။

"ကျွန်မတို့ ပတ်သက်မှုမရှိဘူးဆိုတာ သိပါတယ်။ စာကူးပေး ထားတဲ့ကိစ္စကို မေးကြည့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com

ရင့်သီးလှသည့် သူ့မေးခွန်းကို ရက်ရက်နှင့်ဖြေကာ သူမ မျက်လွှာချလိုက်မိပါ၏။ သို့သော် အတန်ကြာသည်အထိ သူ့ထံမှ စကားသံ ပြန်မကြားရ။ ထို့ကြောင့် သူမ ခေါင်းမော့ကာ သူ့ကိုကြည့်လိုက်စဉ် သူ့အကြည့်စူးစူးများနှင့် သူမ ရင်ဆိုင်လိုက်ရပြန်သည်။

"စာကူးပေးတာ ဘာမှားလို့လဲ"

"မှားတယ်။ အားလုံးမှားနေတယ်။ မင်းမှာ မျက်လုံးမပါဘူးလား? စာအုပ်ရဲ့အနောက်ဖက်က စပြီးကူးပေးရမယ်ဆိုတာ မင်းမသိဘူးလား?"

"ရှင်မှ မပြောပဲ"

"မင်းသိရမှာပေါ့။ စာကူးနေတုန်းက မင်းစိတ်တွေက ဘယ်ရောက်နေလဲမှမသိတာ။ ဒါလေးတောင်မသိဘူး"

မီးဟုန်းဟုန်းတောက်နေသည့် အကြည့်နှင့်အတူ သူမကို မကျေနပ်စွာ သူရေရွတ်ပါ၏။ စာကူးပေးသည့်လူကို ကျေးဇူးတင်စကားမပြောဘဲ အပြစ်တင်နေသူက ဘယ်လိုလူစားပါလိမ့်။

"ရှင့်စာအုပ်ကို ကျွန်မက ဘယ်လိုလုပ်သိမှာလဲ"

"မင်းမှာ မျက်လုံးမပါဘူးလား"

"အဲဒါ ကျွန်မ ဘယ်လိုပြန်ပေးရမလဲ"

"ထားလိုက်ပါတော့။ မင်းကိုကူးခိုင်းလိုက်တာကိုက ငါ့အမှား"

သူပြောချင်သည့်စကားဆုံးသည်နှင့် ချာခနဲ သူမအနားမှ လှည့်ထွက်သွားသောကြောင့် သူမတစ်ယောက်တည်း ငေါင်စင်းစင်း ကျန်ခဲ့ရသည်။ သူမ သူ့ကို ဘယ်လိုမှ နားမလည်နိုင်တော့။ ကျေးဇူးတင်စကား မပြောချင်လည်းဖြစ်၏။ သို့သော် အခု လူကိုအပြစ်တင်စကားပြောသွားသော သူ့ကို သူမ ဘယ်လိုမှ နားမလည်နိုင်တော့။ သူ့ကြောင့် သူမ တကယ်စိတ်ရှုပ်ရပါသည်။

ဘာကြောင့် သူမကို သူ ထိုသို့ တင်စီးစွာ ဆက်ဆံနေပါသနည်း။

"မီမာန် . . . နင်တို့ ဘာဖြစ်နေတာလဲ?"



www.burmeseclassic.com

www.burmeseclassic.com

အနားသို့ရောက်လာသော မာမာ့အမေးကြောင့် သူမ အတွေးတို့ ခဏရပ်သွား၏။

"ဘာမှမဖြစ်ပါဘူး"

သူနှင့်မာမာ့အကြား သူမကြောင့် တင်းမာမှုမဖြစ်စေရန် သူမ မေးခွန်းကို ပြီးစလွယ် ဖြေလိုက်မိပါသည်။

"နင့်ကို သူ မကျေမနပ်ပြောနေတာ ငါတွေ့တယ်နော် . . . မိမာန်။ ငါ့ကိုမလိမ်နဲ့။ နောက်ပြီး ပြောလည်းပြီးရော လှည့်ထွက်သွားလိုက်တာ သူနဲ့မဆိုင်တဲ့ လူတစ်ယောက်ကျနေတာပဲ။ လှမ်းခေါ်တုန်းကလည်း သူပဲ၊ လှည့်ထွက်သွားတော့လည်း သူပဲ။ ဒီလူ့စိတ်က ပုံမှန်မှဟုတ်ရဲ့လား မသိဘူး"

မာမာက သူ့ကျောပြင်ဖက်သို့ ကြည့်ရင်း မကျေမနပ်ဖြစ်နေ၏။

"ထားလိုက်ပါတော့ . . . မာမာရာ။ ဒီလူက Psycho ပါ။ သူနဲ့ဖက်ပြီး စကားပြောမနေပါနဲ့တော့။ ကဲ . . . ငါတို့ ဘယ်ရွှေ့မလဲ ဆိုတာကိုပဲ ပြောတော့"

မာမာ့ မကျေနပ်မှုကို အရှိန်သတ်သွားစေရန် သူမပြောပြီး မာမာနှင့်အတူ သူမ၏ကားလေးထားရာနေရာသို့ ထွက်ခဲ့ပါတော့သည်။ မာမာကတော့ သိပ်ကျေနပ်ပုံ မပေါ်သေးချေ။

မာမာနှင့်အတူ အိမ်ပြန်ပြီးညဘက် ကလပ်သို့ ထွက်လာသည့်တိုင်အောင် သူ့အကြောင်းများ သူမခေါင်းထဲတွင် တဝဲလည်လည်ဖြစ်နေ၏။

သူသည် အချိန်တိုအတွင်းမှာပင် သူမဦးနှောက်၏ စဉ်းစားတတ်သော အပိုင်းတစ်ခုလုံးကို အပိုင်သိမ်းလိုက်နိုင်ပြီဖြစ်တော့သည်။

သူမကို တစ်ခါဖူးမျှ စကားကောင်းကောင်းမပြောခြင်း၊ တင်တင်စီးစီးပြောခြင်း၊ အပြစ်တင်ခြင်း စသည့်အချက်များသည် အခြားယောကျ်ားများနှင့်မတူသော သူ့ထူးခြားချက်များပင် ဖြစ်နေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

Market တွင် သူမနှစ်ခြိုက်သည့် စာအုပ်လေးတစ်အုပ်ဝယ်ပြီး ဆောင်တာတွင် ငွေရှင်းကာ ပြန်ထွက်ခဲ့သော် Market အပြင်တွင် သူမ စိုးစံနှင့် မထင်မှတ်ဘဲ တွေ့လိုက်ရပါသည်။ စိုးစံဆိုသည့်လူသည် သူမ၏ ရည်းစားတစ်ယောက်ပင်။

သူမနှင့် စိုးစံဆက်သွယ်မှု ပြတ်နေသည်မှာ အတော်ပင် ကြာနေပြီ။ သေချာသည်က သူမ စိုးစံနှင့် ဆက်ပြီးမတွဲချင်တော့ပါ။ သို့သော်လည်း ထိုကိစ္စကို သူမ အပြီးမဖြတ်ရသေးချေ။

"မာန် . . . "

ကားသော့ဖွင့်နေသော သူမကို စိုးစံခေါ်လိုက်ပါသည်။ သူမ ယနေ့တော့ စိုးစံကိစ္စကို အပြတ်ဖြတ်မှ ဖြစ်တော့မည်ဟု စဉ်းစားလိုက်မိပါသည်။

"စိုးစံ"

"မတွေ့တာတောင် တော်တော်ကြာပြီနော်"

"အင်း . . . "

"ကိုယ့်ကိုရှောင်နေတာလား မာန်။ တိကျတဲ့ အဖြေတစ်ခုခုကို သိပါရစေလား?"

စိုးစံနှင့်ကိစ္စကို သူမ အပြတ်ရှင်းချင်သော်လည်း စိုးစံကို ကြော်လိုက်ရာ စိုးစံတွင် မည်သည့်ချို့ယွင်းချက်မှ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဒီနားမှာ ဒီလိုကြီး ရပ်ပြီးစကားပြောမယ့်အစား ကိုယ်တို့ Market ထဲက ကော်ဖီဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး စကားပြောကြတာပေါ့ကွာ။ နော်"

စိုးစံက သူမကို ကော်ဖီသောက်ရန် ခေါ်၏။ သူမ မငြင်းတော့ချေ။ သူနှင့်စကားအပြတ်ပြောပြီး ဖြတ်လိုက်ရန်အတွက် စိုးစံပြောသည့် Market ထဲမှ ကော်ဖီဆိုင်သို့ သူမလိုက်သွားမိပါသည်။

ကော်ဖီဆိုင်ထဲသို့ရောက်သည်နှင့် သူမ အလွန်စိတ်ရှုပ်ဖွယ်အဖြစ်နှင့် ရင်ဆိုင်လိုက်ရပါတော့သည်။

ကော်ဖီဆိုင်ထဲတွင် သီတာသာကို မထင်မှတ်စွာ သူမ တွေ့လိုက်ရခြင်းပင်။ ထိုစဉ် စိုးစံက သူမဘေးတွင် ရှိနေဆဲ။

သီတာသာအရှေ့တွင် သူစိမ်းယောကျ်ားလေးတစ်ယောက်နှင့် တွဲရမည်ကို အလွန့်အလွန်စိုးရွံ့သော်လည်း သူမနှင့်စိုးစံကို အတူတွဲလျက် သီတာသာ မြင်သွားပေပြီ။

သီတာသာက မြင်သွားသော်လည်း တစ်ခါဖူးမျှမတွေ့ဖူးသည့် လူတစ်ယောက်ကို တစ်ချက်ကြည့်ပြီး အကြည့်လွှဲသွားသကဲ့သို့ ပြုမူကာ သူ့ကော်ဖီကို စိတ်ပါဝင်စားစွာ ဆက်သောက်နေလေသည်။

သီတာသာ၏ စိမ်းကားစွာ ဆက်ဆံမှုကြောင့် သူမ သက်ပြင်းတစ်ချက်ချရင်း စိုးစံနှင့်ပင် စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်ပါသည်။ ထို့အပြင် သူမနှင့်စိုးစံကို သီတာသာ အထင်လွဲမှာကိုလည်း သူမ စိုးရိမ်နေပါသေးသည်။

"ဘာသောက်မလဲ မာန်"

စိုးစံမေးခွန်းကိုကြားသည်အထိ သူမအကြည့်များက သူ့ထံတွင် ရှိနေဆဲ။

"ဒီဆိုင်က Take-out ဆိုင်လေ။ ကိုယ့်ဘာသာ ယူရတာ။ ကိုယ်သွားယူပေးမယ်"

"ကျွန်မဘာသာယူပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

သူမသောက်မည့် ကော်ဖီကို စိုးစံယူပေးပါမှ သီတာသပိုပြီး အထင်ကြီးမည်ကို အသည်းသန် စိုးရိမ်ရင်း သူမ ငြင်းလိုက်မိပါသည်။

"နေပါစေ . . . မာန်ရယ်။ ကိုယ်ယူပေးပါ့မယ်။ မာန်က အခု ထက်ထိ Cappuccino သောက်တုန်းပဲ မဟုတ်လား။ ခဏစောင့် နော်"

သူမ တားချိန်ပင်မရလိုက်။ စိုးစံက Coffee-bar သို့ ထသွားလေပြီ။ သူ့ကိုလှမ်းကြည့်လိုက်သော် သူက ကော်ဖီသောက်ရင်း စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီး ဖတ်နေလေသည်။ သူမကို တစ်ချက်လေးမျှ လှမ်းမကြည့်ချေ။ ခဏကြာသော် စိုးစံက သူမအတွက် ကော်ဖီကိုယူပြီး စားပွဲသို့ ပြန်လာလေသည်။

"မာန် . . . ကော်ဖီ"

သူမ ကော်ဖီကို စသောက်လိုက်ချိန်မှာပင် သီတာသ ကော်ဖီဆိုင်ထဲမှ ထွက်သွားလေတော့သည်။ ထွက်သွားသော သူ့ကျောပြင်ကိုကြည့်ရင်း သူမကို သူအထင်သေးသွားမည်ကို လွန်စွာစိုးရိမ်ရင်း သက်ပြင်းချမိတ်မိပါသည်။

"အသိလား . . . မာန်"

သူမ ငေးကြည့်နေရာသို့ စိုးစံလိုက်ကြည့်ပြီးမေး၏။

"မဟုတ်ပါဘူး"

"မာန်က ဒီလောက်ငေးကြည့်နေတော့ အသိမှတ်လို့"

"မဟုတ်ပါဘူး"

သီတာသ၏ အသိတစ်ယောက်ဖြစ်ခွင့်ပင် သူမ မရချေ။ လိုလျှင် ခေါ်မည်။ မလိုလျှင် လှည့်ပင်မကြည့်တတ်သော ထိုယောကျ်ားကို သူမလည်း နားမလည်တော့။

စိုးစံကို ဖြတ်ရန်ခက်ခဲနေသော သူမသည် သူ့အရှေ့တွင် နေ့ခင်းပြီး သိမ်ငယ်ရမည်ကို စိုးရိမ်ရင်းနှင့် စိုးစံကို အကြောင်းမဲ့ပြတ်ပစ်လိုက်ရန် သတ္တိရှိသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"စိုးစံ"

"ပြောလေ"

"ကျွန်မ စိုးစံနဲ့ ဆက်ပြီး မတွဲချင်တော့ဘူး။ ကျွန်မတို့ သူငယ်ချင်းလိုပဲ ဆက်ပြီးဆက်ဆံကြတာပေါ့နော်။ ဒါမှမဟုတ်လည်း ကျွန်မကို စိုးစံ မခေါ်ပါနဲ့တော့"

အစမရှိ၊ အဆုံးမရှိ သူမဘက်မှ ငြင်းလိုက်သော စကားကို စိုးစံ ချက်ချင်း လက်မခံနိုင်ချေ။

"မာန် . . . ကိုယ်တို့က ရည်းစားတွေလေ။ ရည်စားဆိုတာက တစ်ယောက်ယောက်မှာ ချို့ယွင်းချက်ရှိမှ ဖြတ်ဖို့သင့်တော်တာ မဟုတ်ဘူးလား? အခု မာန်က ဖြတ်တယ်ဆိုတော့ ကိုယ့်မှာ ဘာချို့ယွင်းချက်ရှိလို့လဲ? မာန်မကြိုက်တဲ့ အလုပ်တစ်ခုခုကို ကိုယ်လုပ်လိုက်မိလို့လား?"

စိုးစံပြောသည်မှာ မှန်ကန်နေ၏။ သူမဘက်ကသာ လွန်နေခြင်းပင်။ တကယ်တော့ အကြောင်းမဲ့ စိုးစံနှင့်သူမ ဖြတ်ချင်နေခြင်းပင်။

"ကျွန်မ ဒီစကားပြောရတဲ့အတွက် စိတ်မကောင်းပါဘူး . . . စိုးစံ၊ ကျွန်မ စိုးစံကို ဘယ်တုန်းကမှ မချစ်ခဲ့ဖူးပါဘူး။ ကိုယ့်ကိုမချစ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ အချိန်ကုန်မခံချင်ပါနဲ့လား စိုးစံ၊ နောက်ပြီး ရှင်က ယောကျ်ားကောင်းတစ်ယောက်ပါ။ ရှင့်လို ယောကျ်ားကောင်းတစ်ယောက်အတွက် မိန်းမကောင်းတစ်ယောက် ရဖို့ဆိုတာ မခဲယဥ်းပါဘူး"

"ဒါဆို ကိုယ့်ကို ဘာလို့ မာန်က ရည်စားအဖြစ် လက်ခံခဲ့တာလဲ"

"အဲဒီတုန်းက မာန်သိပ်ညစ်နေလို့ပါ။ စိတ်ထွက်ပေါက်တစ်ခု ရှာလိုရငြား စိုးစံနဲ့ ပတ်သက်လိုက်မိတာပါ။ အခုတော့ ကျွန်မကိုယ် ကျွန်မ ပြန်ထိန်းနေပါပြီ။ စိတ်ညစ်နေရုံနဲ့ ပြီးသွားတာမှ မဟုတ်ဘူး ဆိုတာ ကျွန်မသိလိုက်ရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါနဲ့ပဲ မာန်က ကိုယ့်ကိုဖြတ်တယ်ဆိုရင် မာန်တရားလား?"

"မတရားပါဘူး။ မာန်တောင်းပါတယ်"

"ထားလိုက်ပါတော့။ ဒါပေမဲ့ မာန့်ကို သတိတစ်ခုတော့ ပေးခဲ့ပါရစေ။ နောက်တစ်ခါ ဘယ်တော့မှ ယောကျ်ားလေးတစ်ယောက်နဲ့ မကစားမိပါစေနဲ့။ ကစားခံရတဲ့ ယောကျ်ားလေးလည်း အထိနာသလို အဲဒီယောကျ်ားလေးရဲ့ နှလုံးသားကကျိန်တဲ့ ကျိန်စာမိနိုင်လို့ပါ"

စိုးစံသည် သူ့ကော်ဖီခွက်ထဲမှ ကော်ဖီများကို မော့သောက်ပြီး ခွက်ကို ပြန်ချလိုက်ပါသည်။

"ကိုယ် သွားတော့မယ်။ နောက်တစ်ခါ မာန့်လိုမိန်းမတစ်ယောက်နဲ့ မဆုံဆည်းရပါစေနဲ့လို့လည်း ဆုတောင်းမိတယ်"

စိုးစံ တကယ်ပင် အထိနာသွားပါ၏။ သူမ တကယ်ပင် အားနာမိပါသည်။

ပြန်တွေးကြည့်လျှင် သူမသည် သူအထင်သေးမည်ကို အကြောင်းမဲ့ စိုးရိမ်နေခြင်းပင်။ သူနှင့်သူမ၏ ပတ်သက်မှုသည် တစ်စုံတစ်ရာမထူးခြားပါ။ သို့သော် စိတ်ထဲကိုက သူ့ကို သူမ၏ အထူးလူတစ်ယောက်အဖြစ် မှတ်ယူနေမိခြင်းပင်။ သူမ၏နာမည်ပျက်များ၊ သူမ၏ဆိုးသွမ်းမှုများကို သူသိသွားမည်ကို လွန်ကြောက်ရွံ့နေမိပါသည်။

အကယ်၍ သူ့လိုလူနှင့် တွေ့မည်ကို အရင်ကတည်းက သိခဲ့ပါမူ သူမသည် ယခုကဲ့သို့သော ဆိုးပေတေသည့်အလုပ်များကို လုပ်မိလိမ့်မည်မဟုတ်ဟုတွေးကာ ဆိုးခဲ့မိသမျှကို နောင်တရမိပြန်သေး၏။ သူ့ကြောင့် သူမလုပ်ရပ်များအတွက် နောင်တရတတ်နေပေပြီ။

ㅈ ㅈ ㅈ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မိုးရာသီ မဟုတ်ပါဘဲနှင့် ယနေ့ထူးခြားစွာ မိုးများရွာသွန်းနေ၏။ မာမာ သင်တန်းမတက်ဖြစ်သောကြောင့် သူမ တစ်ယောက်တည်း သင်တန်းသို့ ထွက်လာခဲ့မိပါသည်။

သင်တန်းအခန်းထဲတွင် သီတာသကလွဲပြီး တခြားမည်သူမျှ မရောက်သေးချေ။ သူ့ကိုတွေ့လိုက်ရ၍ သူမ ပျော်သွားသလိုပင်။

သူမစိတ်ကိုလည်း သူမ တိတိကျကျ မဖတ်နိုင်ပြန်။

သူမ လွယ်အိတ်ထဲမှ သူ့အတွက် စာကူးပေးထားသည့် စာအုပ်လေးကိုထုတ်ကာ သူ့ထံသို့ သွားပေးမိပါသည်။

"ကျွန်မ စာအုပ်ထဲမှာ နေရာမှားပြီး ကူးမိလို့ ပြန်လာပေးတာ"

သီတာသက သူမပေးသော စာအုပ်ကို ချက်ချင်းမယူသေးဘဲ သူမကို ငေးစိုက်ကြည့်နေ၏။ ယနေ့ သူ့အကြည့်များက ခါတိုင်းကဲ့သို့ သိပ်မစူးရှလှပါ။ သို့သော် ရီဝေစွာ လူတစ်ယောက် မူးလဲသွားအောင်တော့ ညို့နိုင်နေသေးပါသည်။

"ပြန်လျော်ပေးတာလေ"



www.burmeseclassic.com

www.burmeseclassic.com

သူမပြောလိုက်ကာမှ သူက သတိဝင်သွားသလို လှုပ်လှုပ်ရှားရှား ဖြစ်သွားရင်း သူမ ကမ်းပေးနေသော စာအုပ်ကို လှမ်းယူလိုက်လေသည်။

"မင်းတစ်ယောက်တည်းလား"

သူ့မေးသံကြောင့် စာအုပ်ပေးပြီး သူမထိုင်ခုံရှိရာသို့ ပြန်လှည့်ထွက်မည်ပြင်နေသော သူမခြေလှမ်းများ ရပ်တံ့သွားပြီး သူ့ဘက်သို့ ပြန်လှည့်ကြည့်လိုက်ပြီးသားဖြစ်သွားပါ၏။

"အင်း . . . တစ်ယောက်တည်း"

"ပျင်းလိုက်တာကွာ၊ မိုးကလည်း ရွာနေတယ်။ စိတ်ရှုပ်ဖို့မကောင်းဘူးလား"

သူမကို စိုက်ကြည့်ရင်း သူစကားတွေပြောနေ၏။ သူသည် သူမကို ထိုသို့ တစ်ခါဖူးမျှ စကားမပြောဖူးချေ။ ထူးဆန်းသည့် အမူအရာများကိုပင် သူရွေးကာ ပိုင်ဆိုင်ထားသည်လား။

"ဟုတ်တယ်နော်။ မိုးတွေရွာနေတာ စိတ်ပျက်စရာပဲ"

သူမစကားကို သူက ခေါင်းတညိတ်ညိတ်လုပ်ရင်း နားထောင်၏။

"ထိုင်လေကွာ . . . မတ်တတ်ကြီး"

သူ့ဘေးတွင်ရှိသော ထိုင်ခုံတစ်ခုကို လက်ညိုးညွှန်ပြရင်း သူမကို ထိုင်ခိုင်းလိုက်ပါသည်။

"မင်းနဲ့ငါ ပဟေဠိဖွက်မလား?"

ထိုင်ခုံတွင် ထိုင်လိုက်သော သူမကို သူကမေး၏။ သူမ မည်သို့ ပြန်ဖြေရမည်ကိုပင်မသိ။ သူမ၏အတွေးအားလုံးကို အပိုင်စီးထားနိုင်သည့် သူနှင့်စကားပြောနေရသည့် အခိုက်အတန့်လေးကိုပင် မက်မောတွယ်တာနေမိပါ၏။ ထိုအခိုက်အတန့်လေး ပျက်ပြယ်သွားမည်ကိုလည်း သူမ စိုးရိမ်နေမိပြန်၏။

"ပဟေဠိ ဖွက်တတ်လား?"

သူမကို မတွေ့သလို၊ မတန်သလို ဆက်ဆံခဲ့သော သူသည် ယခုတော့ သူမဟုတ်သည့်အတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

"ဖွက်တတ်တာပေါ့ကွာ။ ကဲ . . . မင်းဖြေမလား ငါအရင်ဇာက်မယ်"

သူက သူမကိုစကားပြောနေသော်လည်း စကားထဲတွင် အနိုင်ယူသည့် အကျင့်များက မပျောက်သေးချေ။

"မင်းသေချာ နားထောင်နော်။ နောက်တစ်ခါ ပြန်မမေးနဲ့။ ငါဖြေမှာမဟုတ်ဘူး။ ဟိုးတောအလယ်မှာ ရေကန်တစ်ကန်ရှိတယ်။ အဲ့ဒီရေကန်ရဲ့ အလယ်တည့်တည့်မှာ အပင်ကြီးတစ်ပင်ရှိတယ်။ ရေကန်ထဲမှာတော့ အသားစားငါးကြီးတွေ အများကြီးပဲရှိတယ်။ အဲ့ဒီအထိ ရှင်းလား?"

"အင်း . . . ရှင်းတယ်"

ကြည်လင်ပြတ်သားလှသည့် သူ့စကားသံများကို သူမ စိတ်ပါဝင်စားစွာ နားထောင်နေမိပါသည်။

"အဲ့ဒီအပင်ကြီးရဲ့ ပင်စည်ကို ကြိုးချည်ချင်တယ်။ ပင်စည်ကို ကြိုးချည်ပြီးမှ အဲ့ဒီအပင်ပေါ်ကို ခိုတွယ်ပြီး ကူးလို့ရမှာလေ။ ဒီတော့ အပင်ကြီးရဲ့ ပင်စည်ကို မင်းဘယ်လိုလုပ်ပြီး ကြိုးချည်မလဲ?"

သူမကိုစိုက်ကြည့်ရင်း သူ့မေးခွန်းကို အဆုံးသတ်လိုက်လေသည်။ သူ့ပဟေဠိ၏အဖြေကို သူမ စဉ်းစားလိုက်ရပါတော့သည်။ ဖြစ်နိုင်ချေအရှိဆုံး နည်းလမ်းကိုလည်း သူမတွေးနေမိတော့သည်။ သူကတော့ မေးခွန်းမေးပြီးသည်နှင့် အေးအေးဆေးဆေးနှင့် လေပင်ချွန်နေပါသေး၏။

"ရေထဲက ကူးပြီးတော့ သွားချည်မယ်ဆိုရင်ရော"

"ဖြစ်နိုင်ပါ့မလား။ အပင်နားကိုတောင် မင်းရောက်လိုက်မှာမဟုတ်ဘူး။ အသားစားငါးကြီးတွေက မင်းကို ဝါးစားလိုက်ကြမှာပေါ့"

"ဒါဆို ရေထဲက ဘယ်လိုမှ သွားလို့မရဘူးပေါ့"

"နောက်တစ်ခါ ပြန်မမေးနဲ့တော့လေ"

"လှေနဲ့ကူးမယ်ဆိုရင်ရော . . ."

"ဒီလောက် တောနက်နက်ကြီးထဲကို ဘယ်သူက လာပြီး လှေလုပ်ပေးထားမှာလဲ? နောက်ပြီး လူတစ်ယောက်လုံးကိုတောင် အေး

www.burmeseclassic.com

အေးဆေးဆေးစားနိုင်တဲ့ ငါးကြီးတွေက အဲ့ဒီလှေကို ခပ်သာသာ နဲ့ပဲ မှောက်လိုက်မှာပေါ့"

သူ့မေးခွန်းများကြောင့် သူမ စဉ်းစားရကြပ်သွားပါသည်။ သူက တော့ ကလေးတစ်ယောက်ကိုကြည့်သလို အကြည့်မျိုးနှင့် သူမကို ကြည့် နေပါ၏။

"ကျွန်မ စူပါမင်း (Super man) ကို အကူအညီတောင်းမယ်ဆို ရင်ရော"

"ဟား . . . ဟား . . . ဟား . . . အဲဒီရေကန်နဲ့ သစ်ပင်က မြန်မာနိုင်ငံမှ ရှိတာလေ။ ဟောလီးဝုဒ်မှာမှ မဟုတ်တာ"

သူမ၏အမေးကို သူက ကျေနပ်စွာ ထရယ်လေသည်။ သူ စိတ် လွတ်ကိုယ်လွတ် ရယ်လိုက်ခြင်းပင်။ သူ ထိုသို့ရယ်လိုက်ခြင်းကို သူမ ယနေ့မှစ၍ မြင်ဖူးပါ၏။ သူက ယောကျာ်းပီသသလို၊ သူရယ်နေသည် ကလည်း ကြည့်ကောင်းလွန်းပါ၏။

"မင်း ပေါက်တီးပေါက်ရှာမပြောနဲ့။ အဖြေကိုသာပေး"

"ကျွန်မ မဖြေတတ်တော့ဘူး . . . သိတ"

သူမ အရင်ကတည်းက သူ့ကို ရင်းနှီးချင်နေသောကြောင့် သူနှင့် အားပြောနေတုန်းမှာပင် သူ့နာမည်ကို ရင်းရင်းနှီးနှီးခေါ်လိုက်ပါသည်။ သူက သူမရင်းရင်းနှီးနှီး ခေါ်လိုက်သည်ကို သတိပင်မထားပါ။ သူ့ အတွက် အခေါ်အဝေါ်များက အရေးမကြီးသလိုပင်။

"မင်းညံ့လိုက်တာ"

"ဟုတ်တယ် ။ ကျွန်မက ညံ့တယ်။ ပင်ကိုကိုယ်က ညံ့တာ။ အဲဒီ တော့ ကျွန်မကို အဖြေပေးတော့"

"အဖြေ . . . ဟုတ်လား မဖြစ်နိုင်တာ။ ငါက မေးပဲမေးတတ် တာ။ ပြန်မဖြေတတ်ဘူး။ မင်းအဖြေသိချင်ရင် အိမ်မှာပြန်စဉ်းစား လေ။ ဟုတ်လား?"

"ပဟေဠိမေးလို့ အဖြေမသိဘဲ ပန်းပေးရင် ပြန်ဖြေပေးရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"သိတယ်။ ဒါပေမဲ့ ငါက မင်းပေးတဲ့ပန်းကို အလိုမရှိဘူး။ အဲဒီ တော့ မင်းကိုလည်း အဖြေပြန်မပေးဘူးကွာ"

သူက တော်တော့်ကို လှူခွစာပင်။

"ဒါဆို ကျွန်မလည်း ရှင့်ကို တစ်ခုပြန်မေးမယ်"

"မေး"

"လူတစ်ယောက်က အခုလို မိုးသဲကြီးမဲကြီးရွာနေတဲ့ အချိန်မှာအဲ အိမ်အပြင်ထွက်ပြီး မိုးနတ်သားကို မကျေမနပ်နဲ့ ဆဲဆိုကြိမ်းမောင်း နေတယ်။ အဲဒါဘာဖြစ်လို့လဲ"

သူမ မေးခွန်းဆုံးသည်နှင့် သူက သူ့မေးစေ့ကို လက်ညိုးလေး ထောက်ရင်း စဉ်းစား၏။ စဉ်းစားရင်းနှင့် မျက်ခုံးလေးများပင် ကျုံ့နေ သော သူ့ကို သူမ စိတ်လွတ်ကိုယ်လွတ် ကျေနပ်စွာ ငေးကြည့်နေမိပါ သည်။ ခဏကြာသော် . . .

"မင်းသိလား"

"သိတယ်"

"ဒါဆို အဖြေပြော"

"မပြောဘူး။ ရှင်လည်း သိချင်ရင် အိမ်မှာ ပြန်စဉ်းစားပေါ့"

"ဆောရီးပဲကွာ . . . ။ ငါက ငါ့ကိုမေးတဲ့မေးခွန်းတစ်ခုကို တစ် ထိုင်မှာည်း စဉ်းစားရတာ ဝါသနာပါတယ်။ အေး . . . တစ်ထိုင် တည်း စဉ်းစားလို့မရဘူးဆိုရင်တော့ နောက်တစ်ခါ ဘယ်တော့မှ ထပ်ပြီး မစဉ်းစားတတ်ဘူး။ ငါ့ကို အခုချက်ချင်း အဖြေပြောရင် ပြော။ မပြောရင်တော့ ငါဆက်ပြီး စဉ်းစားတော့မှာမဟုတ်ဘူး။ နောက်ပြီး ငါက တခြားလူတစ်ယောက်ရဲ့ မေးခွန်းကို ငါ့ခေါင်းထဲ မှာ ထည့်မထားတတ်ဘူး"

သူက ပြောပြီးသည်နှင့် ထိုင်ရာမှ ထရပ်လေသည်။ ထို့နောက် သူ့ အိတ်များကို ပြင်ဆင်ရင်း စာသင်ခန်းထဲမှ ထွက်သွားရန်ပြင်လေသည်။

"ရှင်ဘယ်သွားမလို့လဲ?"



www.burmeseclassic.com

www.burmeseclassic.com

"ပြန်မလို့လေ"

"သင်တန်းမတက်ဘူးလား?"

"ဒီနေ့ သင်တန်းပိတ်တယ်တဲ့"

သူမ်ပြောပြီး စာသင်ခန်းအတွင်းမှ ထွက်သွားပါတော့သည်။ ထိုအခါ သူမလည်းသူ၏အိတ်ကို ပြန်ပြေးယူလိုက်ပြီး သူ့အနောက်သို့ လိုက်ခဲ့ပါတော့သည်။

"သင်တန်းက ဘယ်တုန်းက ပိတ်လိုက်တာလဲ?"

"အခုနတင် မိုးအရမ်းရွာလို့လားမသိဘူး"

"ရှင်သိရဲ့သားနဲ့ ဘာလို့ မပြောတာလဲ?

"မင်းမေးလို့လား?"

ပြောပြီးသည်နှင့် ထီးဆောင်းကာ ကားအနားသို့သွား၊ ကားသော့ဖွင့်ပြီး သီတာသ ကားလေးကိုမောင်းကာ ထွက်သွားလေတော့သည်။

သူ့အပြုအမူများက ရင့်သီးနေသော်လည်း သူနှင့်ထိုင်ကာ စကားပြောခွင့်ရလိုက်သည့်အတွက် သူမ စိတ်ဆိုးမည့်အစား ပျော်ပင်ပျော်နေပါပြီ။ သူနှင့် စကားပြောလိုက်ရသည့် ထိုခဏလေးက သူမအတွက် အတော်ကျေနပ်ပျော်ရွှင်မှုများကို ဖြစ်ပေါ်စေခဲ့သည်။

"ရှင် . . . ဘယ်လိုလူစားလဲ သီတာသ။ ဘာပဲဖြစ်ဖြစ် ရှင်က ကျွန်မ အတွေးတွေ အပိုင်သိမ်းနိုင်တယ် သိလား?"

မောင်းထွက်သွားသော သူ့ကားလေးကို သူ မြင်ကွင်းထဲမှပျောက်သွားသည်အထိ ငေးကြည့်ရင်း ရွှေ့ရွှတ်လိုက်မိပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

သင်တန်းကာလမှာ တစ်လခန့်ပင် ကြာမြင့်သွားပြီဖြစ်၏။ သင်
တန်းသားအချင်းချင်းလည်း အတော်အတန် ရင်းနှီးနေကြပြီပင်။ သို့သော်
သီတာသာကတော့ တခြား မည်သူနှင့်မျှ စကားမပြောချေ။ မိုးများစွာ ရွာ
သွန်းသည့်နေ့က သူမနှင့်စကားပြောခဲ့သော သီတာသာသည် နောက်နေ့
ရက်များတွင်တော့ သူမကို သိပင်မသိဖူးသလို၊ တစ်ယောက်တည်းသာ
နေတတ်လေသည်။

တစ်ခါတစ်ခါ သင်တန်းဆရာခွင့်ယူလျှင် သူက သင်ပေးပါသည်
သီတာသာသည် သင်တန်းသို့ တစ်ယောက်တည်းလာတတ်ပြီး ပြန်လျှင်
လည်း မည်သူ့ကိုမျှ နှုတ်မဆက်ဘဲနှင့် ပြန်တတ်လေသည်။

"သင်တန်းအချိန်သာ တစ်ဝက်ကျိုးတော့မယ်။ သူက ဘယ်သူနဲ့
မှ အရောမဝင်ဘူးနော် မိမာန်"

တစ်ယောက်တည်းနေတတ်သော သီတာသာကို မာမာပင် သတိ
ထားမိပါ၏။

"မိမာန် . . . နင် သူနဲ့ ဆက်သွယ်သေးလား?"

သူမကို မယုံသင်္ကာသလို မျက်လုံးနှင့် မာမာမေးပြန်သည်။ ဟုတ်
လည်းဟုတ်ပါ၏။ သူမသည် သင်တန်းချိန်တစ်ချိန်းလုံးလိုလိုပင် သူ
ကို ငေးကြည့်နေတတ်ပါ၏။ စာကိုစိတ်ဝင်စားနေသော သူ့မျက်နှာ
ကို သူမ လွန်စွာမက်မောနေမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဆက်သွယ်ရအောင် ငါက ယောကျ်ားလေးလား? မဟုတ်တာ တွေ"

"နင် သူ့ကိုပဲ တစ်ချိန်လုံး ခိုးခိုးပြီးကြည့်နေတာ ငါတွေ့တယ်"

"ကြည့်တိုင်း ဆက်သွယ်ရမလား?"

သူမ၏လုပ်ရပ်ကို မာမာသိသွားသော်လည်း သူမ မငြင်းမိ။ ဆျှာက်လွှဲချက်သာ ပေးနေမိပါ၏။

"ငါတို့ ဒီနေ့ည အပြင်မသွားတော့ဘူး . . . မာမာ့။ အိမ်မှာပဲ စာကြည့်ကြတာပေါ့"

"တော်တောခက်ခဲတဲ့ အလုပ်ကို မလုပ်ချင်စမ်းနဲ့ မိမာန်။ ဒီနေ့ကလပ်ကို မသွားဘူး။ ငါ့လူတွေစုပြီး ကန်ပေါင်မှာ ညရဲ့အလှကို သွားခံစားမယ်။ နင်လိုက်ခဲ့ရမယ်။ ငြင်းရင်သတ်မယ်"

သူမ ငြင်းရန်ခက်နေ၏။ သူမ ထိုသို့အပြင်ထွက်ရသည်ကို ငြီးငွေ့နေမိပါတော့သည်။ သူမတစ်ယောက်တည်းသာ ထိုင်ပြီး သူ့အကြောင်း စဉ်းစားနေရခြင်းကို သဘောတွေ့နေမိပါ၏။ ထိုစဉ် သူမတို့အတန်းထဲသို့ သင်တန်းဆရာဝင်လာလေသည်။ ထို့နောက် သင်ခန်းစာ စသင်လေသည်။

"Phonetic ဆိုတာ အသံနေအသံထားမှန်အောင် လေ့လာတာပဲ။ အင်္ဂလိပ်စာမှာ အသံနေအသံထားမှန်ချင်ရင်တော့ Phonetic များများ လေ့လာပေါ့။ အခုကိုယ့် Phonetic ကို ကိုယ်နိုင်တယ်လို့ အာမခံတဲ့လူတစ်ယောက် အတန်းရှေ့ကို ထွက်ခဲ့ပါလား?"

ဆရာပြောစကားဆုံးသည်နှင့် သူမ မတ်တတ်ထရပ်လိုက်ပါသည်။ အတန်းရှေ့တွင် သူမ၏ အရည်အချင်းများကို ချပြချင်မိပါသည်။

"ကျွန်မ ပိုင်ပါတယ်လို့ ယုံကြည်ပါတယ်ဆရာ"

"ဘယ်လောက်အထိပိုင်လဲ မာန်ဝင့်မာန်။ ဒီလိုလုပ်ပါလား... အခန်းထောင့်မှာ ထောင်ထားတဲ့ ဂစ်တာကိုတီးပြီး သီချင်းတစ်ပုဒ်လောက် ဆိုပြလိုက်ပါလား? မာန်ဝင့်မာန် ဂီတာတီးတတ်လား?"

www.burmeseclassic.com

"တီးတတ်ပါတယ် ဆရာ"

သူမ ငယ်စဉ်ကတည်းက သူမ၏အစ်ကိုထံမှတစ်ဆင့် ဂီတာတီး သင်ပြီးထားခြင်းပင်ဖြစ်သည်။

"ဒါဆို ဆိုပြလေ။ ဒါနဲ့ ဘာသီချင်းဆိုမှာလဲ?"

"Taylor Swift ရဲ့ Love Story သီချင်းဆိုပြမယ် ဆရာ"

သူမ ပြောပြီးသည်နှင့် စာသင်ခန်းထောင့်တွင် ထောင်ထားသော ဂီတာကိုယူပြီး အတန်းရှေ့မှ ထိုင်ခုံတွင်ထိုင်ကာ တီးခတ်သီဆိုပြလိုက် ပါသည်။

ဂီတာကို ကျွမ်းကျင်စွာတီးခတ်ပြီး သီဆိုနေသော သူမ သီချင်းသံ ကို အတန်းသားအားလုံး သေချာစွာ နားထောင်နေကြပါသည်။

သီချင်းဆိုနေရင်း သူမအကြည့်များ သူ့ထံသို့ ရောက်သွားတတ် ပါသေးသည်။ သူမကို စိမ်ပြေနပြေစိုက်ကြည့်နေသည့် သူ့မျက်ဝန်းနက် နက်များနှင့် ဆုံလိုက်တိုင်း သူမပင် ရင်မဆိုင်ရဲစွာ မျက်လွှာချလိုက်ရ ပြန်သည်။

သူမ သီချင်းလေးကိုတော့ အဆုံးသတ်သည်အထိ ကောင်းစွာ သီဆို လိုက်နိုင်ပါသည်။

"တယ်ဟုတ်ပါလား . . . မာန်ဝင့်မာန်။ တော်လိုက်တာ"

သီချင်းဆုံးသည်နှင့် ဆရာထံမှ ချီးကျူးသံကို ကြားလိုက်ရသော ကြောင့် သူမ ကျေနပ်စွာ ပြုံးလိုက်စဉ် အတန်းသားများ၏ လက်ခုပ်သံ များကိုလည်း စိတ်ကျေနပ်ဖွယ် ကြားလိုက်ရပါသည်။

လက်ခုပ်သံများထဲတွင် သူ့လက်ခုပ်သံမှ ပါပါလေစဆိုသော ရိမ်မှုလေးဖြင့် သူ့ကိုလှမ်း ကြည့်လိုက်စဉ် သူသည် နှစ်လိုဖွယ် အပြုံး လေးတစ်ခုကို ပန်ဆင်ရင်း အတန်းသားများနည်းတူ သူမအတွက် လက်ခုပ်တီးပေးနေသည်ကို တွေ့လိုက်ရ၍ အလွန့်အလွန် ပျော်ရွှင် ပါသေးသည်။

www.burmeseclassic.com

သင်တန်းပြီးသော် . . .

"ငါတို့ ဘယ်ကိုပတ်မလဲ မိမာန်"

"အိမ်ပြန်မယ်လေ"

သူမ စာအုပ်သိမ်းရင်းနှင့်ပင် ပြန်ဖြေလိုက်ပါသည်။ ထိုအခါ မာမာ ဘဝင်မကျတော့ချေ။

"နင်ကလဲ? ပတ်မယ်လေဟာ"

"ညကျရင်လည်း ကန်ပေါင်ကို သွားဦးမယ် မဟုတ်လား။ အခု တော့ အိမ်ခဏပြန်လိုက်ဦးမယ်လေ မာမာရယ်။ ဒါမှ ညကျရင် အပြင်ပြန်ထွက်လို့ အဆင်ပြေမှာပေါ့။ မေမေက ငါ့ကို မျက်စိ ဆံ ပင်မွေးဆူးနေတာကိုလည်း နင်သိသားနဲ့"

သူမ အပြင်သို့မထွက်ချင်သောကြောင့် မာမာ့ကို မေမေနှင့် ခြောက် ဆိုက်ရပါသည်။

"ဒါဆိုလည်း ညကျမှတွေ့တော့မယ်ဟာ။ နင့်ကို လာခေါ်ရ မလား?"

"အင်း . . . လာခေါ်"

သူမ သင်တန်းမှ ထွက်ခဲ့ပါတော့သည်။ မာမာကတော့ ကားကို မောင်းပြီး ထွက်သွားလေပြီ။

သူမ ကားပါကင်ထိုးထားရာသို့ ဆက်လျှောက်လာလိုက်ပါသည်။

"မင်း ဂစ်တာကောင်းကောင်းတီးတတ်တယ်ပေါ့ . . . ဟုတ်လား?"

ကားသော့ဖွင့်အံ့ဆဲဆဲ သူမ နောက်ဖက်မှ အသံတစ်သံထွက်ပေါ် လာပြီး ထိုအသံပိုင်ရှင်မှာ မည်သူမည်ဝါဖြစ်ကြောင်း သူမ သိသောကြောင့် ခဏ္ခနံ့သံတို့ သိသာစွာ မြန်ဆန်သွားရပါသည်။

"သိတ . . . ရှင် ကျွန်ကို လာစောင့်နေတာလား"

သူမ ကားသော့ကိုမဖွင့်တော့ဘဲ သူ့ဘက်သို့လှည့်ကာ မေးလိုက် ပါသည်။ ထိုအခါ သူက ပြုံးစစ ပြုံးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းကိုယ်မင်း အဲ့လောက် အထင်ကြီးလား။ မင်းလိုလူကို ငါက ဘာ့ကြောင့် လာစောင့်ရမှာလဲ? ဟိုဘက်မှာရပ်ထားတာ ငါ့ကား။ ငါ့ကားဆီကို ငါသွားတာ။ မင်းကိုတွေ့လို့ မေးကြည့်တာ"

ရင့်သီးလွန်းသော သူ့စကားများကြောင့် စိတ်ကောင်းဖြစ်မိသော်လည်း သူနှင့်စကားပြောရသည်ကိုပင် သူမ ပျော်မိသောကြောင့် သူ့စကားရင့်ရင့်သီးသီးများကို သည်းခံနေရပါတော့သည်။

"ဂစ်တာတီးသင်တန်း တက်ဖူးတယ်"

"မင်းက အချိန်တွေပိုနေတော့ တက်ထားမှာပေါ့"

တမင်သက်သက် ရန်စသည့်စကားများကို သူရွေးချယ်ပြောနေခြင်းလား။ သူ့ကို နားမလည်နိုင်စွာဖြင့် သူမ ငေးကြည့်လိုက်မိတော့၏။

"ငါ မင်းအခုနတီးသွားတဲ့ သီချင်းကို နောက်တစ်ခေါက်လောက် နားထောင်ချင်တယ်။ မင်း ငါ့ကို နောက်တစ်ခါ တီးပြမလား။ မင်းတီးပြချင်မှာပါ။ ငါ့အိမ်မှာ လိုက်တီးပြလေ။ ဘယ်လိုလဲ?"

သူက အကူအညီတောင်းနေသည်လား။ သူမကို ခိုင်းစေနေသည်လား။

"ဘယ်တော့ နားထောင်ချင်တာလဲ"

"မင်းမှာ အချိန်တွေပေါပါတယ်။ ငါနားထောင်ချင်တဲ့အချိန် မင်းကို ဖုန်းဆက်လိုက်မယ်။ မင်းလာခဲ့ပေါ့"

သူပြောပြီးသည်နှင့် သူ့အကျင့်အတိုင်း သူမနံဘေးမှ ထွက်သွားပါတော့သည်။ သူမ သူ့ကိုငေးကြည့်ရင်းနှင့်ပင် ကျန်ခဲ့ပါတော့သည်။ သူသည် သူမအပေါ်တွင် အနိုင်ကျင့်သည်ထက်ပိုသော ဆက်ဆံမှုမျိုးနှင့် ဆက်ဆံနေခြင်းပါ။ တခြားယောကျ်ားလေးတစ်ယောက်၏ မော်ကြွတာကိုပင် ပြဿနာရှာခဲ့သော သူမသည် ယခုမှ သူပြောသမျှကို ခေါင်းမကျ ခေါင်းညိတ်နေမိခြင်းက သူ့မျက်ဝန်းနက်နက်လေးများကြောင့်လေလား?



www.burmeseclassic.com

www.burmeseclassic.com

သူမည်သို့ပင် တင်တင်စီးစီးပြောပါစေ။ သူ့ဖုန်းဝင်လာမည်ကို သူမစောင့်နေမိသည်ကတော့ အမှန်ပင်။ ကိုယ့်ကိုယ်ကိုယ်လည်း ဘာဖြစ်လို့ဘာဖြစ်မှန်း မသိတော့ချေ။ သေချာသည်က သူ့ဖုန်းဝင်လာလျှင် သူမအတော်ပင် ပျော်ရွှင်သွားမည်ဖြစ်၏။

သူနှင့်တွေ့ပြီးသည့် နောက်ပိုင်းတွင် သည်းခံတတ်သည့်စိတ်ကို သူမချင့်ကြိတတ်နေ၏။ မိခင်ဒေါ်စေမာန့်အမူအရာများ သူမအပေါ်တွင် ကြမ်းထန်နေလျှင်လည်း သူမ သည်းခံတတ်နေပါပြီ။ ထို့အပြင် စိတ်ညစ်ညိုင်းလည်း အပြင်သို့ မထွက်ချင်တော့ပါ။

ယောကျ်ားလေးတစ်ယောက်ဖြစ်ပြီး တည်ငြိမ်လွန်းသည့် သူ့ကိုတွေ့ပြီးသည့်နောက်ပိုင်း သူမကိုယ်သူမ ရှက်ခဲ့မိပါသည်။ သူမလည်း သူ့ကြောင့်ပင် တည်ငြိမ်ချင်သည့်စိတ်များ ပေါက်ဖွားလာရပါသည်။ ထို့အပြင် ယခင်က အပြင်ထွက်ခဲ့သည်များကိုလည်း သူမ နောင်တရနေမိပြန်၏။

"တီ . . . တီ . . . "

သူမ အတွေးများနှင့် ဝဲလည်နေရင်း ဖုန်းမြည်သံကို ရုတ်တရက် ကြားလိုက်ရသောအခါတွင်တော့ အတော်ပင် ပျော်ရွှင်သွားမိပါသည်။ သူမ အလျှင်အမြန်ပင် ဖုန်းလေးကို ကောက်ကိုင်လိုက်မိပါသည်။

"ဟဲလို . . . "



www.burmeseclassic.com

www.burmeseclassic.com

"နောက်ထပ် မိနစ်နှစ်ဆယ်အတွင်း ငါ့ဆီကိုမင်းလာခဲ့။ အခုချက်ချင်း ငါ့လိပ်စာကို မင်းလိုက်မှတ်"

သူမ ဖုန်းပြန်ထူးရုံပင်ရှိသေး။ သူ့အာဏာသံကို ကြားလိုက်ရပါသည်။

လတ်တလောတွင်တော့ သူ့စကားကို Request or Order မှန်း သူမ မခွဲခြားတော့ဘဲ စာရွက်ပိုင်းလေးပေါ်တွင် သူ့လိပ်စာကို လိုက်လံရေးမှတ်နေမိပါသည်။ သူက လိပ်စာပြောပြီးသည်နှင့် ဖုန်းချသွား၏။

ထို့နောက် သူမ အဝတ်လဲပြီး သွက်သွက်လေးပင် ထိုလိပ်စာအတိုင်း ထွက်လာခဲ့လိုက်ပါတော့သည်။

သူပြောသော လိပ်စာပါသည့် ခြံဝန်းအရှေ့သို့ရောက်သော် ကားဟွန်းတီးလိုက်ပါသည်။ သူသည် အိမ်ထဲမှထွက်လာပြီး ခြံတံခါးကို လာဖွင့်ပေးပါ၏။ သူသည် အင်္ကျီလက်ပြတ်နှင့် ဘောင်းဘီအကွက်အတိုလေးကို ဝတ်ဆင်ထားလေသည်။

လေးနက်လှသည့် မျက်ဝန်းပိုင်ရှင်လေးက အခုတော့ တကယ့်ကလေးလေးတစ်ယောက်ဟု ထင်မြင်စရာပင်။ သူမ ခြံထဲသို့ ကားလေးကို ကွေ့ဝင်လိုက်ပြီး အိမ်ရှေ့တွင် ကားရပ်လိုက်ပါသည်။

"ဒါရှင့်အိမ်လား?"

အိမ်လေးသည် တစ်ထပ်ပဟောင်းကောင်တိုက်ပုံစံလေးပင်။ ခြံဝန်းထဲတွင်လည်း ပန်းပင်များစိုက်ပျိုးထားပါသည်။ ရွက်လှပင်များလည်း ရှိပါ၏။ သူက သူမကိုပြန်မဖြေဘဲ အိမ်တံခါးကို ဖွင့်လိုက်ပါသည်။ ထို့နောက် သူမကို အိမ်ထဲသို့ဝင်စေကာ ဧည့်ခန်းတွင် ထိုင်ခိုင်းလိုက်ပါသည်။

"ကော်ဖီ . . . "

ထို့နောက် သူမကို လက်ညှိုးလေးထိုးရင်း မေး၏။ သူ့အိမ်သို့ရောက်သည့်အပြင် သူဖျော်ပေးမည့်ကော်ဖီကိုပါ သောက်ရမည်ဆိုသောကြောင့် သူမ လွန်စွာကျေနပ်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . ကော်ဖီ"

"ခဏစောင့်"

သူ နောက်ဖေးသို့ ဝင်သွားပါသည်။ သူမ ဧည့်ခန်းလေးထဲတွင် ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိပါသည်။ သူ့ဧည့်ခန်းလေးတွင် ထူးခြားသည်က မည်သည့်ဓာတ်ပုံတစ်ပုံမှ ချိတ်မထား။ ဧည့်ခန်းနံရံတွင် ဖလက်ရှာ လက်မ တီဗွီတစ်လုံးကို ချိတ်ထားလေသည်။ ဧည့်ခန်းလေးသည် သန့်စွာသန့်ရှင်းနေ၏။ ထိုစဉ် သူသည် ကော်ဖီခွက်လေးကို ကိုင်ရင်း နောက်ဖေးမှ ပြန်ထွက်ခဲ့ပါသည်။

"သောက်ကြည့် . . . ပြီးရင် ဘာလိုလဲပြော"

သူပေးသည့် ကော်ဖီကို သူမ သောက်ကြည့်လိုက်သည်။ ကော်ဖီအေးက သူမကြိုက်သည့်အရသာမျိုးပင်။ ဆိမ့်သက်သက်လေး။

"ဘာမှမလိုဘူး"

"တကယ်နော်"

"အင်း . . . "

သူမဘေးတွင်လွတ်နေသည့် ထိုင်ခုံတွင် သူဝင်ထိုင်လေသည်။

"အဲဒီကော်ဖီသောက်ပြီးရင် မင်းပျော်လိုက်တော့ မာန်ဝင့်မာန်"

ကော်ဖီသောက်နေသော သူမကို စိုက်ကြည့်ရင်း ပြောလိုက်သော သူ့စကားကို သူမ နားမလည်ချေ။

"ဘာကိုပြောတာလဲ . . . သီတ"

"ငါကိုယ်တိုင်ဖျော်ပေးတဲ့ ကော်ဖီကို မင်းသောက်ပြီးရင် မင်းပျော်လိုက်လို့ရပြီလို့ ပြောတာ"

"ဘာဖြစ်လို့လဲ? ဒီကော်ဖီက ဘာထူးခြားလို့လဲ?"

"ကော်ဖီက မထူးခြားပါဘူး။ ဖျော်ပေးတဲ့လူက ထူးခြားတာ။ ငါဘယ်သူ့ကိုမှ အဲ့ဒီလို ကော်ဖီမဖျော်ပေးဖူးဘူး။ မင်းသိပ်ကံကောင်းတယ် မာန်ဝင့်မာန်"

ကော်ဖီတစ်ခွက်တိုက်ပြီး သူ့စကားများက မိုးပေါ်ရောက်နေ၏။ သူမ အထူးအဆန်းတစ်ခုပမာ ကော်ဖီခွက်ကို ပြန်ကြည့်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ယောကျ်ားလေးတစ်ယောက်ဆီက ကော်ဖီသောက်ရုံနဲ့ ကျွန်မက ပျော်လိုက်ရမယ်ဆိုတော့ ရှင်ပြောတာ နည်းနည်းများမနေဘူးလား? ကျွန်မကို တခြားယောကျ်ားလေးတွေလည်း အဲ့ဒီလို ဖျော်တိုက်ဖူးပါတယ် သိတ"

သူမ ကော်ဖီကိုခွက်ကိုကြည့်ရင်း သူ့ကို စကားနှင့် ပြန်ချေပလိုက်ပါတော့သည်။

"မဟုတ်တာ။ မင်းပျော်ကို ပျော်ရမယ်ကွ"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ တခြားယောကျ်ားလေးတွေက မင်းအရင် တခြားတစ်ယောက်ယောက်ကို ဖျော်တိုက်ဖူးရင် တိုက်ဖူးမှာပါ။ အဲဒါ မသေချာဘူးလေ။ ဒါပေမဲ့ ငါကတော့ မင်းအရင်က ဘယ်မိန်းကလေးကိုမှ ကော်ဖီဖျော်မတိုက်ဖူးဘူး။ မင်းက ပထမဦးဆုံးပဲ။ အဲဒါကြောင့် မင်းကို ပျော်တော့လို့ပြောတာ"

သူ့ချေပစကားကြောင့် သူမ ဘာပြောလို့ ပြောရမှန်းတောင် မသိတော့သလိုပင်။ သူမ သူ့ကိုသာ ငေးကြည့်နေမိပါ၏။

"မင်း ကော်ဖီသောက်ပြီးသွားရင် သီချင်းဆိုတော့နော်"

"အခုဆိုပြမယ်လေ။ ဂစ်တာရှိလား"

"မင်းမယူလာဘူးလား? ငါ့မှာ ဂီတမရှိဘူး မာန်ဝင့်မာန်"

သူ့မေးခွန်းက သီချင်းဆိုပြမည့် သူမကိုယ်တိုင် ဂစ်တာယူလာရမည့်အဖြစ်။ မကျေမနပ်ဖြစ်မိသော်လည်း သူ့ကို ပြန်ပြောဖို့ ချေပစကားလည်း သူမရှာမတွေ့။ ရှာတွေ့လျှင်လည်း သူမ ပြောဖြစ်လိမ့်မည်မဟုတ်။ ရင့်သီးလှသည့် သူ့စကားများကို နားထောင်နေရသည်ကိုပဲ သူမ ပျော်ရွှင်နေမိသည် မဟုတ်ပါလား။

"ကျွန်မအိမ်က ဂစ်တာယူလာပါတယ်။ ကော်ဖီပြီးအောင် သောက်လိုက်မယ်။ ပြီးမှပဲ"

"အင်း . . . အဲဒါအကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သူသည် အခန်းတစ်ခန်းထဲသို့ ဝင်သွားလေသည်။ အခန်းထဲမှ သူပြန်ထွက်လာတော့ သူ့လက်ထဲတွင် Taylor Swift ၏ သီချင်းခွေပြား ပါလာလေသည်။

"ရှင်က Taylor Swift ကြိုက်လို့လား?"

"မကြိုက်ဘူး၊ နားထောင်ချင်တာ"

"ဒါနဲ့ ရှင်က ဒီမှာတစ်ယောက်တည်းနေတာလား?"

"ငါ့အကြောင်းကို မမေးနဲ့။ ငါမကြိုက်ဘူး"

သူ့စကားလုံးတိုင်းက ပြတ်သားလွန်းနေ၏။

"မင်းက မိနစ်နှစ်ဆယ်အတွင်း အရောက်လာနိုင်သားပဲ"

"မာမာခေါ်ရင်လည်း အဲ့ဒီလိုပဲ အရောက်သွားနေကျလေ"

"မင်း သူများခေါ်တိုင်းသွားတတ်တယ်ပေါ့ ဟုတ်လား။ လွယ်လိုက်တာနော်"

သူမကိုစိုက်ကြည့်ရင်း ကောက်ချက်ချလိုက်သော သူ့ကောက်ချက်က သူမ၏ ကိုယ့်ကျင့်သိက္ခာကိုပင် ထိခိုက်ပါ၏။ ရင်ထဲ အောင့်သက်သက်တော့ဖြစ်ရပါ၏။

"ဘာပြောတာလဲ သီတ"

"မကြားဘူးလား။ ဪ . . . မင်းကိုပြောရဦးမယ်။ ငါစကားပြောရင် မင်း စိတ်ဝင်တစားနဲ့ နားထောင်ပါ။ တကယ်လို့ မင်း မကြားလိုက်ဘူးဆိုရင်တော့ ငါ့ကို ဘယ်တော့မှ ထပ်မမေးနဲ့တော့။ ငါ နောက်တစ်ခါ ထပ်ပြောမှာမဟုတ်ဘူး။ စကားတစ်ခုကို နှစ်ခါ ထပ်ပြောရတာကို ငါမုန်းတယ်"

အောင့်သက်သက်ဖြစ်မိသော်လည်း သူမ ခေါင်းက အလိုလိုညိတ်သက်ပြင်းမောတစ်ခုချပြီး သူမ ကော်ဖီကိုသာ လက်စသတ်ပါ၏။ ထို့နောက် သူမ ဂီတာတီးပြီး သီချင်းဆိုပြလိုက်ပါသည်။ သီချင်းဆိုနေသည်ကို သူက သေချာစွာ နားစိုက်ထောင်နေရှာပါ၏။ သီချင်းသီဆိုပြီးသည်နှင့် သူက သူမကို စိုက်ကြည့်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com

"ပြန်တော့လေ"

ဟု ခပ်ပြတ်ပြတ်ပင် ပြောလေသည်။ လိုလားချက်ပြီးသည်နှင့် အနှင်ခံလိုက်ရသောကြောင့် သူမ စိတ်ထဲမကောင်း။

"မပြန်ချင်သေးဘူးလား?"

ငေါင်သွားသော သူမကို သူက စိုက်ကြည့်ပြီးမေး၏။ သူမ အမြန်ပင် မျက်နှာထားကိုပြင်လိုက်ကာ . . .

"ပြန်တော့မယ်"

"အင်း . . . ဒါနဲ့ မင်း ဒိုင်ယာရီရေးတတ်လား?"

"အင်း . . . ရေးတတ်တယ်"

"ဒီနေ့ကို မင်းထည့်ရေးလိုက်မယ် မဟုတ်လား။ ငါ့အိမ်ကို လာလည်ရတဲ့နေ့လေ။ မင်းအတွက် အရမ်းကို ထူးခြားနေမှာပေါ့"

"ဒါဆိုရှင်ရော ရေးဖြစ်မှာလား"

"ငါဒိုင်ယာရီရေးရတာကို မုန်းတယ်။ ကဲ . . . မင်းပြန်တော့မယ် ဆိုလည်း သွားတော့လေ။ ငါ ရေချိုးချင်ပြီ"

"ရှင်ရေချိုးပြီးရင် ဘာလုပ်မှာလဲ"

"ငါ့ကို မစပ်စုနဲ့လို့ ပြောထားတယ်လေ"

"ဒါက မေးတာပါ။ ရှင့်အကြောင်းမှ မဟုတ်ပဲ။ လုပ်စဉ်တစ်ခုကို မေးကြည့်တာ။ ဘာလဲ ရှင့်သူငယ်ချင်းတွေနဲ့ အပြင်ထွက်တတ်လို့လား?"

"ငါ ညဖက်အပြင်ထွက်တဲ့လူကို အထင်မကြီးတတ်ဘူး မာန်ဝင့်မာန်။ ငါလည်း အပြင်မထွက်ဘူး။ နောက်ပြီး ငါ့မှာ သူငယ်ချင်း မရှိဘူး။ ငါက တစ်ယောက်တည်းနေရတာကိုပဲ နှစ်သက်တယ်။ ကဲ . . . မင်းပြန်တော့"

သူပြတ်သားစွာ သူမကို နှင်နေပေပြီ။ သူ့အနားတွင် ဆက်၍နေချင်သေးသော်လည်း သူ့ကို ငေးငေးလေးကြည့်ရင်း အကြင်လွှဲကာ သူ၏ အိမ်လေးထဲမှ ထွက်ခဲ့မိပါတော့သည်။ သူမ ကားပေါ်တက်ထိုင်လိုက်

www.burmeseclassic.com

၌တွင်တော့ သူ့ဘာကြောင့် သူမကို ထိုသို့ နိုင့်ထက်စီးနင်း ဆက်ဆံနေ ရသလဲဟုတွေးရင်း တွေးရင်းနှင့် ကားလေးကို မောင်းနှင်းခဲ့လိုက်ပါ၏။

ငါက လမ်းပေါ်မှာ လေနေတတ်တဲ့ မိန်းကလေးဖြစ်လို့ သူက အဲ့ လိုကြီးဆက်ဆံနေတာလား?

တွေးရင်း သိမ်ငယ်သလိုလိုခံစားမိပြီး မျက်ရည်ပင် ဝဲရသည့်အဖြစ်။ သတ်ပြင်းမောတစ်ခုကိုလည်း ချလိုက်ရပါသေးသည်။

သူမအိမ်သို့ ပြန်ရောက်သော် ရေချိုးလိုက်ပါသည်။ ယနေ့ သင် တန်းမရှိပါ။

"တီ . . . တီ . . . တီ . . ."

သူမ ဟမ်းဖုန်းလေးမြည်သောကြောင့် သူမ ဖုန်းကိုင်လိုက်ပါသည်။

"ဟဲလို . . . "

ဖုန်းသံကြားလိုက်စဉ်က သူ့ဖုန်းဖြစ်မည်ဟု သူမ မျှော်လင့်မိသော် လည်း သူမဖုန်းတွင် ပေါ်လာသော ဖုန်းနံပါတ်သည် သူ့ဖုန်းနံပါတ် မဟုတ်ချေ။ မာမာ့ဖုန်းနံပါတ်ဖြစ်နေ၏။

"ပြော . . . မာမာ"

"ဒီနေ့ည ငါ့မှာ အစီအစဉ်ကောင်းတယ်။ မိမာန် . . . နင် စော စောထွက်ခဲ့"

သူက ယောကျာ်းလေးဖြစ်သော်လည်း ညဖက်အပြင်မထွက်တတ် ချေ။ မိန်းကလေးဖြစ်သော သူမက ညတိုင်းလိုလို အပြင်ထွက်တတ်နေ ၏။ သူမတွေးရင်းနှင့် ရှက်မိပါသည်။

"မာမာ . . .ငါတို့ ဒီနေ့ အပြင်ထွက်မယ့်ကိစ္စကို နားလိုက်ကြ မယ်လေ"

"နင်ကလည်း အစီအစဉ်ကောင်းရှိပါတယ်ဆိုမှ နားမယ်တဲ့။ နင့် မှာ ဦးနှောက်မှ ရှိသေးရဲ့လား"

"တစ်ရက်တလေ အိမ်မှာနေကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"အပိုမပြောနဲ့ နင်လာဖြစ်အောင်လာခဲ့။ အိမ်မှာနေပြီး ဘာလုပ်မလဲ?"

မာမာ့ကို သူမ ပြတ်ပြတ်သားသား ငြင်းချင်သော်လည်း သူမတွင် ခိုင်မာသည့် အကြောင်းပြချက်မရှိသည့်အတွက် ငြင်း၍မရချေ။ ထို့အပြင် သူငယ်ချင်း အကန့်ထားရှိရဦးမည်မဟုတ်ပါလား။ သူမစိတ်ညစ်ကာ လေနေသည့် အချိန်တုန်းကမာမာက သူမကို ဒိုင်ခံအဖော်ပြုပေးခဲ့သည် ပင်။

"လာခဲ့မယ်လေ"

"ငါ လာခေါ်ရမလား"

"မခေါ်နဲ့ ငါလာခဲ့မယ်"

"လာဖြစ်အောင်လာနော် မိမာန်"

"အေးပါ"

"နင် အေးပါကလည်း အသက်မပါလိုက်တာ။ ငါ နင့်ကို လာခေါ်လိုက်တာပဲ ကောင်းပါတယ်။ ညနေကျရင် အဆင်သင့်ပြင်ထား လိုက်။ ငါလာခေါ်မယ်"

သူမ မငြင်းတော့ပါ။ ငြင်းကောင်းသည့်ကိစ္စလည်း မဟုတ်ချေ။ အားနာစရာ အကန့်တွေရှိနေသေးသည်ပင်။

"လာခေါ်လေ။ ငါစောင့်နေမယ်"

"အေး . . . "

မာမာဖုန်းချသွားပြီပင်။ သူမ ဖုန်းလေးကိုကြည့်ရင်း သက်ပြင်းတစ်ခု ချလိုက်မိပြန်၏။ ယခုအချိန်တွင် သေချာနေသည်က သူမ အပြင်သို့ မထွက်ချင်တော့ပေ။ သူ့စကားလုံးများက သူမအတွက် တန်ခိုးကြီးလွန်း နေသည်လား။

သူမကြိုက်ဘူးဟုဆိုသော ညဖက်အပြင်ထွက်သည့်ကိစ္စကို သူမ ကျူးလွန်ရန် အတော်ပင် ဝန်လေးနေမိပေပြီ။

www.burmeseclassic.com

ညနေ (၇)နာရီကျော်ကျော်လောက်တွင် မာမာ့ပြောသည့်အတိုင်း
ကို လာခေါ်သောကြောင့် မာမာနှင့်အတူ သူမ လိုက်ခဲ့လိုက်ပါသည်။

"မိမာန် . . . ငြိမ်လှချည့်လား?"

ကားမောင်းသော မာမာ့အမေးကို သူမ မည်သို့ပြန်ဖြေရမည်ပင်
။

"ငါ ခေါင်းနည်းနည်းမူးနေလို့ဖြစ်မယ် မာမာ"

"ဒီနေ့အစီအစဉ်က အရမ်းကောင်းတာ။ ခေါင်းမူးလည်း သည်းခံလိုက်။ ပြီးရင် နင်စိတ်လွတ်ကိုယ်လွတ်ကို ပျော်သွားလိမ့်မယ်"

"နင့်အစီအံစဉ်က ဘာလဲမာမာ။ နင်ကတော့ ညွှန်းနေလိုက်တာ"

"သီသီဟာန်တို့အုပ်စုကို သိလား?"

သူမတို့နှင့် တစ်တန်းတည်းတက်ခဲ့သော အထက်တန်းကျောင်းက
ချင်းများကို မာမာရည်ရွယ်ပြီး ပြောနေခြင်းပင်။

"သိတယ်လေ၊ သူတို့က အခု အမေရိကန်မှာ မဟုတ်လား?"

သီသီဟာန်တို့ ဆွေမျိုးတော်တော်များများမှာ အမေရိကားတွင်ရှိနေ
ကြောင့် ကောလိပ်ပထမနှစ်အောင်ပြီးသည်နှင့် သီသီဟာန်သည်
ရိကန်ကို ထွက်သွားခဲ့သည်ပင်။



www.burmeseclassic.com

www.burmeseclassic.com

"အခု သူပြန်လာပြီလေ။ မြန်မာနိုင်ငံမှာ တစ်နှစ်လောက်တော့နေမယ်လို့ပြောတယ်။ သူပြန်လာတဲ့အထိမ်းအမှတ်နဲ့ ငါတို့ တစ်ညလုံးပျော်ဖို့ စီစဉ်ထားတယ်။ ကော့တေးကို ဂါလန်ပုံးနဲ့ကို ဖျော်ထားတယ်။ အားလုံး သီသီလှိုင့်အိမ်မှာ ဆုံမယ်။ ကဲ . . . အဲဒီအစီအစဉ်က မထူးဘူးလား?"

"ဩော် . . . "

မာမာက စိတ်ထက်သန်စွာ ပြောနေသော်လည်း သူမ သိပ်စိတ်မပါလှချေ။ မာမာ့ကိုအားနာ၍သာ သူမလိုက်ခဲ့ခြင်းပင်။ ထို့ထက် ဘာဆိုဘာမျှမထူးပါ။

"ကဲ . . . မိမာန်ရေ၊ ငါတို့တော့ နောက်ကျနေပြီနော်။ အရှိန်တင်ပြီး မောင်းလိုက်တော့မယ်"

မာမာက ပြောလည်းပြော ကားကိုလည်း အရှိန်တင်ကာ မောင်းနှင်လေတော့သည်။ သူမကတော့ ထိုင်ခုံတွင် ကျောမှီရင်း လိုက်ပါခဲ့လေသည်။ သူတို့ကားလေးသည် အရှေ့မာတ်တိုင်ငါးတိုင်လောက်ပင် မောင်းရသေး၏။ ဆန့်ငင်ဆန့်ငင်နှင့် ထိုးရပ်သွားပါတော့သည်။

"ကားက ဘာဖြစ်သွားတာလဲ မာမာ"

"နင်လည်းအမြင်ပဲလေ . . . မိမာန်ရယ်။ ထိုးရပ်သွားတာ"

"နင် ဘာမှားလုပ်မိလုပ်လဲ"

"ဘယ်ကလာဟာ"

သူငယ်ချင်းများစုမည့်နေရာသို့ အချိန်မီမရောက်နိုင်မည်ကို မာမာလွန်စွာစိုးရိမ်နေ၏။ နောက်ကျနေသည့်အကြားက ကားကပါ ပျက်သွားရသည့်အတွက် မာမာစိတ်ပျက်ပျက်နှင့် ကားပေါ်မှဆင်းပြီး အရှေ့ဘက်ဖုံးကို ဖွင့်လိုက်လေသည်။ သူမလည်း ကားအောက်သို့ ဆင်းကာ မာမာအနားတွင် ရပ်ရင်းကားအဖုံးအတွင်းမှ စက်များကို ကြည့်နေမိပါသည်။

"နင်ပြင်တတ်လို့ ဖွင့်လိုက်တာလား မာမာ"



www.burmeseclassic.com

www.burmeseclassic.com

"မပြင်တတ်ပါဘူး မိမာန်ရာ။ အပြစ်တွေ့လို့တွေ့ငြား ဖွင့်ကြည့်လိုက်တာ။ ငါတို့ပါတီပွဲအမီ တက္ကစီ ငှားသွားကြမလား?"

သူမ လက်မှနာရီကို ကြည့်လိုက်သော် ည(၈)နာရီပင် ထိုးတော့မည်။

"ဒီအချိန်ကြီး ငါ တက္ကစီ မငှားချင်းဘူး မာမာ။ နောက်ပြီး မိန်းကလေးနှစ်ယောက်တည်း"

"ဒါဆို ငါတို့ ဘာဆက်လုပ်ရမလဲ မိမာန်။ ဒီမှာကားကလည်း ဘာဖြစ်သွားမှန်းမသိဘူး"

"တစ်ယောက်ယောက်ကို ဖုန်းဆက်ပြီး လာခေါ်ခိုင်းလိုက်လေ"

"ဟုတ်သားပဲ ဒီလိုကျတော့ ငါ့သူငယ်ချင်းက အသုံးဝင်သားပဲ"

သူမအကြံကြောင့် မာမာ့စိတ်ရှုပ်မှုများ လျော့သွားပါသည်။ မာမာ အလက်လက်စွာနှင့်ပင် ကားခေါင်းခန်းတွင်ရှိသောဖုန်းနှင့် သူငယ်ချင်း တစ်ယောက်ကို ဖုန်းဆက်နေလေတော့သည်။

ရုတ်တရက် သူမတို့ကားရပ်ထားသည့် ယာဉ်ကျောဖက်တွင် မောင်း လာသော သူ့ကားလေးကို လှမ်းမြင်လိုက်ရပါသည်။ သူ့ကားကို တွေ့ လိုက်သည်နှင့် ပျော်မိသည်ကအမှန်။ သူ့ကို အကူအညီတောင်းပြီး သူမ တို့သွားချင်နေသည့်နေရာသို့ လိုက်ပို့ခိုင်းမည်ဟုလည်း တွေးမိပါသေး သည်။ တစ်ဆက်တည်းမှာပင် သူမ လက်လေးတစ်ဖက်ကို ဆန့်တန်း ရင်း သူ့ကားလေးကို တားလိုက်မိပါသည်။

"နင် ဘယ်သူ့ကားကို တားနေတာလဲ မိမာန်"

ဖုန်းဆက်နေသော မာမာက သူမ ကားတားနေသည်ကိုမြင်ပြီး မေးလေသည်။

"သီတသကို တားနေတာ။ ဟိုးမှာလာနေတာ သူ့ကား"

"နင့်ကို သူက ရပ်ပေးပါ့မလား?"

"ရပ်ပေးမှာပါ။ အကူအညီလိုနေတဲ့လူတစ်ယောက်ကို သူ လျစ်လျူမရှုလောက်ပါဘူး"

www.burmeseclassic.com

နေ့လယ်က သူမ သူ့အိမ်တွင် သွားပြီး ဂစ်တာတီးပြထားသည်ပဲ။ သူမကို သူပြန်ပြီး ကူညီလောက်ပါသည်။

"သေချာလို့လား . . . မိမာန်ရယ်။ နင့်လူက ငါတို့နဲ့ပဲနီးနေပြီး အခုထက်ထိ ကားအရှိန်မလျော့သေးဘူး"

သူမဖက်ကသာ ကူညီမည်ထင်နေသော်လည်း မာမာပြောသလို သူ့ကားရှိန်ကိုပင် မလျော့သေးချေ။ သူမ ကားတားနေရင်း စိတ်ထဲ လံမှုတစ်ခုကို ခံစားလိုက်ရပါသည်။ အကယ်၍ သူက ကားမရပ်ပေး မှ မာမာ့အရှေ့တွင် သူမတော်တော် အရှက်ကွဲမည်ပင်။

"ရပ်ပေးမှာပါ မာမာ"

ပြောသာပြောလိုက်ရသော်လည်း သူ့ကားအရှိန်ကိုကြည့်ရင်း သူမ စိုးရိမ်စပြုနေပေပြီ။ သူကလည်း ကားကို လုံးဝအရှိန်မလျော့သေးချေ။

စိုးရိမ်မှုနှင့်အတူ အရှက်ရမည်ကို တွေးပြီး သူမရင်ဖိုလာမိပါပြီ။

"မတားနဲ့တော့ . . . မိမာန်၊ သိက္ခာကျတယ်။ သူရပ်ပေးမှာမဟုတ် ဘူး။ နောက်ပြီး ငါ ငထွန်းကို ဖုန်းဆက်လိုက်ပြီ သူလာခေါ်လိမ့် မယ်"

တကယ်တော့ သူမ ဆက်မတားချင်တော့ပါ။ သို့သော် ကျဆင်း လုဆင်းဆဲ သူမ၏ သိက္ခာကိုတင်ရင်း သူမ ကားကိုသာ ဇွတ်တား မိပါ၏။ မေါက်သည့်နဖူး မထူးတော့ပြီဖြစ်၏။ သူမ ရှက်လွန်းသော ကြောင့် မျက်နှာတစ်ခုလုံးလည်း ထူပူနေပေပြီ။

သူမတို့အနားသို့ရောက်သည့်တိုင် ကားအရှိန်ကို လုံးဝမလျော့သော် လည်း သူသည် သူမတို့အနီးတွင်ကပ်ပြီး ကားဘရိတ်ကို ဆောင့်နင်း၍ ရပ်တန့်လိုက်လေသည်။ ပြင်းထန်သော ဘရိတ်နင်းသံကြောင့် ဘီးသံ နှင့် ကတ္တရာလမ်းပွတ်တိုက်သည့် အသံကြီးတစ်ခုပါ ဖြစ်ပေါ်သွား သည်။

"ကျွိ . . . "

www.burmeseclassic.com

www.burmeseclassic.com

သူ့ကားလေး ရပ်တန့်လိုက်သောကြောင့် ရင်ထဲမှ စိုးရိမ်မှု၊ ရှက်စိတ်တို့ အနည်းငယ်တော့ လျော့သွားရပါသည်။

"ငါပြောတယ် မဟုတ်လား၊ သူရပ်ပေးမှာပါလို့"

သူမ မာမာ့အနားသို့ကပ်ကာ တီးတိုးပြောရင်း သက်ပြင်းမောတစ်ချက် ချလိုက်နိုင်ပါသည်။

ကားရပ်ပြီး ကားမှန်ချပြီး သူမကို သူ အကြည့်စူးစူးများနှင့် စိုက်ကြည့်နေလေပြီ။

"ကားပျက်နေလို့ လမ်းကြုံလိုက်ပါရစေ"

သူမ စကားဆုံးသွားသော်လည်း သူ ခေါင်းမညိတ်၊ ခေါင်းမခါဘဲနှင့် သူမကို စိုက်ကြည့်နေ၏။ မမှိတ်မသုန် စိုက်ကြည့်နေသော သူ့အကြည့်စူးစူးကြောင့် မာမာနှင့် သူမ ကြောင်ကြောင်လေး ရပ်နေမိကြပါ၏။

"ကျွန်မပြောတာ ကြားလား သီတ"

သူမ မအောင့်အည်းနိုင်တော့ဘဲ သူ့ကိုမေးလိုက်မှ သူ သတိဝင်သွားသလိုနှင့် သူမထံမှ အကြည့်လွှဲလိုက်ပါသည်။

"ကားကြုံစီးချင်လို့"

သူမ ခါးလေးကိုင်းကာ သူ့ကိုမေးလိုက်ပြန်၏။ ထိုခဏတွင်တော့ သူ့မျက်နှာတွင် ခက်ထန်သည့်အရိပ်အယောင်များ ပေါ်လာပြီး သူမကိုလည်း စားတော့ဝါးတော့မည့် မျက်နှာထားနှင့် စိုက်ကြည့်လိုက်ပါသည်။

"ဒီအချိန် လမ်းပေါ်မှာရှိနေတဲ့ မိန်းကလေးတွေကို ငါ့ကားပေါ် မတင်တတ်ဘူး"

စကားဆုံးသည်နှင့် ဂီယာထိုး၊ လီဗာကိုဖိနင်းပြီး သူမတို့အရှေ့မှ ကားလေးကို ဝီခနဲမြည်အောင် မောင်းထွက်သွားပါတော့သည်။

သူ့စကားကြောင့် မတ်တတ်ကြက်သေသေသွားသူက သူမ။ မာမာတတော့ သူ့စကားကို ခံပြင်းမဆုံး။ ဆွေ့ဆွေ့ခုန် ဒေါသထွက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကြည့်စမ်း . . . မိုက်ရိုင်းတာ။ မကျေညီချင်ရင်လည်း မကျေညီဘူး ပေါ့။ ပြောသွားလိုက်တာ ငါတို့က လမ်းပေါ်ကမိန်းမတွေကို ဖြစ် လို့။ ဒီကောင် တော်တော်ကို မိုက်ရိုင်းတယ်နော် မိမာန်။ သူ့ကား ကို မတားပါနဲ့လို့ ငါမပြောဘူးလား။ ကြည့် . . . အခု မရပ်ပေး ချင်ဘူးဆိုရင်လည်း မရပ်ပေးနဲ့ပေါ့။ ရပ်ပြီးတော့ တကူးတကန့် ကို ရန်စွာသွားတယ်။ တောက် . . ."

မာမာ ဒေါသထွက်နေချိန်တွင်တော့ သူမ ရင်ထဲတွင် ဒေါသအရိပ် အယောင်စိုးစဉ်းလေးမျှမရှိချေ။ လုပ်ရက်လှသော သူ့လုပ်ရပ်နှင့် စကား လုံးများကိုသာ ကြားယောင်ရင်း ရင်ထုမနာ ခံစားနေမိ၏။ သူမနှင့် သူ့ အကြား သူငယ်ချင်းဟုဆိုနိုင်သော အကန့်လေးပင် မရှိနိုင်ဘူးတဲ့လား။

အချိန်တိုင်း မတူသလို၊ မတန်သလို အဆက်ဆံခံနေရသောကြောင့် သူမရင်ထဲ နင့်နဲစွာ ခံစားရပါ၏။

ယောကျ်ားလေးအားလုံး အလေးပြုရသော သူမသည် သူ့အရှေ့ သို့ရောက်လျှင် တစ်ပြားမှ တန်ဖိုးမရှိသော မိန်းမတစ်ယောက်ဖြစ်သွား သလိုပင်။ တကယ်စွာတတ်သော သူမကလည်း သူ့အရှေ့သို့ရောက်လျှင် ယုန်သူငယ် ဖြစ်သွားရပြန်၏။

"နင်ဒီအတိုင်း ရပ်နေတော့မှာလား မိမာန်"

သူ့ကားလေးကို ငေးကြည့်ကာ ကျန်ခဲ့သည့် သူမကို ကားနောက် ကြည့်မှန်မှတစ်ဆင့် သူ ကြည့်နေမည်လား။ နိုင်ထက်စီးနင်းနိုင်သည့် သူ့စကားများက သူမရင်ဘတ် တည့်တည့်ထိမှန်သွားကြောင်း သူ သိ နိုင်မည်တဲ့လား။

ဆိုင်ငွေ ထွန်းမောင်းနှင်လာသော ကားလေးက သူမတို့အနားသို့ ထိုးရပ်လာ၏။

"သွားကြစို့။ နောက်ကျတဲ့လူ အပေါက်ဝက ပြန်ရမယ်တဲ့။ သီဘ ဟန်က စကားပါးလိုက်တယ်"

"အေးဟယ် . . . ကားကလည်း အရေးထဲ တမ်မှာင့်"



www.burmeseclassic.com

www.burmeseclassic.com

မာမာက ကားကို မကျေနပ်စွာ ကန်လိုက်ပါသည်။

သူမကတော့ ယခုထက်ထိ ကွေ့မသွားသေးဘဲ တည့်တည့်သာ မောင်းသွားသော သူ့ကားလေးကို လှမ်းငေးကြည့်နေမိပါ၏။

"ကဲ . . . တက်ကြ။ ဒေါသထွက်မယ်ဆိုလည်း ဟိုရောက်မှဆက်ထွက်"

ငထွန်းက ကားဟွန်းကိုတီးလျက် သူမတို့ကို ဆော်ဩပါသည်။

"လာလေ . . . မိမာန် သွားရအောင်"

သူ့ကားလေးကို ငေးကြည့်နေသော သူမလက်တစ်ဖက်ကိုဆွဲကာ မာမာက ကားထဲသို့ ဝင်ထိုင်စေလိုက်ပါသည်။

သူမ ထိုနေ့ညက ပါတီပွဲရှိရာ သီသီဟာန်ခြံဝန်းထဲ လိုက်သွားမိသော်လည်း ပါတီပွဲကို စိတ်မပါပေ။ လူတွေနှင့်ဝေးရာ ထောင့်တစ်ထောင့်တွင် ထိုင်ကာ ရင်ထဲမှ တနုံ့နုံ့ခံစားနေရသည့်ခံစားချက်ကို ကြိုးစားပြီး မေ့ဖျောက်နေရတော့သည်။

"ရှင် ကူညီလိမ့်မယ်လို့ ကျွန်မထင်ပြီး တားလိုက်မိတာပါ သိတရယ်။ ဒါပေမဲ့ ရှင့်အဲလောက် ရင့်ရင့်သီးသီး ဆက်ဆံလိမ့်မယ်လို့ ကျွန်မ တကယ်မထင်မိရိုး အမှန်ပါ"

ᨠ ᨠ ᨠ

www.burmeseclassic.com

www.burmeseclassic.com

"ကြည့်စမ်း . . . မိမာန်၊ သီတာသာဆိုတဲ့အကောင် ဘယ်လော
လူမဆန်သလဲဆိုတာ"

နေ့သစ်တစ်ခု ကူးသွားပြီဖြစ်သော်လည်း သင်တန်းသို့ရောက်သ
နှင့် မာမာ၏ မကျေမနပ်နှင့် ရေရွတ်နေသံများကို ကြားနာနေရပါတော
သည်။

"နင်ဒီအတိုင်းပဲ နေတော့မှာလား မိမာန်"

"ဒီအတိုင်းမနေလို့ ငါကဘာလုပ်ရမှာလဲ မာမာ"

သူမ ထိုကိစ္စကို ပြန်တွေးလိုက်တိုင်း စိတ်ပျက်မိပါ၏။ ဖြစ်နိ
လျှင် ထိုကိစ္စမဖြစ်သွားစေရန် အချိန်များကို နောက်ပြန်ဆွဲထားချင်
၏။

"အဲဒီအကောင့်ကို ပြဿနာရှာရမှာပေါ့"

"ထားလိုက်ပါတော့ မာမာရယ်"

"ဘယ်လို"

စိတ်ပျက်စွာ ပြောလိုက်သော သူမကို မာမာအံ့ဩကြီးစွာ ကြ
နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"နင် မာန်ဝင်မာန်မှ ဟုတ်သေးရဲ့လား မိမာန်။ နင့်ကိုကြည့်ရတာ နောက်တစ်ယောက် ရောက်နေသလိုပဲနော်။ အရင်ကတော့ စပ်စပ် အထိမခံ။ အခုတော့ နင့်မှာ သည်းခံစိတ်တွေ များလှချည်လား။ နင် တရားကျင့်နေတာလား မိမာန်"

မာမာက သူမကို မဲ့ကာရွဲ့ကာနှင့်ရန်တွေ့လေပြီ။ သူမ သက်ပြင်း ချလိုက်မိ၏။ သေချာသည်က သူမ သူနှင့် ရန်သူမဖြစ်ချင်ပါ။

"နင်စဉ်းစားကြည့်လေ . . . မာမာ။ သူပြောတာ မှန်နေတာပဲ မဟုတ်လား။ အဲဒီအချိန်တုန်းက ငါတို့က လမ်းပေါ်မှာလေ။ သူ့ ကားပေါ်ကို လမ်းပေါ်က မိန်းကလေးတွေကို မတင်ဘူးလို့ပြော တာ။ သူ့ဘက်က မှန်ပါတယ် မာမာရာ။ သူက မတင်ချင်လို့ မတင်ဘူးပြောတာပဲ။ ငါတို့ဘယ်လိုလုပ်ပြီး ရန်တွေ့လို့ရမှာလဲ?"

တကယ်တော့ သူမရင်ထဲတွင် သူ့စကားကြောင့် တနုံ့နုံ့ ခံစားနေ ရပါ၏။ သို့ပေမဲ့လည်း ဟန်ဆောင်ကာ မာမာ့ကို ဖျောင်းဖျနေရတော့ သည်။ မာမာသည် ထိုကိစ္စကို မနေ့ညက ပါတီပွဲတွင်လည်း မကျေ မနပ်နှင့် ရေရွတ်နေခဲ့သေးသည်ပင်။

"နင်ဒီလောက်တောင် သူ့အပေါ်မှာနားလည်နေရင်တော့ သိပ်မရိုး တော့ဘူး မိမာန်။ အခုတော့ ငါ့မျက်စိထဲမှာ အရင်က မိမာန်နဲ့ အခုမိမာန်နဲ့ကတစ်ယောက်ချင်းစီ ဖြစ်နေသလိုပဲ။ ကဲ . . . ငါ သင်တန်းတက်ချင်စိတ်လည်း မရှိတော့ဘူး။ နောက်ပြီး အဲ့ဒီ လူ့ အရိုင်းအစိုင်းနဲ့လည်း မျက်နှာချင်းမဆိုင်ချင်ဘူး။ ငါဒီနေ့ အတန်း ဖျက်လိုက်ပြီ"

မာမာသည် သီတာသနှင့်အတူ သူမကိုပါ စိတ်ဆိုးသွားပေပြီ။ သူမ လည်း မတတ်နိုင်ပါ။ သူ့စကားကြောင့် ခံစားရသည်မှာ မှန်သော်လည်း သူ့ကိုရန်တွေ့ဖို့တော့ သူမစိတ်ပင် မကူးမိပါ။

မာမာထွက်သွားပြီး ခဏကြာသော် သီတာသ အတန်းထဲသို့ ဝင် လာလေသည်။ သီတာသသည် မိုးပြာရောင် ရှပ်အင်္ကျီလွင်လွင်လေးနှင့်

www.burmeseclassic.com

www.burmeseclassic.com

ဘောင်းဘီအနက်ကို ပုံစံကျစွာ ဝတ်ဆင်လာလေသည်။ သီတာသက
သူမကိုတွေ့လိုက်သော တစ်ခဏတွင်တော့ ပြုံးပြပါသေး၏။ ထို့နောက်
သူ့နေရာတွင် သူထိုင်လိုက်ပါသည်။

မနေ့ကဖြစ်ခဲ့သည့် အဖြစ်အပျက်အတွက် သူမသည် သူ့ကို ရန်
မတွေ့ချင်သော်လည်း အကျိုးအကြောင်းကို မေးချင်နေမိပါသည်။ ထို့
ကြောင့် သူမထိုင်နေရာမှ သူ့ထိုင်ခုံရှိရာသို့ သွားလိုက်ပါသည်။ သူ့အနား
သို့ သူမ လာသည်ကိုတွေ့သော် သူက ပြုံးလျက်ကြိုဆို၏။ မနေ့ကလူ
သည် ယနေ့ သီတာသမဟုတ်သလိုပင်။

"နေကောင်းလား"

သူ့အနားသို့ရောက်လာသော သူမကို သူက ပြုံးလျက်မေး၏။

"နေကောင်းပါတယ်။ ဒါနဲ့ မနေ့ကကိစ္စကို နည်းနည်းလောက် ပြော
ချင်လို့"

"ပြောလေ"

သင်ခန်းစာ စာအုပ်များကို လွယ်အိတ်အတွင်းမှထုတ်ရင်း သူ ပြန်
ပြော၏။

"မနေ့က ဘာဖြစ်လို့ ကားကိုရပ်ပေးပြီးမှ မောင်းထွက်သွားတာ
လဲ သီတ။ ဘယ်လိုသဘောနဲ့ အဲ့လိုလုပ်သွားတာလဲ"

"ရှင်းရှင်းလေးပဲလေ။ မင်းကို ကားပေါ်မခေါ်ချင်လို့ပေါ့"

သူမကို အားနာသည့် အရိပ်အယောင်ပင်မရှိဘဲ သူပြတ်သားစွာ
ပြောပြန်သည်။

"ဘာလဲ? မင်းက အဲ့ဒါ စိတ်ကသိကအောက် ဖြစ်နေလို့လား?"

သူ ထိုမေးခွန်းကို ပြုံးလျက် မေးလိုက်ခြင်းပင်။ အနိုင်ပိုင်းသည့်
အပြုံးမျိုး။ သို့သော် ပြုံးနေသည့် သူ့မျက်နှာကို သူမ နှစ်သက်နေမိပါ
သည်။

"စိတ်ကသိကအောက်မဖြစ်ပါနဲ့ မာန်ဝင့်မာန်။ မင်းမှာ ငါမကူညီ
လည်း ကူညီမယ့် ယောကျ်ားလေးတွေ အများကြီးရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒါဆို မနေ့ညက သူမတွေးနေသလိုပဲ သူနောက်ကြည့်မှန်မှတစ်ဆင့် သူမကို ကြည့်နေခဲ့သည်ပဲ။ ထို့ကြောင့် သူ ငထွန်းကို မြင်သွားခဲ့သည်ပဲ။

"မနေ့က ကျွန်မကိုလာခေါ်တာ ငထွန်းပါ"

"ဘယ်သူဖြစ်ဖြစ်ပါ။ ငါစိတ်မဝင်စားဘူး"

"ဒါပေမဲ့ ကျွန်မကို အဲ့လိုပြုံးပြီး မကြည့်ပါနဲ့သီတာ။ ကျွန်မကို ရှင်းပြခွင့်လေးတော့ နည်းနည်းပေးသင့်ပါတယ်"

သူ့အပြုံး၏ အဓိပ္ပာယ်ကို သူမ ကောင်းစွာနားလည်ပါသည်။ သူမစကားကြောင့် သူ့အပြုံးများ ရပ်တန့်သွားပြီး သူမကို မျက်မှောင်ကုတ်လျက် စိုက်ကြည့်လိုက်လေသည်။

"ငါ နားမထောင်ချင်ဘူးလေ"

"ငထွန်းကို မာမာက ဖုန်းဆက်ခေါ်လိုက်တာ"

"လောကမှာ အကြောင်းပြချက်တွေကို ငါအမုန်းဆုံးပဲ"

"ငထွန်းက ကျွန်မတို့ရဲ့ ရိုးရိုးသားသား သူငယ်ချင်းပါ သီတာ"

သူ နားမထောင်ချင်ဘူးပြောနေသော်လည်း သူမပြောချင်သည့် စကားများကို တရစပ်ပင် ပြောချလိုက်ပါတော့သည်။ သူမစကားဆုံးသည်နှင့် သူ့အကြည့်စူးစူးများ သူမထံသို့ရောက်ရှိလာပြီး တစ်ချိန်တည်းမှာပင် သူမပခုံးကို သူ့အားနှင့် စောင့်တွန်းလိုက်ပါတော့သည်။

"ကျွိ"

ယောကျ်ားအားနှင့် တွန်းလိုက်သည့်အရှိန်ကြောင့် သူမထိုင်ခုံလေးပါ ရွေ့သွားပြီး ထိုင်ခုံခြေထောက်နှင့် အောက်ကြမ်းပြင် ထိပွတ်သည့် အသံစာစာတစ်ခု ထွက်ပေါ်လာပါသည်။ မထင်မှတ်ထားသော သူ့အပြုအမူကြောင့် သူမ ငေးကြောင်ကာ သူ့ကိုကြည့်နေစဉ်တွင် သူကတော့ သူမကို အားနာခြင်းစိုးစဉ်းမျှမရှိဘဲ မကျေနပ်စွာ စိုက်ကြည့်နေတုန်းပင် ဖြစ်သည်။

"အနာပေါ် တုတ်ကျရင် နာတတ်တယ် မာန်ဝင့်မာန်မပြောရင်လည်း မင်းသိမှာမဟုတ်ဘူး။ အဲဒီတော့ ပြောရလိမ့်မယ်။ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com

မင်းဖုန်းဆက်ပြီး အကူအညီတောင်းဖို့ ယောကျ်ားလေးသူငယ်ချင်း ပဲရှိလား။ မင်းမှာ မိန်းကလေးသူငယ်ချင်း မရှိဘူးပေါ့။ ဟုတ်လား? ဒါဆို မင်းက ယောကျ်ားတော်တော်ကြိုက်တာပဲ။ ယောကျ်ားလေး ကိုမှရွေးပြီး သူငယ်ချင်းထားတတ်တာလား"

သူမကို စောင့်တွန်းလိုက်သည်ကို အားမနာသည့်အပြင် နင့်သီး သည့်စကားလုံးနှင့်ပါ ရင့်ရင့်သီးသီး သူမကို စွပ်စွဲပြန်၏။

မနေ့က ငထွန်းကားနှင့် သူမ လိုက်သွားသည့်အတွက် သူတော် တော်ပင် မကျေမနပ်ဖြစ်နေကြောင်း သူမ ရိပ်မိလိုက်ပါသည်။

"အဲဒါ မာမာဖုန်းဆက်ပြီး ခေါ်လိုက်တာလို့ ပြောပြီးပြီလေ"

သူအထင်လွဲမည်ကို လွန်စွာစိုးရွံ့ပြီး သူမ၏ ပခုံးကိုပင် ဒေါသ နှင့် စောင့်တွန်းလိုက်သော သူ့ကို သူမ ဖြေရှင်းချက်တွေ ပေးနေမိပြန် ၏။

"ဒါပေမဲ့ အဲဒီကားကိုပဲ မင်းစီးသွားတယ်မဟုတ်လား"

"မစီးရင် ကျွန်မ ဘယ်သူ့ကားကိုစီးရမလဲ? ဒါဆို ရှင် ဘာလို့ မကူညီဘဲ ထွက်သွားတာလဲ"

ဒေါသကြောင့် သူ့အကြည့်များ မီးဟုန်းဟုန်းတောက် စူးရှနေ၏။

"မင်းအကြောင်းပြပြီး အကူအညီတောင်းတိုင်း ကူညီတတ်တဲ့ ယောကျ်ားကြောင်တွေထဲမှာ ငါမပါဘူး မာန်ဝင့်မာန်"

"ကျွန်မကို ဘာလို့ ချိုးချိုးနှိမ်နှိမ်တွေ ပြောနေတာလဲ သိတ။ ဟို လိုလည်း မဟုတ်၊ ဒီလိုလည်းမဟုတ်၊ ကျွန်မ အရမ်းစိတ်ညစ်လာ ပြီနော်"

စိတ်ညစ်စွာပြောလိုက်သည့် သူမစကားသံထဲတွင် ငိုသံလိုလို၊ ရှိုက် သံလိုလိုများပါ ရောယှက်ပါလာသော်လည်း သူကတော့ လုံးဝဂရုမစိုက်။

"ငါက ဒီလိုပဲပြောတတ်တယ်"

"ရှင်စွပ်စွဲနေတာတွေ တစ်ခုမှမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ငါပြောပြီးပြီလေ၊ စိတ်မဝင်စားဘူးလို့။ ကဲ . . . အတန်းလည်း စတော့မယ်။ မင်းသွားပါတော့။ မင်းကိုတွေ့ပြီး ငါဒေါသထွက်ရင် ငါ့ကိုယ်ငါ အားနာမိနေတယ်။ မင်းလို မိန်းမတစ်ယောက်အတွက် ငါ့ဒေါသကို အလကားသက်သက် အသုံးပြုသလို ဖြစ်နေတယ်"

သူ ပြတ်ပြတ်သားသားပင် သူမကို နှင်လိုက်ပါသည်။ သူမရင်ထဲ နင့်ခနဲ ခံစားလိုက်ရပါ၏။

"ဒါပေမဲ့ ငထွန်းက ကျွန်မရဲ့သူငယ်ချင်းဆိုတာ ရှင်ယုံပါနော်"

"ငါတွေ့တိုင်း မင်းဘေးမှာ ယောကျ်ားတစ်ယောက်မဟုတ်တစ်ယောက်တော့ ပါစမြဲပဲ။ အဲဒါတွေလည်း မင်းသူငယ်ချင်းတွေပဲလား"

သူမ မျက်နှာကိုစိုက်ကြည့်ကာ မေးလိုက်သော သူ့မေးခွန်းအတွက် သူမပြန်ဖြေရန် ခက်နေ၏။

"ကဲပါ . . . မင်းသွားပါတော့။ ငါမေးတဲ့မေးခွန်းကိုလည်း မင်းမဖြေနိုင်ဘူး။ နောက်ပြီး ငါကလည်း မင်းဆီကအဖြေကို စိတ်မဝင်စားဘူး။ မင်းကိုလည်း ငါ စိတ်မဝင်စားဘူး။ မာန်ဝင့်မာန် . . . မင်းသွားပါတော့"

ရင့်သီးလှသော စကားလုံးများကို သူက မျက်မှောင်ကုတ်ကာ ပြောနေသော်လည်း အပြုံးတော့မပျက်ပေ။

သူမနှင့် မျက်လုံးချင်းဆုံသည့် တစ်ခဏတွင်သာ သူက မျက်ဝန်းထဲ ဒေါသကြောင့် မီးဟုန်းဟုန်းတောက်နေသော်လည်း တခြားနေရာသို့ အကြည့်ရောက်သွားသည်နှင့် မျက်ဝန်းတွင် ဒေါသရိပ်များမရှိတော့။ မြန်အတိုင်းပင်။ သူမကသာရှင်းပြရင်း ရင်မောပြီး မျက်ရည်ဝဲ၊ အသံထွက်ကာ သက်ပြင်းမြေ့မြေ့ ချချနေမိပါ၏။

မောင်းထုတ်ပြီး ပုံမှန်အတိုင်း စာအုပ်ထုတ်ကာ ဖတ်နေသော သူ့ကို ရှင်းပြရန် မကြိုးစားချင်တော့ပါ။ သူမ ယနေ့ သင်ခန်းစာများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားနိုင်မည်မဟုတ်တော့။ ထို့ကြောင့် သူမ သင်တန်းထဲမှ ထွက်ခဲ့လိုက်ပါတော့သည်။

အခန်းအပြင်သို့အရောက် သူ့ကိုလှည့်ကြည့်မိတော့ စာအုပ်ကို စိတ်ပါဝင်စားစွာဖတ်နေသော သီတာသာကို သူမ တွေ့လိုက်ရပါသည်။

မာကျောလှသည့် စိတ်ဓာတ်ပိုင်ရှင် သီတာသာထံမှ Mercy တောင်းခံမိသော သူမ ရင်နင့်ရပြန်သည်။ ထို့အပြင် သူ့အထင်လွဲမှုကြီးအတွက် သူမ တကယ်ခံရခက်နေ၏။ သူနှင့်သူမ ဘာမှမဆိုင်မှန်း သိနေသော်လည်း သူမကို သူ အမြင်ရှင်းစေချင်သည်။

အပြန်လမ်းတွင် ကားမောင်းရင်း စိတ်ကျဉ်းကြပ်စွာ မျက်ရည်များ နေမိနေသူကတော့ မာန်ဝင့်မာန်ပင်။

ᄌ ᄌ ᄌ



www.burmeseclassic.com

www.burmeseclassic.com

သင်တန်းတက်ချင်စိတ် မရှိသော်လည်း သူ့ကိုတွေ့ချင်သည့် စိတ်တစ်ခုတည်းနှင့် သူမ သင်တန်းတက်ဖြစ်ခဲ့ပြန်ပြီ။ သင်တန်းအခန်းဝတွင် ရပ်ရင်း သူများရောက်နေလေမလားဟူသော မျှော်လင့်ချက်လေးနှင့် အခန်းထဲတွင် ရှာမိသော်လည်း သူရှိမနေပါ။ သူမ သက်ပြင်းမောလေးတစ်ခု ချလိုက်မိပါ၏။

"ငါ့ကိုရှာနေတာလား . . . မာန်ဝင့်မာန်"

ကျောဖက်မှထွက်ပေါ်လာသော အသံပိုင်ရှင်ကို လှည့်ကြည့်လိုက်သော် သီတသသဖြစ်နေ၏။ သူ့ကိုတွေ့လိုက်ရ၍ ဘကြောင့် တင်းစီးလှသည့် သူ့စကားကိုပင် ဂရုမစိုက်နိုင်ပဲ သူမ ပြုံးလိုက်မိပါ၏။

"ဟုတ်တယ် . . . ကျွန်မ ရှင့်ကိုရှာနေတာ သီတ"

မရှက်မကြောက် ဝန်ခံလိုက်တော့ သူက ကျေနပ်စွာပြုံးပါ၏။

"ကျွန်မ ရှင့်ကိုရှာနေတာတယ်ဆိုတာ ရှင် ဘယ်လိုလုပ်သိတာလဲ"

"ဒီသင်တန်းမှာ ငါ့ထက်ကြည့်ကောင်းတဲ့ ယောကျ်ားမှမရှိပဲ။ အဲဒီတော့ ယောကျ်ားလေးဆိုရင် စိတ်ဝင်စားတဲ့ မင်းက ငါ့ကိုပဲ စိတ်ဝင်စားမှာပေါ့။ ဒါ့ကြောင့် ငါသိနေတာ"

တင်းစီးလိုက်တာ သီတသသရယ်။ သို့သော် သူမ သည်းခံလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ရှင်နဲ့တွေ့မှ သည်းခံတဲ့စိတ်က ဘာဆိုတာ သိလိုက်ရတယ်"

"ဟုတ်လား"

"ဘုရားစူး"

"မကျိန်နဲ့။ ကျိန်တတ်တဲ့လူက ပိုပြီး လိမ်တတ်တယ်"

စွပ်စွဲမှုအတိဖြင့် ပြောလိုက်သော်လည်း သူမခေါင်းက အလိုလို ညိတ်ကာ သူ့စကားကို လိုက်နာပြီးသားဖြစ်လို့နေ၏။

"မင်း ဂီတာကောင်းကောင်း တီးတတ်တယ်နော်"

"ဆယ်တန်းအောင်ကတည်းက စတီးတတ်တာ"

"မင်း ငါ့ကို သင်ပေးချင်တယ် မဟုတ်လား?"

"ဘယ်လို?"

"ဂီတာတီးကို မင်း ငါ့ကို သင်ပေးချင်တယ်မဟုတ်လား?"

"သင်ပေးချင်တယ်ဆိုတာ ဘာကိုပြောတာလဲ?"

"မင်းအိမ်မှာနေရင်ငါ့ကို သတိရနေတတ်တယ်နော်၊ မင်းမလိမ်နဲ့" ပိုင်နိုင်စွာပြောလိုက်သော သူ့စွပ်စွဲမှုက မှန်ကန်နေသောကြောင့် သူမ မငြင်းချင်တော့။

"ရှင်ဘယ်လိုလုပ်သိလဲ?"

"ငါ့ကိုသတိရတဲ့အချိန် ငါ့အနားကို မင်းရောက်နေရင် မင်းသတိ ရတဲ့စိတ် နည်းသွားမယ်လေ။ မင်းစိတ်ကို သနားလို့ အခွင့်အရေး ပေးတဲ့ အနေနဲ့ ငါ့ကိုသင်ခိုင်းတာ။ ဟန်ဆောင်ပြီး မငြင်းနဲ့"

"ဒါဆိုရှင်ရော ကျွန်မကို သတိရနေတတ်လို့လား?"

သူ့မျက်ဝန်းစူးစူးလေးကို စေ့စေ့ကြည့်ရင်း မေးလိုက်တော့ သူ ဟာ ခနဲပြုံးလိုက်၏။

"ဝေးသေး။ သတိရစေချင်ရင် ဘုရားမှ ဆုတောင်းလေ။ ပြည့်မှာ ပါ"

ဂစ်တာစသင်ဖို့ အကူအညီတောင်းသူက သီတာသော်။ ယခုတော့ အောက်ကျို့နေရသူက မာန်ဝင့်မာန်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်ကို ဂီတာတီးသင်ပေးရမှာလား"

"သင်ပေးချင်နေတာ မဟုတ်လား"

သူမ ဟက်ခနဲ ပြုံးလိုက်မိ၏။ သူ့ကိုလည်း အသည်းယားစွာ ဗိုက် ...ညှစ်လိုက်မိပါသည်။ ဘယ်လို လူစားလေးပါလိမ့်။ သူသည် သူမ ...အားသော သားကလေးတစ်ယောက်ဖြစ်နေပါမူ သူ့ခေါင်းကို ကောင်း ...ောင်း ခေါက်လိုက်မိမည်ပင်။

ယခုတော့ သူသည် သူမထက် အသက်ကြီးသည်ဟု ထင်ရသည် ...တစ်ကြောင်း။ သူမ စိတ်လိုလက်ရ သူ့ကို ခေါက်လိုက်မိလျှင် သူမ ...သူပြန်ထိုးလိုက်နိုင်သည်က တစ်ကြောင်း တို့ကြောင့် သူ့ကိုခေါက် ...သည့်စိတ်ကို သူမ မျိုသိပ်လိုက်ရပါသည်။

"ငါ့ကိုသင်ပေးတာ အလေလိုက်တာထက်စာရင်တော့ ပိုကောင်း ပါတယ်။ မင်း တခြားယောကျ်ားတွေကို ပေးနေတဲ့ အချိန်ထဲက ငါ့ကိုခွဲပေးပေါ့။ ငါကလည်း ယောကျ်ားတစ်ယောက်ပဲလေ မင်း သင်ဖို့ စိတ်ဝင်စားမှာပါ"

"ရှင့်မှာ ဒီထက်တင်စီးတဲ့ အသုံးအနှုန်းတွေ ကျန်သေးလားသိဘ"

"မင်းက နားထောင်ချင်သေးလို့လား"

"ပြောပါ။ ကြိုက်သလောက်သာပြော။ ကျွန်မအသက်ကြီးသာ...င် ကျွန်မကို သည်းခံတတ်တဲ့စိတ်သင်ပေးတဲ့ လူတစ်ယော...က်အနေ...နဲ့ ရှင့်ကို ကျေးဇူးတင်မှာပါ ပြော"

"မင်းကျေးဇူးကို ငါစိတ်မဝင်စားဘူး။ သင်ပေးမှာလား မသင်...ေး ဘူးလား ရှင်းရှင်းပြော။ မင်းမသင်ပေးရင် နောက်တစ်ယော...ရှာ လိုက်မယ်။ ငါ့အတွက် မခဲယဉ်းဘူး"

"သင်ပေးမယ်လေ။ ဘယ်မှာ ဆုံပြီးသင်ပေးရမလဲ?"

သူမ စိတ်ပါစွာပင် ဖြေလိုက်မိပါသည်။ တကယ်ပါ။ သူ့ကို ဂစ်တာ ...ရသည်က သူမအတွက် အခွင့်ရေးတစ်ခုလို ဖြစ်နေပါသည်။ သူ ...တွေ့နေရမည့် နည်းလမ်းရသွား၍ ပျော်ပင်ပျော်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ငါက ဂီတာကို စိတ်ဝင်စားလို့ သင်ချင်တာမဟုတ်ဘူး။ တတ်
လို့ သင်တာ။ ငါစိတ်မဝင်စားတဲ့ ဘာသာတစ်ခုအတွက် အ
ပေးပြီး မသင်ချင်ဘူး။ ဒီတော့ မင်းသင်ပေးမယ်ဆိုရင် ငါ့အိမ်
လာခဲ့။ အိမ်မှာလာသင်ပေး။ ဒီဘာသာအတွက် အပြင်ကို ထ
တက မထွက်ချင်ဘူး"

တင်စီးလှသည့် သူ့စကားများကို သူမ စကားနိုင်မလုတော့
ခေါင်းညိတ်ပြရင်း သူမ ပြန်ဖြေလိုက်ပါသည်။

"ဘယ်အချိန်လာခဲ့ရမလဲ"

"ငါအားတဲ့အချိန်တစ်ခုကို Timetable မှာ ကြည့်ပြီးမင်းကို C
firm လုပ်ဖို့ ဖုန်းဆက်မယ်။ မင်းဖုန်းစောင့်"

သူပြောပြီးသည်နှင့် အတန်းထဲသို့ ဝင်သွားလေသည်။ သူ့
ပြင်ကိုကြည့်ရင်း သူမ သက်ပြင်းငွေ့ငွေ့လေး ချလိုက်မိပါသည်။ သို့
သူနှင့် နီးရတော့မည်ဖြစ်သောကြောင့် သူမ ကျေနပ်မိသည်ကတော့ အ
ပင်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

သူမထံသို့ ဖုန်းဆက်ပြီး ဂစ်တာသင်ပေးရမည့်အချိန်ကို သူပြော ။ သင်တန်းပြီးချိန် ညနေပိုင်းလေးနာရီခန့်တွင် လာခဲ့ရန် သူခေါ် ါ၏။ သူ့ခြံအရှေ့သို့ သူမကားလေးရောက်သော် သူမ ခြံထဲသို့ ကြည့်လိုက်ပါသည်။ သူသည် ခြံဝန်းထဲရှိ ပန်းအိုးများကို ရေလောင်း ။

သူမကိုတွေ့သော် သူက ခြံတံခါးဖွင့်ပေးသောကြောင့် ခြံဝန်းအတွင်း သူမကားမောင်းဝင်သွားပြီး အိမ်ရှေ့တွင် ကားရပ်ကာ အိမ်ထဲသို့ ခဲ့လိုက်ပါသည်။ သူလည်း ခြံတံခါးပိတ်ပြီး အိမ်ထဲသို့ ဝင်ခဲ့လေ ည်။

“ပန်းပင်ရေလောင်းတာ ပြီးပြီလား”

“မင်းလာလို့ ရပ်လိုက်တာတော့ မဟုတ်ဘူး။ မလောင်းချင်တော့ လို့။ မင်းကော်ဖီသောက်မှာနော်”

“အင်း . . . ”

“မင်း ငါ့ဆီလာမယ်ဆိုတာတောင် မေ့နေတာ။ မင်းကိုတွေ့တော့ မှပဲ ပြန်ပြီး သတိရတော့တယ်”

“ဟုတ်လား။ ကျွန်မကတော့ မနက်ကတည်းက ရှင့်ဆီကိုလာရ မယ်ဆိုပြီး တွေးနေတာ”



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားကြောင့် သူမ ငေးငေးလေးဖြစ်သွားရင်း အမှန်အတိုင်း ဝန်ခံလိုက်မိပါသည်။

သူ သူမကို စူးစူးလေးတစ်ချက်ကြည့်ပြီး နောက်ဖေးသို့ဝင်သွား ကာ ခဏကြာသော် ကော်ဖီလေးတစ်ခွက်ကို ယူလာပေးပါ၏။

"ကျွန်မ ကံကောင်းတယ် မဟုတ်လား? ရှင့်ကော်ဖီကြောင့်လေ"

သူပြောမည့် စကားကို အလိုက်သိစွာပင် သူမမေးလိုက်တော့ သူ ကျေနပ်စွာ ပြုံးလိုက်၏။

"လိုအပ်တဲ့ စာအုပ်တွေ မင်းယူလာလား?"

"အင်း . . . "

"အခု စတော့မလား?"

"အင်း . . . သဘောလေ"

သူနှင့် ပြဿနာ မဖြစ်ချင်ပါ။ ထို့ကြောင့် သူ့သဘောအတိုင်း အလိုက်အထိုက် ပြောလိုက်မိပါသည်။ သူမတွင်ပါသော စာအုပ်ဖြင့်ပင် သူ့ကို သင်ပေးလိုက်ပါသည်။ သူစိတ်ဝင်စားစွာ သင်ယူပါ၏။

သူနှင့်ထိုသို့နှစ်ယောက်တည်း အချိန်တစ်ခု ဖြစ်ပေါ်လာလိမ့်မည် ဟု သူမ တစ်ခါဖူးမျှပင် မတွေးဖူးပါ။ ယခုတော့ သူ့အိမ်ထဲသို့ပင် သူမ ရောက်နေရသည့်အဖြစ်ကို သူမ ကျေနပ်မဆုံးတော့။

"မင်းက သင်တဲ့နေရာမှာ စိတ်ရှည်တယ်နော်"

"ဘာလဲ ရှင်က ချီးမွမ်းတာလား"

"အပြင်မှာ လူပေါင်းစုံနဲ့ပေါင်းနေတော့ မင်းစိတ်ရှည်တတ်မှာပေါ့"

သူ ပေါ့ပေါ့လေးနှင့်ပင် ကဲ့ရဲ့လိုက်ပြန်သည်။

"သိတာ တစ်ခုတော့ ရှင်းရှင်းလင်းလင်း သဘောပေါက်ထားလိုက်ပါ။ ဒီတလောကလုံးမှာ ကျွန်မ သည်းခံပြီးပေါင်းရတဲ့ လူဆိုလို့ ရှင်ပဲရှိတယ်။ နောက်ပြီး ရှင့်အပေါ်မှာပဲ ကျွန်မ စိတ်ရှည်ဖူးတာ ကျွန်မအမုန်းဆုံးအလုပ်က တခြားတစ်ယောက်ကို သင်ပေးရတဲ့ အလုပ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com

စွာတာတာလေးပြောလိုက်သော သူမကို ဘာမှမတုံ့ပြန်ဘဲ ငေးငေး လေးကြည့်နေ၏။ သူမစကားများကြောင့် သူ ငေးငေးလေးဖြစ်သွားရသည်ဟုတော့ သူမ မယူဆရဲပါ။ ခွန်းတုံ့ပြန်ရန် စကားလုံးရွေးချယ်နေခြင်းပင် ဖြစ်ပေလိမ့်မည်။ သူမတွေ့ဖူးသမျှ ယောကျ်ားထဲတွင် သူက အသည်းအမာဆုံး ယောကျ်ားတစ်ယောက်ပင် မဟုတ်ပါလား။

"ဒီမှာ မင်းက တွေ့တဲ့လူတိုင်းကို ချိုချိုသာသာပြောပြီး ပေါင်းတတ်တယ်။ နောက်ပြီး သီတာသဆိုတဲ့ငါက မင်းပေါင်းနေသမျှကောင်တွေထက် အဆင့်မြင့်တယ်။ ရှင်းလား။ ငါ့လိုလူကို မင်းသင်ပေးရတာကိုပဲ မင်းကိုယ်မင်း ဂုဏ်ယူတတ်ဖို့ကောင်းတယ်။ နောက်ပြီး သင်ပေးတဲ့အလုပ်ကို ဘယ်လောက်ပဲမုန်းမုန်း မင်းသင်ပေးနေရတဲ့လူက ငါဆိုတာ မင်းခေါင်းထဲထည့်ထားလိုက်"

သူမ ထင်သည့်အတိုင်းပင်။ သူသည် သူမကို ငေးငေးလေးကြည့်နေခြင်းသည် နှုတ်ဆိတ်ကာ ငေးမောသွားခြင်းမဟုတ်။ သူမ၏စကားကို လက်တုံ့ပြန်ရန် ပြင်ဆင်နေခြင်းပင်။

"ရှင်စကားပြောတာ သိပ်ပြီးတင်စီးနေတယ်လို့ မထင်ဘူးလား သီတာသ"

"တခြား ဘာမှတန်ဖိုးမရှိတဲ့ ကိစ္စတွေအတွက်နဲ့ မင်းအချိန်တွေကို ဖြုန်းနေမယ့်အစား ငါ့ကိုလာသင်ပေးတာ မင်းအတွက်ပိုပြီးတောင် အကျိုးရှိသေးတယ်။ ငါက မင်းဆီက တန်ဖိုးရှိတာကိုတောင်းဘာ၊ အလကားသက်သက် အချိန်ဖြုန်းဖို့ ပြောနေတာမဟုတ်ဘူး"

စကားအဆုံးတွင်တော့ ငေးငေးလေးဖြစ်သွားရသူက သူမပင်။ သူက ပြောပြီးသည်နှင့် စာအုပ်ထဲမှ ကီးတွေကို စိတ်ဝင်တစား ဖတ်ကြည့်နေ၏။ ကီးများကို စိတ်ဝင်စားနေသော သူ့ကိုငေးကြည့်ရင်း စကားသံကို တုံ့ပြန်ရန် သူမ စဉ်းပင် မစဉ်းစားတတ်တော့ချေ။

✗ ✗ ✗

www.burmeseclassic.com

www.burmeseclassic.com

"ကော်ဖီသောက်ပြီးရင် ငါတို့တစ်နေရာကို လစ်ကြမယ်နော် . . . မိမာန်"

မာမာ့ကို အားနာလွန်းလို့သာ ကော်ဖီဆိုင်သို့ သူမ လိုက်ခဲ့သော်လည်း မာမာနှင့် ကားပတ်မောင်းရန်ကိုတော့ သူမ မလုပ်ချင်တော့။ သူမ အိမ်တွင်သာနေချင်နေမိပါသည်။ ထို့အပြင် သူချိန်းထားသည့် အချိန်ကျော်သွားမည်ကိုလည်း သူမ စိုးရိမ်နေမိပြန်ပါသေးသည်။

"ငါ အိမ်ပြန်ချင်တယ် . . . မာမာ၊ ကားမစီးချင်သေးဘူး"

မာမာ့မျက်နှာ ကွက်ခနဲ ပျက်သွားပါ၏။

"နင် ငါနဲ့ ကားပတ်စီးဖို့ငြင်းတာ အခုတလော အကြိမ်ရေ တော်တော်များနေပြီနော် မိမာန်။ နင်ဘာဖြစ်နေတာလဲ?"

"ငါ အခုတလော အပြင်ထွက်ချင်စိတ် သိပ်မရှိလို့ပါ မာမာရယ်"

"ငါ့အမြင်တော့ နင်တစ်ခုခုထူးခြားနေပြီ မိမာန်။ နောက်ပြီး နင် တစ်ခုခုဖြစ်နေသလိုပဲ။ ပုံစံတွေပြောင်းနေတယ်"

သူမ သက်ပြင်းချလိုက်ပါ၏။

"ငါ့အချိုးတွေ မပြောင်းပါဘူး မာမာရယ်"

တကယ်တော့ သူမ အချိုးပြောင်းနေခြင်းမဟုတ်။ ရှိနေသော အချိုးကို ပုံစံကျစေချင်နေခြင်းပင်။ သူ့အနားတွင် နေနိုင်သည့် မိန်းကလေးတစ်ယောက်၏ပုံစံမျိုးဖြစ်အောင် သူမ ဖန်တီးချင်နေခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါ အိမ်ပြန်တော့မယ် မာမာ။ နောက်ပြီး ငါသွားစရာလေးတွေ ရှိသေးတယ်"

သူ့ထံသို့ သူမ သွားရဦးမည်ပင်။

"နင် ဘယ်သွားစရာရှိတာလဲ?"

သူ့ကို ဂီတာသင်ပေးနေသည့် ကိစ္စကို မာမာမသိစေချင်ပါ။ သိခဲ့လျှင် မာမာတားမြစ်မည်ကို သူမ စိုးရိမ်သောကြောင့်ပင်။

"ထွေထွေထူးထူးတော့မဟုတ်ပါဘူး မာမာ။ ကဲ . . . ငါပြန်တော့မယ်"

သူမ ကော်ဖီဆိုင်လေးမှ ထပြန်ခဲ့ပါသည်။ အိမ်သို့ပြန်ရန် ရည်ရွယ်ထားပါ၏။ ကော်ဖီဆိုင်မှထွက်ပြီး ကားပေါ်သို့ တက်သည့်အချိန်တွင် သူမ၏ဟန်းဖုန်းလေး Ring မြည်လာလေသည်။

"ဟဲလို . . . "

သူမ ကားထဲသို့ဝင်ထိုင်ရင်း ဖုန်းနားထောင်လိုက်ပါသည်။

"မင်း အားတယ်နော်"

အပေါ်စီးဆန်သော မေးခွန်းပိုင်ရှင်ကတော့ သီတသပင်ဖြစ်၏။ သူမ ကျေနပ်စွာ ပြုံးလိုက်မိပါသည်။ သူ့ကို သူမ တွေ့ချင်နေသည် မဟုတ်ပါလား။

"သီတ . . . ရှင်အခု ဘယ်မှာလဲ"

"ငါ ကော်ဖီသောက်နေတာ။ တစ်ယောက်တည်း သောက်ရတာ ပျင်းလိုက်တာ။ မင်းလာခဲ့"

သူ့အပေါ်စီးဆန်သည့် စကားများကို သူမ သည်းခံပြီး နားထောင်တတ်နေပြီပင်ဖြစ်သည်။

"ရှင် ဘယ်မှာထိုင်နေတာလဲ?"

"ငါက Parisian မှာ။ ဒီကိုရောက်ဖို့ မင်းကို အချိန်ဆယ်မိနစ်ပေးမယ်။ အရောက်လာခဲ့။ မရောက်ရင်တော့ မင်းထိုက်နဲ့မင်းကံပဲ"

www.burmeseclassic.com

www.burmeseclassic.com

သူ့ ပြောပြီးသည်နှင့် ဖုန်းချလိုက်ပါသည်။ သူမ ဖုန်းလေးကို ကြည့်ပြီး တစ်ခါ ပြုံးလိုက်မိပြန်၏။ သူမ ကော်ဖီသောက်ပြီးသော်လည်း သူနှင့်ကော်ဖီသောက်ရမည့် အခွင့်ရေးကိုတော့ လက်လွှတ်မခံချင်ပါ။ ထို့ကြောင့် သူပြောသော ကော်ဖီဆိုင်သော သူပေးသော အချိန်ဆယ်မိနစ် အတွင်းရောက်အောင် ကားလေးကို မောင်းနှင်လိုက်ပါတော့သည်။

"ဆယ်မိနစ်ပြည့်လို့ ကျွန်မ မရောက်ဘူးဆိုရင် ရှင်ဒီဆိုင်မှာ မရှိတော့မယ်ပုံစံမျိုးပြောပြီး အခုတော့ စာစောင်ကိုတောင် အေးအေးဆေးဆေး ထိုင်ဖတ်နေလိုက်တာ။ ဖုန်းပြောထားတဲ့လူက ရှင်မဟုတ်တဲ့အတိုင်းပဲ"

ထိုင်ခုံတွင် ဝင်ထိုင်ရင်း ပြောလိုက်သော စကားကြောင့် သူ သူမကို စိုက်ကြည့်ရင်း အေးအေးလေးပြုံးလိုက်ပါသည်။

"မင်း Cappuccino တစ်ခွက်သောက်ရမယ်။ မင်းသောက်ချင်တယ် မဟုတ်လား"

"သောက်ရမှာပေါ့"

"ငါခေါ်လိုက်တော့ မင်းပျော်သွားတယ်မဟုတ်လား"

"ပျော်ရမှာလား"

"မင်း ပျော်ရမှာပေါ့။ နောက်ပြီး မင်းဂုဏ်လည်း ယူရဦးမယ်။ ဘာဖြစ်လို့လည်းဆိုတော့ မင်းက ငါနဲ့အတူ ကော်ဖီဆိုင် ထိုင်ခွင့်ရတဲ့ မြန်မာနိုင်ငံက တစ်ဦးတည်းသော မိန်းကလေးပဲ"

ပြောပြီးသည်နှင့် ကော်ဖီသောက်နေသော သူ့ကိုငေးကြည့်ရင်း သူမ ဘာပြန်ပြောရမှန်းမသိနိုင်တော့။

"ကော်ဖီသောက်လေ"

ကော်ဖီလာချပေးသော စားပွဲထိုးလေးထွက်သွားသည်နှင့် သူမကို သူပြောပါသည်။ စားပွဲထိုးလေးသည် သူမတို့မမှာဘဲနှင့် ကော်ဖီတစ်ခွက်လာချသည်ကိုတော့ သူမ သတိထားလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ မရောက်ခင်ကတည်းက ရှင်ကြိုပြီး ကော်ဖီမှာထားတာလား"

"ညကျရင် ငါမအားဘူး။ ငါ အပြင်သွားစရာရှိတယ်။ ဒီတော့ ဂစ်တာတီးလာမသင်ပေးနဲ့တော့"

သူမ မေးသည်ကို မဖြေဘဲနှင့် သူ စကားလမ်းကြောင်းလွှဲလိုက်ပါသည်။

"ရှင်ဘာလို့ မေးခွန်းမေးတိုင်း မဖြေတာလဲသီတ"

"ငါ မေးခွန်းတွေကို မုန်းတယ်"

"ရှင့်က လူထူးလူဆန်းပဲ"

"ငါ့ကို အဲ့လိုထင်တဲ့အတွက် ကျေးဇူးတင်တယ်။ ကဲ . . ကဲ . . ကော်ဖီသောက်လိုက်။ ပြီးရင် ငါသွားတော့မယ်"

"ကျွန်မကို ဆယ်မိနစ်အတွင်းရောက်အောင် လာခဲ့ခိုင်းတာက ကော်ဖီကို အချိန်ကိုက်မှာထားလို့ မဟုတ်လား သီတ"

မေးခွန်းကြောင့် သူ ရှက်ကိုးရှက်ကန်းတော့ ဖြစ်သွားရပါသည်။

"မင်းကော်ဖီကုန်အောင် မသောက်သေးဘူးဆိုရင် ငါထသွားရလိမ့်မယ်"

ချက်ချင်းပင် လက်ထဲမှ စာစောင်ကို စားပွဲပေါ်သို့တင်ရင်း ပြောလိုက်သောကြောင့် သူမ လန့်သွားရတော့၏။

"ကျွန်မ ကော်ဖီသောက်ပြီး ရှင်နဲ့တစ်ပတ်လောက်လောက် လမ်းလျှောက်ကြမယ်လေ။ အဆင်ပြေလား"

"မင်း ကော်ဖီကို လက်စဖြတ်လိုက်"

"အင်း . . . "

သူမ ကော်ဖီကို ခပ်မြန်မြန်ပင် သောက်လိုက်မိပါသည်။ ထိုအချိန်အေးတွင် သူမ သိလိုက်သည်က သူမသည် သူ့စကားကို ကောင်းကောင်းနာခံတတ်နေပြီဆိုသည်ကိုပင်။



www.burmeseclassic.com

www.burmeseclassic.com

သူမ ကော်ဖီသောက်ပြီးသည်နှင့် သူနှင့်အတူ လမ်းလျှောက်ဖြစ်ပါသည်။ သူနှင့် ဆေားချင်းယှဉ်လျက် လမ်းလျှောက်ရသည်ကို သူမ ပျော်ရွှင်နေပါသည်။ ခြေလှမ်းတစ်လှမ်းလှမ်းလိုက်တိုင်း သူ့ကို သူမ ငေးငေးကြည့်မိပါသည်။

"ကျွန်မ ညနေ မလာရတော့ဘူးပေါ့နော်"

"အင်း . . . မလာနဲ့တော့။ မင်းအပြင်ထွက်ဖို့ အခွင့်အရေးရသွားတာပေါ့"

"ကျွန်မ မလာတော့ဘူးဆိုတာနဲ့ ကျွန်မ အပြင်တွေလျှောက်သွားလိမ့်မယ်လို့ ရှင်ဘာလို့ တပ်အပ်ပြောတာလဲ သိတ"

"မနက်ဖြန်ဆိုရင်တော့ မင်းလာခဲ့ပါ။ ငါရှိမယ်"

သူမ မေးခွန်းကို သူပြန်မဖြေပါ။ သူ့ကို ခြေလှမ်းရပ်ကာ ငေးကြည့်နေသော သူမအနားမှ ခြေလှမ်းမှန်မှန်နှင့်ပင် သူထွက်သွားလေသည်။ သူမကို သူဘာကြောင့် အချိန်တိုင်း အထင်သေးနေပါသနည်း။ သူ့အနောက်သို့ သူမ ဆက်မလိုက်ချင်တော့။

သူ့စွပ်စွဲမှုကြောင့် သူနှင့်လမ်းတွဲလျှောက်ရင်း ဖြစ်ပေါ်လာသော ကြည်နူးမှုလေးများလည်း ပျောက်ကွယ်သွားရပါပြီ။

သူမကို လှည့်၍ပင်မကြည့်ပဲ သူ ကားပေါ်တက်ကာ မောင်းထွက်သွားပါတော့သည်။

သို့သော် သူမအတွက် ကော်ဖီကြိုတင်မှာပေးထားသည်ကို သိလိုက်ရသောကြောင့် ရင်ထဲတွင် ပီတိမြစ်လေးတစ်ခု စီးမျောသွားရင်း လမ်းလယ်ခေါင်မှာပင် သူမ ထ,ခုန်လိုက်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူမ ယနေ့ သူ့ကို ကီးအသစ်များ သင်ပေးလိုက်ပါသည်။ သူသည် သူမသင်ပေးသော ဂစ်တာကိုတီးရင်း ကလေးတစ်ယောက်ပမာ ပျော်ရွှင်နေလေသည်။ ဖြူစင်ကာ နောက်ကြောင်းရှင်းလှသည့် သူ့ကို ကြည့်လိုက်တိုင်း သူမ လိပ်ပြာမလုံသလို ခံစားရပါသည်။

"မင်း သင်ပေးတာနဲ့ ငါတောင် တော်တော်လေး တီးတတ်နေပြီနော်"

ဂစ်တာလေးကို ဒေါင်ဒင်တီးရင်း သူကျေနပ်နေပါသည်။

"သင်တန်းတက်လို့ရရဲ့သားနဲ့ ဘာဖြစ်လို့ ကျွန်မကို ဂစ်တာတီးသင်ခိုင်းတာလဲ သီတ"

သူမ ငေးမောမောလေးနှင့် မေးလိုက်ပါသည်။

"မင်းကို သင်ခိုင်းချင်လို့လေ။ ငါ့ကို မေးခွန်းထပ်မမေးနဲ့တော့"

သူ ဂစ်တာတီးမပြတ်ပဲ ပြန်ဖြေပါသည်။

"ကျွန်မ အကြောင်းတွေကိုသိရင် ရှင်ကျွန်မကို ဆက်ပြီး အဆက်အဆံ လုပ်ပါတော့မလား သီတရယ်"

သူမစကားလုံးက စိုးရိမ်မှုအထိ။ သူမ ရည်းစားများကြောင်း အထောက်ရှိကြောင်းသာ သူသိသွားပါမှု သူမကိုဆက်၍ မဆက်ဆံတော့မည်ကို လွန်စွာ စိုးရိမ်လို့နေမိပါသည်။ ထို့အပြင် သူမနောက်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းများကို ဖုံးမထားချင်ပါ။ သူ့ထံတွင် သူမ ပွင့်လင်းချင်နေမိပါသည်။

"မင်းအကြောင်းတွေကို ငါစိတ်မဝင်စားဘူး မာန်ဝင့်မာန်။ ငါစိတ်ဝင်စားတာက မင်းသင်ပေးတဲ့ ဂစ်တာတီးနည်းကိုပဲ"

"ကျွန်မ အကြောင်းတွေကို သူများပြောပြမှ ရှင်သိတဲ့အဖြစ်မျိုးကိုတော့ ကျွန်မမလိုလားဘူး"

"ငါက သူများအကြောင်းကို စိတ်ဝင်စားတတ်တဲ့လူမဟုတ်ဘူး"

"ကျွန်မ ရည်းစားအများကြီး မထားခင်က လူတစ်ယောက်နဲ့ချစ်ဖူးတယ်။ အဲဒီလူက ကျွန်မဘဝရဲ့ အချစ်ဦးပဲ"

နာမည်ဆိုးရှိနေသူနှင့် သူမ ချစ်ခဲ့မိကြောင်း သူများပြောမှ သူသိရသည့်အဖြစ်ကို သူမ မလိုလား။ သူမကိုယ်တိုင်အပြစ်ကို ဝန်ခံချင်နေပါသည်။ ဂစ်တာတီးနေသော သူ နားထောင်/မထောင်ကို သေချာမသိဘဲ သူမအကြောင်းကို ပြောလိုက်မိပါတော့သည်။

"သူ့နာမည်က မုန်တိုင်းတဲ့။ မုန်တိုင်းဆိုတဲ့အတိုင်း ကျွန်မဘဝကို မုန်တိုင်းတစ်ခုလိုပဲ တိုက်ခတ်သွားခဲ့တယ်။ သူ့ကြောင့် အချစ်က ဘာလဲဆိုတာ ကျွန်မသိခဲ့ရပြီး သူ့ကြောင့်ပဲ အချစ်ကိုကြောက်ခဲ့တယ်။ နောက်ပြီး ကျွန်မသိပ်ချစ်ရတဲ့ ကျွန်မအစ်ကိုလည်း ဆုံးရှုံးလိုက်ရတယ်"

သူမ သက်ပြင်းချလိုက်မိပါသည်။ သူက ဂစ်တာကို စိတ်ပါဝင်စားစွာ တီးခတ်လိုက်၊ ကြိုးညှိလိုက်လုပ်နေ၏။

"ကျွန်မ သူ့ကို မချစ်တော့ဘူးဆိုတာ သေချာပေမဲ့ သူ့ကိုချစ်ခဲ့မိတဲ့အတွက် ရလာတဲ့ ပြဿနာရဲ့အပြစ်ကို ကျွန်မအခုထက်ထိ ခံစားနေရတုန်းပဲ သိတရယ်"

သူမ ပြောရင်း ဝမ်းနည်းလာမိပါသည်။ မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည့် သူမတို့မိသားစုလေးကိုလည်း ပြန်လည်လွမ်းဆွတ်သတိရမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"နောက်ပြီး မုန်တိုင်းဆိုတဲ့လူက ကျွန်မဦးနှောက်တစ်နေရာမှာ အမြဲ လိုလို နေရာယူထားတယ်။ သူ့ကိုသတိရတိုင်း ကျွန်မရင်ထဲက တစ်ဆစ်ဆစ် နာကျင်ရတယ်"

ဂစ်တာတီးနေသော သူ့လက်များ ရပ်တန့်သွားပြီး သူမကို စေ့စေ့ ကြည့်လိုက်ပါသည်။

"သူ့ကိုသတိရလို့ မင်းခံစားရတယ်ဆိုရင် သူ့ကိုမေ့လိုက်ပေါ့"

"မေ့လို့မရဘူး။ တစ်ခါတစ်ခါဆို ကျွန်မအတွေးထဲကို သူရောက် ရောက်လာတတ်တယ်။ များသောအားဖြင့် မေမေနဲ့ စကားပြော လို့ အဆင်မပြေတဲ့အချိန်မျိုးဆို သူနဲ့မကြုံက်ခဲ့မိရင် သူ့ကို မတွေ့ ခဲ့မိရင် အကောင်းသားဆိုပြီး နောင်တရတတ်တယ်"

"မင်း သူ့ကို မုန်းလိုက်ပြီးပြီနော်"

"အင်း . . . "

"မုန်းပြီးပြီဆိုရင် အဲဒီအမုန်းတွေကို မင်းမေ့လိုက်။ နောက်ပြီး မင်း ရဲ့ခေါင်းထဲကို သူ့အကြောင်းရောက်ရောက်လာတယ်ဆိုတာ မင်း က လိုလိုချင်ချင်နေရာ တစ်ခုပေးလို့ပါ။ မင်းခေါင်းထဲမှာ သူ့ကို နေရာအရှင်းမပေးနဲ့။ ဒါဆို သူဘယ်လိုမှ မင်းခေါင်းထဲဝင်တော့ မှာ မဟုတ်ဘူး"

"ကျွန်မလည်း သူ့ကို မတွေးချင်ဘူး"

"ဒါဆို မတွေးနဲ့ပေါ့"

သူလိုလိုချင်ချင်ပင် မုန်တိုင်းကို မေ့ပစ်နိုင်မည့်နည်းလမ်းများကို သူမ ပြောပြနေပါသည်။

"သူ ဘယ်လိုပုံစံလဲဆိုတာ ရှင်သိချင်လား"

သူ့ကိုစိုက်ကြည့်ရင်း သူမမေးလိုက်ပါသည်။ သူ ချက်ချင်းပြန်မဖြေ သူမကို ခဏစိုက်ကြည့်လိုက်၏။ ထို့နောက် ခေါင်းကို ဖြည်းဖြည်း ခါယမ်းလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း . . . မသိချင်ဘူး။ နောက်ပြီး အဲ့ဒီလူကို စိတ်မဝင်စားဘူး"

ဟု ပြန်ဖြေပြီး ဂစ်တာဆက်တီးနေလိုက်ပါသည်။

"ကျွန်မခေါင်းထဲမှာ အခုဆိုရင် သူတစ်ယောက်တည်း မဟုတ်တော့ဘူး သီတ။ နောက်တစ်ယောက်လည်း ရောက်ရောက်နေတတ်တယ်"

"ဩော် . . . "

သူ အရေးမစိုက်သလို ဂစ်တာဆက်တီးနေ၏။

"အဲ့ဒီတစ်ယောက်က ဘယ်သူလဲဆိုတာ သိချင်လား"

သူမခေါင်းထဲသို့ ဝင်လာသော နောက်တစ်ယောက်မှာ သီတသာ ဖြစ်ကြောင်း သူမဝန်ခံရန် ရည်ရွယ်ရင်း မေးလိုက်မိပါသည်။ ထိုအခါ သူသည် တီးခတ်နေသောဂစ်တာကို ခေတ္တရပ်လိုက်ပြီး သူမကို နက်နဲသည့် မျက်ဝန်းများနှင့် စိုက်ကြည့်လိုက်ပါသည်။ ထို့နောက် သူ ခေါင်းခါယမ်းပြ၏။

သူ မသိချင်ဘူးဆိုသည့် သဘော။

"ဘာဖြစ်လို့မသိချင်တာလဲ သီတ"

"မာန်ဝင့်မာန် . . . "

သူမ မေးသည်ကိုပြန်မဖြေဘဲ သူမကိုစိုက်ကြည့်ရင်း သူခေါ်လိုက်ပါသည်။

"ပြောလေ"

သူ ချက်ချင်းမပြောသေး။ သူမကို စိုက်ကြည့်နေသေး၏။ ထို့နောက် သူ သက်ပြင်းတစ်ခုချရင်း ပြုံးလိုက်ပါ၏။

"ငါ အခု မင်းကိုနမ်းလိုက်ရင် မင်း တော်တော်ပျော်သွားမှာပေါ့နော်"

ရေးရေးလေးပြုံးရင်း မေးလိုက်သော သူ့မေးခွန်းအတွက် သူမ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားပါသည်။ သူမ ရှက်သွားမိပါ၏။

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com

သူမ ကြောင်တောင်တောင်လေးဖြစ်သွားသည်ကို သူက ကြည့်ပြီး အားပါးတရ ရယ်လိုက်ပါ၏။

"ဟား . . . ဟား . . . ဟား . . . မင်းက ရှက်တတ်သားပဲ။ မင်းဒီလောက်ရည်းစားများတာ ငါ ဒီစကားလေးပြောလိုက်တာနဲ့ ရှက်သွားရလားကွ"

ရယ်ရင်းပြောလိုက်သော သူ့စကားလုံးများက ထုံးစံအတိုင်း အပေါ်စီးနိုင်လွန်းလှပါသည်။

"မင်း စိတ်ပြောင်းသွားအောင် လုပ်လိုက်တာပါ။ ဘယ်လိုမှ သဘောမထားနဲ့"

သူမကို သူပြန်ရှင်းပြပါသေး၏။

"မင်းရည်းစားဦးက အခုလောက်ဆိုရင် မင်းကို မေ့တောင်မေ့နေလောက်ပြီ။ မင်းကတော့ သူ့ကြောင့် အခုထက်ထိ အဆင်မပြေနိုင်သေးဘူးဆိုရင် မင်းနာတာပေါ့။ ငါဆိုရင် ငါ့ကို အဆင်မပြေအောင်လုပ်တဲ့ ဘယ်သူ့ကိုမဆို ငါ့ခေါင်းထဲမှာ နေရာမပေးတတ်ဘူး။ မောင်းထုတ်ပြစ်တတ်တယ်။ သူတို့အတွက် ငါ့ဦးနှောက်ကို အားနာလို့"

သူ ဂစ်တာပြန်တီးနေပါ၏။

"ဟုတ်တယ်နော်၊ သီတပြောတာ မှန်တယ်။ အခုထက်ထိ သူ့ကြောင့် မေမေနဲ့ကျွန်မ အဆင်မပြေသေးဘူး"

"လောကမှာ ဘာက တန်ဖိုးအရှိဆုံးလို့ မင်းထင်လဲ"

"ဘာက တန်ဖိုးအရှိဆုံးလဲ"

"မိဘ"

"မိဘ ?"

"အင်း . . . ဘယ်သူ့ကြောင့်မှ မိဘကိုပေးရမယ့်အချိန်တွေကို မကုန်ဆုံးစေနဲ့။ ကုန်ဆုံးမိတယ်ဆိုရင်တော့ အဲဒါ အကြီးမားဆုံး ဆုံးရှုံးမှုကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်က ဒါတွေလည်း သိတာပဲလား သီတ"

"မင်းမသိတဲ့ တော်တော်များများကို ငါသိတယ် မာန်ဝင့်မာန်။ နောက်ပြီး အယ်တော့မှ အရွဲ့မတိုက်နဲ့။ အရွဲ့တိုက်တယ်ဆိုမှတော့ ကိုယ်ပဲရွဲ့တော့မှာပေါ့"

သူ့စကားလုံးများသည် အေးချမ်းလှပြီး တန်ဖိုးရှိကြောင်း သူမ နားလည်နိုင်ပါသည်။

"ကျွန်ကို ဒီလိုပြောပြပေးတဲ့အတွက် ကျွန်မကျေးဇူးတင်ပါတယ် သီတ။ ကျွန်မကို ဒီလိုဆုံးမဖူးတာ သူစိမ်းယောကျ်ားလေးတွေထဲမှာ ရှင်က ပထမဦးဆုံးပဲ"

သူ့ကိုစိုက်ကြည့်ရင်း သူမ လေးနက်စွာ ကျေးဇူးတင်စကားပြောလိုက်မိချိန်တွင်တော့ သူသည် ဂစ်တာကိုသာ စိမ်ပြေနပြေ တီးခတ်ရန် ကြိုးစားနေပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"မိမာန် . . . နင် ငါ့ကို အမှန်အတိုင်းဖြေစမ်း"

မာမာသည် တစ်ခါဖူးမှမထွက်ဖူးသည့် ဒေါသများနှင့် သူမကိုတွေ့ က်သည်နှင့် မေးခွန်းထုတ်လိုက်ပါသည်။ မာမာ့မေးခွန်းကို သူမ နား သည်ပါ။

"နင်ဘာတွေပြောနေတာလဲ မာမာ"

"နင် အခု ဟိုလူ့ကန့်လန့်နဲ့ တွဲနေတယ်မဟုတ်လား"

"သီတာသကို ပြောတာလား"

"တခြားဘယ်သူရှိလို့လဲ?"

သူမနှင့် သီတာသတွဲနေခြင်းကို မာမာမည်ကဲ့သို့ သိသွားရပါ ည်း။

"ငါ ဘယ်လိုလုပ်သိလဲလို့ မမေးနဲ့နော် မိမာန်။ မနေ့က နင်နဲ့သူ တွဲပြီး ငါတွေ့လိုက်တယ်"

သူမ သက်ပြင်းတစ်ချက် ချလိုက်သော်လည်း မာမာ့ကိုတော့ သူမ ချင်ပါ။

"ဟုတ်တယ်။ သူနဲ့ကော်ဖီသောက်ပြီး ပြန်တာ"

"ဆိုင်မှာ ကော်ဖီထိုင်သောက်တယ်ဆိုတော့ နင်တို့ . . ."

www.burmeseclassic.com

www.burmeseclassic.com

"ငါအခု သူ့ကို ဂစ်တာတီးသင်ပေးနေတယ် မာမာ"

"ဘယ်လို?"

မာမာ မျက်လုံးအဝိုင်းသားနှင့် မေးပြန်သည်။

"သူက ဂီတာတီးတတ်ချင်လို့တဲ့"

"ဘယ်မှာသင်ပေးတာလဲ?"

"သူ့အိမ်မှာ"

မာမာ သက်ပြင်းတစ်ခုချလိုက်ပါသည်။

"မိမာန်"

မာမာသည် သူမနှင့် မျက်နှာချင်းဆိုင်ရင်း သူမကို လေးနက်စွာ ခေါ်လိုက်ပါသည်။

"နင့်ကို တစ်ခုပြောမယ်နော်။ နင်တစ်မျိုးတော့ မထင်နဲ့။ နင်နဲ့သူ နဲ့ Life Style ချင်းလုံးဝမတူဘူး။ ခြားနားတယ်။ ဒီတော့ လုံးဝ မဖြစ်သင့်ဘူး မိမာန်"

"နင် ဘာကိုပြောချင်တာလဲ မာမာ"

"နင်သိပါတယ် . . . မိမာန်ရယ်။ နင်က ရည်းစားပေါင်းစုံထားဖူး တယ်။ နောက်ပြီး ငါတို့က လမ်းပေါ်က မိန်းကလေးတွေ။ သူက အရမ်းတည်ငြိမ်တယ်"

"နင် ဘယ်သူ့အတွက် ပြောနေတာလဲ မာမာ"

"အပြင်ဖက်က ကြည့်မယ်ဆိုရင် သူ့ဘက်ကလို့ထင်ရပေမဲ့ တကယ် တော့ နင့်အတွက်ပြောနေတာ မိမာန်။ ငါတို့လို မိန်းကလေးအမျိုး အစားကို သူ့လို ယောကျ်ားလေးတစ်ယောက်က ဘယ်နည်းနဲ့ အတည်တွဲမှာ မဟုတ်ဘူး။ အတည်မဟုတ်လို့ အပျော်အပျက် မယ်ဆိုရင်တောင် ခံသာသေးတယ်။ သူက နင့်ကို ဘယ်လိုခေါ် စဉ်မှမပါတဲ့ ဗလာသက်သက်နဲ့တွဲပြီး ခါချခဲ့မှာ ငါစိုးရိမ်လို့ မိမာန် နောက်ပြီး သူ့အပေါ်မှာ နင်တကယ်လေးနက်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းသိတယ်။ နင် အထိနာမှာ စိုးရိမ်လို့ပါ . . . မိမာန်ရယ်"

"သူ နင်ပြောသလို မဟုတ်ဘူးဆိုရင်ရော"

မရေရာလှသည့်မျှော်လင့်ချက်ငွေ့ငွေ့လေးနှင့် သူမ ပြန်မေးလိုက်မိပါသည်။

"အဲ့ဒါ သေချာလားမိမာန်"

မာမာ့အမေးအတွက် သူမတွင် အဖြေမရှိ။

"တွေ့ကတည်းက အပေါ်စီးက ဆက်ဆံတတ်တဲ့ သူ့လိုယောကျ်ားမျိုးက နင့်ကို အရေးတယူလုပ်ပြီး အချိန်ပေးပါ့မလား။ သူလိုချင်တာတွေ နင့်မှာရှိနေလို့သာ နင့်ကိုတွဲနေပြီး သူ့ဘက်က ကျေနပ်သွားတာနဲ့ နင့်ကိုဖြတ်ချခဲ့မှာ။ အဲ့ဒါ သေချာတယ်"

မာမာ့စကားလုံးများက ခိုင်မာလေ သူမအတွက် ရင်လေးရလေဖြစ်နေပါသည်။ သူမ မာ့မာ့စကားများကို ဆက်လက်နားထောင်ချင်စိတ်မရှိတော့ပါ။ မာမာ့စကားများက သူမအဖို့ ထွက်ပေါက်မဲ့စေပါသည်။

"မာမာ . . . နင်ဆက်မပြောပါနဲ့တော့လား? ငါစိတ်ညစ်လာပြီ"

"နင့်အတွက် အခုကတည်းက ခိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခု ချထားသင့်တယ်။ နောက်ပြီး နင်အထိမနာအောင် သူနဲ့ဆက်ဆံရင် အပေါ်ယံပဲ ဖြစ်သင့်တယ် မိမာန်"

သူမ ထိုစကားလုံးများကို ဆက်လက်နားထောင်နိုင်စွမ်းမရှိတော့ချေ။

"မာမာ . . . အခုလောလောဆယ် ငါသိတာကတော့ ငါမြင်ဖူးသမျှ ယောကျ်ားတွေထဲမှာ သူက သွေးအအေးဆုံးနဲ့ လမ်းအမှန်ဆုံး ယောကျ်ားတစ်ယောက်ပဲ။ ဒီတော့ သူ့ဂစ်တာတီးတတ်သွားတဲ့အထိ သင်ပေးဖို့ ဆုံးဖြတ်ပြီးသွားပြီ။ ဘယ်နည်းနဲ့မှ ရပ်လိုက်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် နင် ဘုမသိဘမသိနဲ့ မခံလိုက်ရဖို့ နင့်ဘက်က ခံစ
ပြင်ထားပေါ့ဟာ။ သံယောဇဉ်နဲ့ပတ်သက်ပြီး သူပြောသမျှစကား
တွေထိုး နင် မှတ်သားထားသင့်တယ်"

မာမာ့စကားများက သူမအတွက် ကောင်းဖို့ပင်။ သို့သော် ထိုစကား
လုံးများက သူမခေါင်းနောက်သွားအောင် ဖန်တီးနေပေ၏။ ထို့ကြောင့်
သူမ မာမာနှင့်ဆက်လက်တိုင်ပင်ရန် မလိုတော့ဟု တွေးလိုက်မိပါသည်။

"ငါ ပြန်တော့မယ် မာမာ"

သူမထိုင်ရာမှ ထလိုက်ရင်း ပြောလိုက်ပါသည်။ ထို့နောက် သူမ
မာမာ့ကိုပင် လှည့်မကြည့်တော့ဘဲ အိမ်သို့ ပြန်လာခဲ့ပါတော့သည်။

သူသည် မှော်ဆရာတစ်ယောက်မဟုတ်သော်လည်း မှော်ဆရာတစ်
ယောက်ကဲ့သို့ပင် သူမ၏နှလုံးသားတစ်ခုလုံးကို အပိုင်သိမ်းနိုင်ပါပေ
သည်။ ထို့အပြင် သူသည် သူမ၏အိပ်မက်ထဲသို့ပင် ပိုင်စိုးပိုင်နင်းရောက်
လာနိုင်သေး၏။



www.burmeseclassic.com

www.burmeseclassic.com

"မနေ့က ရှင့်ကို အိပ်မက် မက်တယ်သီတ"

"ဟုတ်လား?"

သူ တအံ့တဩနှင့် သူမကို စိုက်ကြည့်ရင်းမေး၏။

"အိပ်မက်ထဲမှာလည်း အပြင်ကလိုပဲ၊ ကျွန်မကို ရှင်က မခေါ်ဘူး တဲ့"

"ဪ . . . "

"ရှင်နဲ့ကျွန်မ ဘာကွာခြားလဲ သီတ"

ဂစ်တာကီးကို ကြည့်လိုက်၊ ဂစ်တာကို တီးကြည့်လိုက်လုပ်နေသော သူ့ကိုစိုက်ကြည့်ရင်း သူမမေးလိုက်မိပါသည်။ မာမာပြောသည့် life style ခြင်းကွာဟချက်ကို ဘာသာပြန်နိုင်ရန် သူမ ကြိုးစားလိုက်မိပါသည်။

"ကွာခြားတာ"

"အင်း . . . ကွာခြားတာ"

"မင်း ဘာကိုရည်ရွယ်ပြီး မေးတာလဲ"

"ပြောကြည့်ပါ။ ကျွန်မဘာကိုရည်ရွယ်တာလဲဆိုတာ မသိပေမဲ့။ ရှင်ပြောကြည့်ပါ သီတရယ်။ ကျွန်မတို့က မတူညီကြဘူးလား"

"အပေါ်ယံကြည့်ရင်တော့ လူတိုင်းတူပါတယ်။ ဒါပေမဲ့ ကြီးမား တဲ့ကွာဟချက်တွေ မင်းနဲ့ငါ့ကြားမှာ အများကြီးရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

မာမာပြောသလိုပင် သူလည်း ထိုစကားကို ထပ်ကာပြောပြန်သည်။ သူမ ရင်ထိတ်သွားမိပါသည်။ သို့သော် သူမ ထိုကွာဟချက်ကို ဆွဲညှိရန် ကြိုးစားကြည့်ချင်ပါသေး၏။

"ဘယ်လိုမျိုးလဲသီဟ"

"ငါ လိမ်တာကို သိပ်မုန်းတယ်။ နောက်ပြီး ငါလည်း မလိမ်တတ်ဘူး"

"လိမ်တယ်ဆိုတာ တစ်ခါခါ အရမ်းကို လိုအပ်ပါတယ် သီဟရယ်။ တချို့က လိမ်ချင်လို့လိမ်တာ။ တချို့က အမှန်ကိုဖွင့်ပြောရင် ပြဿနာအကြီးအကျယ်ဖြစ်မှာမို့ လိမ်တာ။ လိမ်တယ်ဆိုတိုင်း အလိမ်ခံရတဲ့လူကို မလေးစားလို့ လိမ်တယ်လို့တော့ ပြောလို့မရဘူး။ အမှားတစ်ခုကိုလုပ်ပြီး အမှန်အတိုင်းပြောလိုက်ရင် အလိမ်ခံရတဲ့လူက ပစ်ပစ်ခါခါ ဆုံးဖြတ်လိုက်မှာစိုးလို့ အဆင်ပြေအောင် လိမ်လိုက်ရတာတွေလည်း ရှိပါတယ်"

"ဘာပဲဖြစ်ဖြစ် ငါက လိမ်တာကိုမုန်းတယ်"

"ကျွန်မက တစ်ခါခါ လိမ်သင့်ရင် လိမ်တတ်တယ်"

"မင်းက လက်ရှိနဲ့ခဏတာကို တွေးတယ်။ ငါက ဟိုအဝေးကြီးကိုတွေးတယ်"

"ဘယ်လို?"

တည်တည်ငြိမ်ငြိမ်ပင် ပြောလိုက်သော သူ့စကားလုံးကို သူမ နားမလည်ပါ။

"မိန်းကလေးတစ်ယောက် ရည်းစားများတာ အပြစ်ရှိလား . . . မာန်ဝင့်မာန်"

"ကျွန်မအဖို့တော့ အပြစ်မရှိဘူးလို့ထင်တယ်"

"အဲဒီမိန်းကလေးရဲ့ ဂုဏ်သိက္ခာရော ထိခိုက်နိုင်လား"

"မြွေမှန်ရင် တွင်းဝင်ဖြောင့်တာပဲ။ ရည်စားများရုံသက်သက်နဲ့တော့ ဂုဏ်သိက္ခာ မထိခိုက်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူဂစ်တာကို ကိုးမရှိဘဲ ဒေါင်ခနဲမြည်အောင် တစ်ချက်တီးလိုက်ပါသည်။ ဂစ်တာသံကြောင့် သူမ လန့်သွားရ၏။

"အဲဒါပဲပေါ့။ မင်းနဲ့ငါ ကွာခြားချက်ဆိုတာ"

"ဘာယ်လို"

"မင်း နားမလည်သေးဘူးလား?"

"ဟင့်အင်း"

"မင်း တော်တော်ထူတာပဲ။ အတွေးအခေါ် ညံ့တာလား?"

"ရှင် ဘာတွေပြောနေတာလဲ သိတ"

သူမကို သူစိုက်ကြည့်လိုက်၏။ ထို့နောက် သူ့လက်ထဲမှ ဂစ်တာကို နံရံတွင် ထောင်လိုက်လေသည်။

"မင်းကို ငါမေးခွန်းတွေမေးမယ်။ မင်းဖြေ။ ဒါဆိုရင် မင်းနားလည်လာလိမ့်မယ်"

"မေးလေ"

သူမ ရင်ထိတ်နေမိပါသည်။ သူနှင့်သူမအကြား ကွာခြားမှုမများစေချင်ပါ။

"အရုပ်လေးတစ်ရုပ်၊ ဟုတ်ပြီနော်။ ဆိုင်တစ်ဆိုင်မှာ မင်းမြင်သွားတယ်ဆိုပါစို့။ အပြင်မှာချိတ်ထားလို့ မင်းမြင်လိုက်တာနော်"

"အင်း . . . "

"အဲဒီအရုပ်ကို မင်းတွေ့ပြီး ကြိုက်သွားတယ်ပေါ့ကွာ။ မင်းကားရပ်ပြီးဆင်းဝယ်မယ်။ ငွေချေပြီးကာမှ အဲဒီအရုပ်နဲ့ တစ်ထပ်တည်းတူတဲ့အရုပ်ကို မင်းထပ်တွေ့မယ်။ အဲဒီအရုပ်ကတော့ ပထမ အရုပ်လို အပြင်မှာလူမြင်အောင် ချိတ်ထားတာမျိုး မဟုတ်ဘူး။ မှန်ဗီရိုထဲမှာ ထောင်ထားတာ။ အပြင်ထက် သန့်တယ်။ သစ်တယ်။ အပြင်ကအရုပ်က နေစားထားတာတို့၊ ဖုန်တက်နေတာတို့ ဖြစ်မယ်လေ ဒါဆို မင်းဘယ်အရုပ်ကို ယူမလဲ?"

သူမကို စိုက်ကြည့်ရင်း သူမေး၏။



www.burmeseclassic.com

www.burmeseclassic.com

"ဗီရိုထဲက အရုပ်ကို ယူမှာပေါ့"

"အပြင်ထား အရုပ်ကလည်း အသစ်ပဲနော်။ ဒါပေမဲ့ မင်း ဘာဖြစ်လို့ ဗီရိုထဲကအရုပ်ကို ယူတာလဲ"

"ဗီရိုထဲက ပိုသစ်လို့"

"ဒါပေမဲ့ ဗီရိုထဲကအရုပ်ကို မင်းကြိုက်ရတဲ့အကြောင်းက အပြင်မှာချိတ်ထားတဲ့ အရုပ်ကို ကြိုက်လို့နော်"

"အင်း . . ."

"မင်းအရင်ကြိုက်တဲ့ အရုပ်ကို ဘာလို့မယူတာလဲ"

"ဗီရိုထဲကအရုပ်နဲ့ အတူတူပဲဆို။ နောက်ပြီးပေးရတဲ့ ငွေပမာဏကလည်း အတူတူပဲမို့ပါ"

သူ ကျေနပ်စွာ ပြုံးလိုက်၏။ သူမ သူ့ကို ငေးကြည့်နေမိပါသည်။

"မင်းဝယ်တာက အရုပ်နော်။ တစ်လ သို့မဟုတ် နှစ်လလောက်ဆိုရင် ပျက်စီးသွားနိုင်တဲ့ အရုပ်။ ဒီလိုမျိုးပဲ လူတစ်ယောက်ကို မင်းဘဝအတွက် ရွေးချယ်မယ်ဆိုရင်လည်း မင်းအကောင်းဆုံးကိုပဲ ရွေးချယ်မယ်မဟုတ်လား။ လူတိုင်းမှာ အဲ့လိုစိတ်မျိုးရှိတယ် . . မာန်ဝင့်မာန်။ ဒီတော့ မင်းပြောတဲ့ ရည်းစားများရုံလောက်နဲ့ ဂုဏ်သိက္ခာ မထိခိုက်နိုင်ပါဘူးဆိုတဲ့စကားက မှန်နိုင်ပါ့မလား? မင်းစဉ်းစား"

နံရံတွင် ထောင်ထားသော ဂစ်တာကို သူ ပြန်ယူလိုက်ပါသည်။ ထို့နောက် ကီးနှင့်တီးနိုင်ရန် သူကြိုးစားနေ၏။

"ရှင် . . . ကျွန်မကို ဆုံးမနေတာလား သီတ။ ရည်းစားများများထားခဲ့တာ မှားတယ်လို့ ရှင်ဆိုလိုတာလား?"

"နာမည်ပျက်ရှိတဲ့လူတစ်ယောက်၊ ဒါမှမဟုတ် နာမည်ပျက်လုနီးနည်းဖြစ်နေတဲ့ လူတစ်ယောက်ကို မင်းဘဝတစ်ခုလုံးအတွက် လက်ခံနိုင်လား?"

သူမ ပြန်မဖြေနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com

"လူတိုင်းလူတိုင်းက ကိုယ့်အတွက်ဆိုရင် အကောင်းဆုံးကိုပဲ ရွေးချယ်တတ်ကြတယ်။ အဲ့ဒီလိုပဲ တခြားတစ်ယောက်ရဲ့ ရွေးချယ်ခြင်းကို ခံချင်တယ်ဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးဖြစ်အောင် လေ့ကျင့်ထားသင့်တယ်"

သူ့စကားအဆုံးတွင်တော့ သူသည် သူမကိုရည်ရွယ်ပြီး ပြောနေမှန်း ကောင်းစွာ သိလိုက်ပါသည်။ သူမ မျက်ရည်ပင် ဝဲမိပါ၏။

"ရှင်ပြောတာတွေ မှန်တယ်သီတ"

"ငါပြောတာတွေက မှန်တာမဟုတ်ဘူး။ ငါက မှန်တာတွေကိုပြောတာ မာန်ဝင့်မာန်။ ငါရွေးချယ်ရင်လည်း အကောင်းဆုံးကို ရွေးချယ်နိုင်အောင် ကြိုးစားမှာဖြစ်သလို ငါ့ကိုရွေးချယ်မယ့်သူလည်း အကောင်းဆုံးရအောင် ငါ့ကိုယ်ငါ လေ့ကျင့်ထားတယ်။ ခဏတာ အချိန်လေးအတွက် တစ်ဘဝလုံးနဲ့ရင်းပြီး မလဲလှယ်ဘူးပေါ့ကွာ။ စိတ်ညစ်တာတစ်ခုတည်းကို ရှေ့တန်းတင်ပြီး တစ်ဘဝလုံးငြိုးငယ်ရအောင် ငါမဖန်တီးတတ်ဘူး"

တိကျလှစွာသော သူ့စကားများကြောင့် ညှိုးငယ်ရသူက သူမပင်ဖြစ်ပါတော့သည်။

"ကျွန်မ ဆင်ခြင်ရတော့မယ်နဲ့တူတယ် သီတရယ်။ ကျွန်မကို ရှင်ရွေးချယ်လိုက်ဖို့အတွက် လက်ရှိအခြေအနေကနေ ပြန်ပြင်ဆင်ရင်တောင် မီပါတော့မလား"

စိုးရိမ်စွာ ရေရွတ်သံကို သူ ကြားနိုင်မည်မထင်။

သူသည် သူမ၏လေလွင့်နေသည့် လုပ်ရပ်များကို လုံးဝပင် မနှစ်သက်ကြောင်း ယနေ့တွင် ကောင်းစွာသိလိုက်ရပါသည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မေမေ . . . "

သူမ ဒေါ်စေမာန့်၏အခန်းတံခါးကို ခေါက်ရင်း အသံပြုလိုက်ပါသည်။

"ပြောလေ"

မေမေ့အေးစက်လှသော တုံ့ပြန်သံကြောင့် သူမ ဝမ်းနည်းရပါသည်။

"မေမေ . . . ခဏလောက်တံခါးဖွင့်ပေးပါလား? သမီးပြောစရာရှိလို့ပါ"

ခွင့်တောင်းလိုက်မှုကြောင့် ဒေါ်စေမာန် အခန်းတံခါးလေးကို ဖွင့်ပေးရှာပါသည်။

"ဝင်ခဲ့ပါရစေနော်"

သူမတောင်းဆိုလိုက်သော် ဒေါ်စေမာန် ခေါင်းညိတ်ရင်း တုံ့ပြန်လိုက်ပါသည်။ သူမ ဒေါ်စေမာန့်အိပ်ခန်းထဲသို့ ဝင်သွားလိုက်ပါသည်။

"မေမေ . . . သမီး မေမေ့ကို တောင်းပန်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စေမာန်တစ်ယောက် အံ့ဩသောမျက်လုံးများနှင့် သူမကိုကြည့်နေပါသည်။

"သမီးကြောင့် ကိုကို့ကို မေမေဆုံးရှုံးလိုက်ရတယ်။ နောက်ပြီး အဲဒီအတွက်လည်း သမီးတစ်ခါဖူးမှ မတောင်းပန်ဖူးဘူး။ အခု တောင်းပန်ချင်လို့ပါမေမေ"

သူမ ရင်နင့်စွာပြောလိုက်စဉ်ဝယ် သူမ မျက်ဝန်းတွင် မျက်ရည်များ ဝေ့ဝဲလာပါတော့သည်။ ဒေါ်စေမာန်သည် မည်သည့်စကားမျှ ပြန်မပြောဘဲ သူမကို စေ့စေ့ငေးကြည့်ရင်း မှင်သက်နေ၏။

"အပေါင်းကို အသစ်ဖြစ်အောင် ပြန်ဆွတာမဟုတ်ပါဘူးမေမေ။ အဲဒီအတွက် သမီးတစ်ခါဖူးမှ မတောင်းပန်ဖူးဘူးလေ။ အဲဒါကြောင့်ပါ"

မထင်မှတ်ဘဲ တောင်းပန်လာသဖြင့် အံ့ဩမှုကြောင့် ဒေါ်စေမာန် မှင်သက်နေဆဲ။

"နောက်ပြီး မေမေ့ကို အရွဲ့တိုက်ရင်း လေနေတဲ့ သမီးရဲ့အမူအကျင့်တွေကိုလည်း တတ်နိုင်သလောက် ပြင်ပါတော့မယ် မေမေ။ သမီးကို အခွင့်အရေးလေး ပေးပါနော်။ သမီးကို အရင်တုန်းကလို ပြန်မချစ်နိုင်ရင်တောင်မှ ဒီထက်တော့ နည်းနည်းလေး ပိုချစ်ပေးပါ"

သူမ မေမေ့ရှေ့တွင် အောက်ဆင်းထိုင်ရင်း လက်အုပ်ချီကာ တောင်းပန်လိုက်ပါတော့သည်။ ထိုအခါမှ မှင်သက်နေသော ဒေါ်စေမာန်တစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားရင်း မျက်ရည်များပါ ဝေ့ဝဲလာပါတော့သည်။

"ဘယ်အချိန်အထိများ မေမေနဲ့သမီး ထင်မြင်မှုတွေနဲ့ မှားနေဦးမယ် မသိဘူးနော်။ မေမေလေ သမီးကို ဘယ်တုန်းကမှ အချစ်မလျော့ခဲ့ပါဘူးကွယ်။ တစ်ခါဖူးမှလည်း မမုန်းခဲ့ပါဘူး မေမေ့သမီးပဲ၊ မေမေချစ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

လက်အုပ်ချီထားသော သူမကို ဒေါ်စေမာန်ဖက်လိုက်ရင်း တသိမ့်သိမ့်တုန်အောင် ငိုကြွေးနေပါတော့သည်။

"သမီး အထင်တွေလွဲနေရင်လည်း သမီးကို ဆုံးမပေးပါ မေမေရယ်။ သမီးကို ဒီအတိုင်းကြီး မလွှတ်ထားပါနဲ့တော့နော်"

"အစ်ကိုတစ်ယောက်လုံး ဆုံးရှုံးလိုက်ရတာတောင်မှ ကိုယ့်ကိုယ်ကိုယ် ပြန်မပြင်တဲ့သမီးကို မေမေ အားမလိုအားမရဖြစ်ပြီး လွှတ်ထားခဲ့မိတာပါ။ လျစ်လျူရှုခဲ့တာ မဟုတ်ပါဘူး . . . မာန်လေးရယ်၊ တကယ်ပါ"

သူမ မေမေ့ကို ပြန်ဖက်ထားလိုက်မိပါသည်။ တတ်နိုင်သရွေ့ မေမေ ကြိုက်သည့်ပုံစံဖြစ်အောင် ကြိုးစားတော့မည်ဟု သူမ ဆုံးဖြတ်လိုက်မိပါသည်။ ထိုစဉ်မှာပင် တစ်ဆက်တည်း ကျေးဇူးတင်မိတဲ့ လူကတော့ သီတသပင်။ သီတသနှင့်တွေ့ခဲ့သောကြောင့် လေချင်တိုင်းလေနေခဲ့သည့် သူမ၏လုပ်ရပ်များ ရပ်တန်းကရပ်လိုက်ရန် ဘရိတ်မိခဲ့ခြင်းပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်လွန်းနေ၏။ သူ့အိမ်ရှေ့တံခါးလေး စေ့ထားသော ကြောင့် သူမ တွန်းဖွင့်ကာ ဝင်ခဲ့သော်လည်း အိမ်တွင်းတွင် တိတ်ဆိတ် လွန်းနေပါသည်။

သူမ ဆက်ကာ ဝင်ခဲ့လိုက်ပါသည်။သူ ဧည့်ခန်းထဲတွင် ရှိမနေ ပါ။ သူမ ဖုန်းဆက်လိုက်စဉ်က အိမ်တွင်ရှိနေမည်ဆိုသောကြောင့် သူမ အိမ်သို့လာခဲ့သော်လည်း ယခုတော့ အိမ်တစ်အိမ်လုံး တိတ်ဆိတ်လွန်း နေပါသည်။

"သီတာသာ . . . "

သူမအသံပြုရင်း အိမ်အတွင်းပိုင်းသို့ ဆက်ဝင်လာခဲ့မိပါသည်။

"ထမင်းစားခန်းထဲမှာ ရှိတယ်။ ဝင်ခဲ့ . . . "

အာဏာသံပါသော သူ့အသံက အရင်ကလို ကြည်လင်မနေချေ။ အနည်းငယ် လေးလံနေ၏။ သူမ ထမင်းစားခန်းသို့ရောက်သော် သီ တာသာတစ်ယောက် စားပွဲပေါ်တွင် ယမကာခွက်နှင့် တခြားစားသောက် ဖွယ်ရာများကို သုံးဆောင်နေကြောင်း သူမတွေ့လိုက်ရပါသည်။ မည်သို့ မျှ မမျှော်လင့်ထားသည့်မြင်ကွင်းကို မြင်လိုက်ရသည့်အတွက် သူမ လွန် စွာ အံ့ဩသွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင် အရက်တွေသောက်နေတာလား သီတာသ"

သူက သူမလက်ကိုလှမ်းဆွဲရင်း သူနှင့်အနီးတွင်ရှိသော ထိုင်ခုံတွင် ထိုင်ခိုင်းလိုက်ပါသည်။

"မင်းသောက်မလား"

အရက်ခွက်ကို သူမကိုပြရင်း မေး၏။

"ကျွန်မ အရက်မသောက်တတ်ဘူး"

"ဘီယာတော့ သောက်တတ်ပါတယ်နော်။ နောက်ပြီး မင်း ဝိုင်လည်း သောက်တတ်မှာပါ"

သူ့စကားများက သူမကို လွန်စွာ အနေခက်စေပါသည်။ မြန်မာမိန်းကလေးတစ်ယောက်ကို ပြောနေသည့် သူ့စကားများက လွန်စွာ ရိုးနှိမ်လွန်းလှ၏။ သို့သော် သူမ ဝိုင်ပုလင်းများကို ပွေ့ပိုက်ရင်း သူနှင့် ဝင်တိုက်ခဲ့ဖူးသည်ပဲ။

"ရှင်ဘာလို့ အရက်သောက်နေတာလဲ သီတ"

"ဒီနေ့က ငါ့အတွက် အထူးနေ့ဖြစ်လို့ပေါ့"

သူခွက်ထဲမှ လက်ကျန်ဝီစကီများကို မော့သောက်လိုက်ပြီး ခွက်ထဲသို့ ဝီစကီများ ထပ်ဖြည့်လိုက်ပါသည်။

"ဒီနေ့ ငါ့မွေးနေ့လေ"

သူမကို စေ့စေ့စိုက်ကြည့်ရင်း သူပြောလိုက်၏။

"နေ့ဒီနေ့ ဂစ်တာတီး မသင်တော့ဘူး"

"ရပါတယ်"

"မွေးနေ့ရောက်တိုင်း ငါ့အမေကို ငါ အရမ်းသတိရတာပဲ . . . မာန်ဝင့်မာန်ရယ်"

သူမျက်ရည်ဝဲရင်း ပြောလိုက်သော် သူမတကာယ်ပင် စိတ်မကောင်း ဖြစ်သွားမိပါသည်။

"ရှင့်မေမေက အခု ဘယ်မှာလဲ"

"ဂျပန်မှာ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်ဖုန်းဆက်လိုက်လေ"

"မေမေက ငါ့ထက် သူ့အလုပ်ကို ပိုချစ်တယ်။ နောက်ပြီး ငါ့ကို ဒီမှာတစ်ယောက်တည်းထားတယ်။ မေမေက ဘယ်တော့မှ ငါ့အနားကို မလာဘူး။ သူ့အနားကို လာခိုင်းဖို့ပဲခေါ်တယ်။ ငါ့အနားမှာ မေမေ့ကိုထားချင်တာယ် . . . မာန်ဝင့်မာန်။ ငါ့ကို ကူညီပါလား ကွာ"

သူမ၏ လက်ဖဝါးလေးတစ်ဖက်ကို သူ လှမ်းကိုင်ရင်း သနားစဖွယ် အကူအညီတောင်းလိုက်ပါသည်။ ရင့်သီးသောစကားလုံးများကို ဖန်တီးတတ်သည့် သီတာဿဆိုသောသူသည် သနားစဖွယ်တောင်းဆိုမှုများကိုလည်း ပြုလုပ်တတ်ပါသေး၏။

"ငါလေ လောကမှာ လူနှစ်ယောက်ကိုပဲ သဲကြီးမဲကြီး စွဲလမ်းဖူးတယ်။ ဒါပေမဲ့ ငါစွဲလမ်းတဲ့လူနှစ်ယောက်လုံးက သူတို့မှာ ကိုယ်စီကိုယ်စီ တွယ်တာရာတွေ ရှိနေခဲ့တယ်။ သူတို့အတွေးထဲ၊ သူတို့ဘဝထဲကို ငါဝင်နိုင်ဖို့ တော်တော်လေးကို ပြင်ဆင်ရတယ် . . . မာန်ဝင့်မာန်ရယ်"

သူ့မျက်ဝန်းမှ မျက်ရည်ပေါက်နှစ်ပေါက် သူမ၏ လက်ဖမိုးပေါ်သို့ ကျဆင်းသွားပါ၏။

"ဘယ်သူတွေလည်းဆိုတာ ကျွန်မသိလို့ရမလား?"

"တစ်ယောက်က ငါ့မေမေ၊ နောက်တစ်ယောက်က ငါ့သိပ်ချစ်ရတဲ့ မိန်းကလေးတစ်ယောက်"

သူမရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပါသည်။ ထိုမိန်းကလေး ဘယ်သူဖြစ်မည်ကို သိချင်သော်လည်း ထိုမိန်းကလေးသည် သူမ မဖြစ်နိုင်ကြောင်းကိုတော့ သူမ ကောင်းစွာနားလည်နိုင်ပါ၏။ သူမ၏အတွေးအာရုံကို စိုးမိုးထားနိုင်သူ သီတာဿ၏ စွဲလမ်းမှုကိုခံရသော မိန်းကလေးတော်ပင် ကံကောင်းလှပေစွဟု တွေးရင်း သူမ အားကျမိ၏။

www.burmeseclassic.com

"မာန်ဝင့်မာန် . . . "

"ပြော"

"ငါ အခု သိပ်စိတ်ညစ်နေတယ်။ စိတ်ညစ်မှုပျောက်သွားအောင် မင်း ဖန်တီးပေးပါလား"

"ရှင်တော်တော်မူးနေပြီ သီတ။ ရှင် အိပ်လိုက်ပါတော့လား။ အိပ်ရာ ကနိုးလာရင် ရှင့်ခံစားချက်တွေ သက်သာကောင်း သက်သာသွား မှာပါ"

"မေမေ့အတွက် ပထမနေရာကို ငါမယူနိုင်ဘူးဆိုတာ သေချာတယ် မာန်ဝင့်မာန်။ ဒါပေမဲ့ ငါ့စွဲလမ်းမိတဲ့မိန်းကလေးရဲ့ ပထမနေရာ ကိုတော့ ငါရယူချင်တယ်"

သူမ၏အနားသို့ကပ်ကာ သူလေသံသဲ့သဲ့နှင့် တောင်းဆိုပါသည်။

"ရှင်က လူတော်တစ်ယောက်ပဲ ရှင်ရယူနိုင်မှာပါ"

"သေချာလား"

"သေချာမှာပါ"

"မင်းအဖြေကိုက မသေချာဘူး မာန်ဝင့်မာန်"

သူ စိတ်ပျက်စွာ သက်ပြင်းချလိုက်ပါသည်။ ထို့နောက် ကလေး တစ်ယောက် မျက်ရည်သုတ်သလို သူ့လက်မောင်းနှင့် မျက်ရည်များကို သုတ်လိုက်ပါသည်။

"ဘယ်လို မွေးနေ့လက်ဆောင်မျိုးကို ပေးရမလဲ သီတ။ ပြော"

သူ့စိတ် အပြောင်းအလဲဖြစ်သွားအောင် သူမ စကားလမ်းကြောင်း လွှဲလိုက်မိသည်။

"မင်း ငါ့ကိုချစ်နေလား . . . မာန်ဝင့်မာန်"

ရီဝေသောမျက်ဝန်းများနှင့် စိုက်ကြည့်ကာ မေးလိုက်သော မေးခွန်း ကြောင့် သူမ ကြောင်အမ်းအမ်း ဖြစ်သွားပါသည်။ အရက်မသောက်ဘဲ နှင့် သူမ ခေါင်းထဲတွင် မိုက်ခနဲပင် မူးဝေသွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"သီတာသ . . . ရှင်အိပ်လိုက်သင့်ပြီ"

ရီဝေစူးရှလွန်းလှသည့် သူ့မျက်ဝန်းကို ပြန်ကြည့်ရင်း သူမ အကြံ ဖြလိုက်ပါသည်။

"ငါ့အိမ်ရှေ့တံခါးနားမှာ သော့ချိတ်ထားတယ်။ အပြင်ကနေ တံခါး ပိတ်ပေးသွားနော်။ နောက်ပြီး အဲ့ဒီသော့ကို အိမ်ထဲပစ်ထည့်ခဲ့။ ဒါမှမဟုတ် မင်းယူသွား။ ငါ့ဆီမှာ သော့တစ်စုံအပိုရှိတယ်"

သူမကို စိုက်ကြည့်ရင်း သူ အကူအညီတောင်းလိုက်ပါသည်။

"ရှင်အိပ်တော့မယ်ပေါ့"

"မင်း ငါနဲ့ စကားပြောနေချင်သေးတယ် မဟုတ်လား?"

"ရှင်က မူးနေတာတောင် စကားကို အပေါ်စီးက ပြောတတ်သေး တယ်နော်"

"မင်းဘာဖြစ်လို့ ငါ့ကိုသည်းခံပြီး အပေါင်းအသင်းလုပ်နေတာ လဲ?"

သူမကို စိုက်ကြည့်ရင်း သူမေးပြန်သည်။

"လူတွေက သူတို့လုပ်ချင်တာကို လုပ်နေရရင် ကျေနပ်နေတတ် ကြတယ် သီတာ"

"အဲ့ဒီအထဲမှာ မင်းလည်းပါတယ်ပေါ့"

"အင်း . . . "

"ငါ့အခု ဘာဖြစ်ချင်နေတယ်လို့ မင်းထင်လဲ"

"မပြောတတ်ဘူး"

"ငါ့ကို မွေးနေ့လက်ဆောင်ပေးမယ်ဆို ဘာပေးမှာလဲ"

"ရှင်ပြောလေ"

"မပြောချင်ဘူး"

သူ့မွေးနေ့လက်ဆောင်အတွက် သူမ စဉ်းစားရခက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူနှင့်ယခုကဲ့သို့ စကားတွေပြောနေရသည့်အတွက်တော့ သူမ ကျေနပ်နေမိပါသည်။

"မင်းနာမည်ဘယ်သူ"

"မာန်ဝင့်မာန်လေ"

"ဩော် . . . "

သူမကိုကြည့်ရင်း သူကျေနပ်စွာ ပြုံးလိုက်၏။

"ငါ မင်းနဲ့စကားပြောနေရရင် ကျေနပ်နေတတ်တယ်လို့ မင်း ထင်လား"

"ထင်ရမလား?"

"မထင်နဲ့၊ မှားတယ်။ မင်းကို စကားပြောနေရတဲ့အချိန်မှာ စိတ်ကျေနပ်မှုတစ်ခုဆို တစ်ခုမှ မဖြစ်ပေါ်ဘူး"

ပြတ်သားလှသော သူ့စကားကြောင့် သူမ ခေါင်းငုံ့လိုက်မိပါသည်။ ရင်ထဲတွင်လည်း စူးနစ်သည့် ခံစားချက်တစ်ခုကို ခံစားလိုက်ရပါသည်။ ထိုခဏတွင် သူသည် သူမ မည်သို့မျှ မထင်မှတ်ထားသည့် အပြုအမူတစ်ခုကို ပြုမူလိုက်ပါသည်။ ထိုအပြုအမူကတော့ သူသည် သူမ ပါးလေးကို မြတ်နိုးစွာ နမ်းလိုက်ခြင်းပင်။

"ဟင်?"

သူမ အံ့ဩလွန်း၍ မျက်လုံးအဝိုင်းသားဖြစ်မိသော်လည်း မရှောင်ဖယ်လိုက်မိချေ။ သူသည် သူမပါးလေးကို နမ်းလိုက်ပြီး ကျေနပ်စွာ ပြုံးလိုက်ပါသည်။

"မင်းပျော်လိုက်တော့လေ၊ မင်းပါးကို ငါနမ်းလိုက်ပြီ"

အံ့ဩနေသော သူမကိုကြည့်ကာ သူပြုံးနေရင်း ပြော၏။ ထူးဆန်းစွာ သူ့ကို သူမစိတ်မဆိုးမိချေ။ စိတ်ညစ်နေသော သူ့စိတ်ကို လမ်းကြောင်းလွှဲပေးနိုင်သည့်အတွက်ကိုပင် သူမ ကျေနပ်နေမိပါသည်။

"မင်း ငါ့ကို အိပ်ခန်းထဲ လိုက်ပို့ပေးမလား?"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်အိပ်တော့မယ်ပေါ့"

"အင်း . . . "

"လိုက်ပို့ပေးမယ်လေ"

သူ့ကို သူမတွဲခေါ်ကာ အိပ်ခန်းထဲသို့ လိုက်ပို့ပေးလိုက်ပါသည်။ အိပ်ခန်းထဲတွင် သူ့ကို လှဲလျောင်းစေလိုက်ပြီး အပေါ်မှ စောင်ခြုံပေးခဲ့ကာ သူပြောသည့်အတိုင်း သူမတံခါးကို အပြင်မှသော့ပိတ်ကာ အိမ်ထဲသို့ ထည့်ပေးခဲ့လိုက်ပြီး သူမအိမ်သို့ ပြန်ခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မနက်မိုးလင်းစဉ်မှာပင် သူ့ထံမှ ဖုန်းဝင်လာပါသည်။ သူမကို သူ့ထံသို့ ချက်ချင်းလာခဲ့ရန် သူ ဖုန်းဆက်ခြင်းဖြစ်သောကြောင့် သူမ ချက်ချင်းပင် သူ့အိမ်သို့ ထွက်ခဲ့ရပါသည်။

သူမ သူ့အိမ်သို့ရောက်သော် သူသည် ဧည့်ခန်းထဲတွင် တစ်ယောက်တည်းထိုင်နေသည်ကို တွေ့လိုက်ပါသည်။ သူ ခေါင်းငုံ့ထား၏။ မနေ့ကအနမ်းကြောင့် သူတောင်းပန်လိမ့်မည်ဟု သူမ တွေးထင်ထားမိပါသည်။ သူမ ဧည့်ခန်းထဲသို့ရောက်သော် မနေ့က သူမပစ်ထည့်ခဲ့သည့်သော့က ကြမ်းပြင်ပေါ်တွင်ပင် ရှိသေး၏။

"ရှင်နိုးပြီလား?"

ဧည့်ခန်းထိုင်ခုံတွင် ဝင်ထိုင်ရင်း သူမမေးလိုက်ပါသည်။

"ငါ့အတွက် သံပရာရည်တစ်ခွက်လောက် ဖျော်ပေးစမ်းပါ ... မာန်ဝင့်မာန်။ ငါ ခေါင်းလေးနေလို့။ မင်းလည်း ဖျော်ပေးချင်မှ ပါ"

သူမလွယ်လာသော အိတ်ကို ထိုင်ခုံတွင်ချခဲ့ကာ သူ့အတွက် သံပရာရည်တစ်ခွက်ကို ထမင်းစားခန်းတွင် သွားရောက်ဖျော်ပေးလိုက်ပါသည်။ ထို့နောက် သူ့ကို ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ချဉ်ချဉ်လေး ဖျော်ထားတယ်"

"အင်း"

သူမဖျော်ပေးသော သံပုရာရည်ကို သူသောက်လိုက်ပါသည်။ ထို့နောက် ခွက်ကို စားပွဲပေါ်သို့ပြန်တင်ရင်း . . .

"မင်း မနေ့က ငါ့ဆီကို လာသေးလား?"

ဟု မေးလိုက်ပါသည်။ သူ့မေးခွန်းက သူမကို ခါးလယ်က ရိုက်ချိုးလိုက်သလိုပင်။ မနေ့က အဖြစ်အပျက်များကို မမှတ်မိသည့် အရိပ်အယောင်များပါနေသည့် သူ့မေးခွန်းက သူမ၏ မိန်းကလေးသိက္ခာကို ထိခိုက်စေပါသည်။

"ရှင် . . . မနေ့က အဖြစ်အပျက်တွေကို မမှတ်မိဘူးလား?"

"မမှတ်မိတာမဟုတ်ဘူး၊ မသိတာ။ မင်းလာသွားသေးလား?"

သူမ သူ့ကိုပြန်မဖြေဘဲ ကြမ်းပြင်တွင် ကျနေသော သူ့အိမ်သော့ဆွဲကိုကောက်ပြီး သူ့ကိုပေးလိုက်ပါသည်။

"မနေ့က အိမ်သော့ပိတ်ပြီး ပစ်ထည့်ပေးခဲ့တာ"

သူ သော့ကို လှမ်းယူလိုက်ပါသည်။

"ဒါဆို မင်းမနေ့က ရောက်ခဲ့တယ်ပေါ့"

"ရောက်ခဲ့တယ်"

"ဒါဆိုရင်တော့ မင်း ငါ့ကို ဘာတွေပြောခဲ့သေးလဲ။ ငါ မမှတ်မိတော့ဘူးကွာ။ ငါတို့ မနေ့က လှေကျင်ဖြစ်သေးလား?"

မနေ့က အဖြစ်များအားလုံးကို သူတကယ်ပဲ မေ့နေခြင်းလား? သူ့အခွန်းများက သူမကို ဒေါသဖြစ်ပေါ်စေပါသည်။

"ရှင် တကယ်ပဲ မမှတ်မိတာလား သိတ"

"ငါ ဘယ်တုန်းက လိမ်ဖူးလို့လဲ? မင်း ငါ့ကို ဘာတွေပြောခဲ့သေးလဲ? အရေးကြီးတာရှိရင် အခုပြောပြနော်"

သူက သူ့နားထင်ကို လက်နှင့်ထောက်ရင်း ထောက်ရင်းနှင့်ပြောပါသည်။ သူမ သက်ပြင်းရှည်တစ်ခုကို ချလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မသိတဲ့ လူတစ်ယောက်ကို သူမ စိတ်ဆိုးနေလို့လည်း အပိုပဲဖြစ်တော့မည်။ မမှတ်မိတဲ့လူကိုမေ့ခွင့်သာ သူမ ပေးလိုက်မိပါတော့သည်။

"မနေ့က ဘာမှမပြောဖြစ်ပါဘူး။ ရှင် အရက်သောက်နေတာတွေ့လို့ ကျွန်မ ပြန်သွားခဲ့တယ်။ ဒါပါပဲ"

ခွင့်မတောင်းဘဲ နမ်းလိုက်သည့်အနမ်းကြောင့် သူ့ထံမှ တောင်းပန်မှုကို သူမ မျှော်လင့်ချင်တော့။

"အင်း . . . တော်သေးတာပေါ့။ ငါတို့ ဘာမှမပြောဖြစ်ခဲ့လို့။ မင်းပြန်ချင်ရင် ပြန်တော့လေ။ ငါ အဲ့ဒါမေးချင်လို့"

သူ ခပ်အေးအေးနှင့်ပင် ပြောလိုက်ပါသည်။ သူမရင်ထဲတွင် စိတ်မကောင်းဖြစ်မှုကြီးတစ်ခု ကြီးစိုးနေပါတော့သည်။

"ကျွန်မ ပြန်တော့မယ် သီတ"

"အင်း . . . ပြန်လေ"

သူဖြေလိုက်သည်နှင့် သူမ အိမ်အပြင်သို့ ပြန်ထွက်ခဲ့လိုက်ပါသည်။

သူ့ အေးတိအေးဆက်ဆက်ဆံမှုကြီးက သူမကိုအတော်ပင် လိုက်စားလို့နေ၏။ ခွင့်မတောင်းတဲ့အနမ်းအတွက် တောင်းပန်မှုလေးတစ်ခုတော့ မိန်းကလေးဖြစ်သည့် သူမ မျှော်လင့်နိုင်ပါ၏။ သို့သော် ယခုတော့ တောင်းပန်ဖို့မဆိုနှင့် သူက သိပင်မသိတော့တဲ့။

တွေးရင်းနှင့် ဒီအတိုင်း လက်လျှော့လိုက်မည့် သူမအတွေးပြောင်းပြန်ဖြစ်သွားကာ မိန်းကလေးဣန္ဒြေကိုဖယ်ပြီး မနေ့ကကိစ္စကို ခံလိုက်ရန် သူမဆုံးဖြတ်ရင်း အိမ်ထဲသို့ ပြန်ဝင်ခဲ့ပါတော့သည်။

"သီတ . . . "

သူမ ခပ်ပြတ်ပြတ်ပင် သူ့ကိုခေါ်လိုက်သော် သူလှည့်ကြည့်၏။ သူမကိုတွေ့လိုက်သည်နှင့် ပျော်ရွှင်စွာ ပြုံးလိုက်သည့် သူ့အပြုံးတစ်ခုကို သူမ တွေ့လိုက်ရပါသည်။

"မင်း ဘာလို့ပြန်လာတာလဲ မာန်ဝင့်မာန်"

"ကျွန်မ ပြောစရာရှိသေးလို့"



www.burmeseclassic.com

www.burmeseclassic.com

သူမပြောပြီး သူ့အနားတွင် ဝင်ထိုင်လိုက်ပါသည်။

"ဘာပြောစရာရှိသေးလို့လဲ?"

"မနေ့ကကိစ္စ"

"ပြောလေ"

သူက ဘာဆို ဘာမှမဖြစ်သည့်ပုံစံမျိုးနှင့် သွေးအေးအေး။

"မနေ့က ကျွန်မကို ရှင်နမ်းလိုက်တယ် သီတာသ"

စကားဆုံးသော် သူက သူမကို စေ့စေ့စိုက်ကြည့်၏။ ထို့နောက် တွေးရင်းဖြင့် သဘောကျစွာ ထရယ်လိုက်ပါလေတော့သည်။

"ဟား . . . ဟား မဖြစ်နိုင်တာပဲ မာန်ဝင့်မာန်။ ငါ အဲဒီလောက် မလွယ်ဘူး"

"ရှင် ဒါ ဘာစကားလဲ?"

"တကယ်လို့ နမ်းဖြစ်ခဲ့တယ်ဆိုရင်လည်း မင်း ငါ့ကိုမြူဆွယ်လိုက်လို့ပဲဖြစ်မယ်"

သူက ပြုံးရင်း ပြောနေသော်လည်း သူ့စကားလုံးများက သူမ၏ ဂုဏ်သိက္ခာကို ထိခိုက်ပါသည်။

"စကားပြောဆင်ခြင်ပါလား . . . သီတာသရယ်။ ကျွန်မအဆင့်က အဲဒီလောက်အထိ မနိမ့်ပါဘူး"

သူမ သူ့ကိုစိုက်ကြည့်ရင်း ပြောလိုက်သော် သူ ငေးငေးလေးဖြစ်သွားပါသည်။

"မာန်ဝင့်မာန် . . . "

သူမကို စိုက်ကြည့်ရင်း သူခေါ်လိုက်ပါသည်။

"ပြော"

"မင်းကို ငါ လေးလေးနက်နက် ပြောစရာစကားရှိတယ်။ ငါပြောမယ့်စကားကို မင်းလက်ခံနိုင်မလား?"

"ဘာစကားလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာစကားလဲဆိုတာ မမေးနဲ့။ ငါပြောရင် မင်းလက်ခံရမယ်"

"လက်ခံရမယ်။ လက်မခံရဘူးဆိုတာ ရှင်စကားကိုကြည့်ပြီး ကျွန်မဆုံးဖြတ်ရမှာ မဟုတ်ဘူးလား"

"မင်းလက်ခံမယ်ဆိုမှ ငါ ဒီစကားကိုပြောမှာ"

"လက်ခံသင့် လက်မခံသင့် မဆုံးဖြတ်ရဘူးလား?"

"ငါပြောတာကို မင်းလက်ခံကိုခံရမယ်"

ပြောနေသည့် သူ့မျက်ဝန်းတစ်ခုလုံး လွန်စွာ လေးနက်နေ၏။ ထို့ကြောင့် သူမ သူ့ကို ဈေးမဆစ်ချင်တော့။ ထို့အပြင် သူပြောသည့်စကားတိုင်းလိုလိုကို သူမ လက်ခံချင်နေသည် မဟုတ်ပါလား။

"ပြောပါ ကျွန်မလက်ခံပါ့မယ်"

"မင်း ညဖက် အပြင်မထွက်နဲ့"

"ဘာ့ကြောင့်လဲ?"

"မထွက်ခိုင်းတာ"

"အင်း . . . "

"သေချာမှ အဖြေပေးနော်"

"ပေးပါတယ်"

သူမ အဖြေကို ချက်ချင်းပေးလိုက်သော်လည်း တကယ်တော့ သူမခေါင်းထဲတွင် အသေအချာ ဆုံးဖြတ်ပြီးမှပေးလိုက်ခြင်းပင်။ ထို့အပြင် မိခင် ဒေါ်စေမာန့်သဘောကျအတိုင်း နေမည်ဟုလည်း သူမ ဆုံးဖြတ်ပြီးသား ပင်မဟုတ်ပါလား?

"ငါ ဒီညနေ ခရီးသွားစရာရှိတယ်။ ငါခရီးသွားနေတဲ့တစ်လျှောက်လုံး မင်း ညဖက် အပြင်မထွက်ရဘူး။ ငါပြန်လာမှ မင်းအပြင်ထွက်ချင်တယ်ဆိုရင် ငါ့အိမ်ကို လာလည်ပေါ့"

"အင်းပါ . . . "

"သေချာတယ်နော်"

"စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com

သူ ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။ သူပြောသည့်စကားတိုင်းအတွက် သူမအဖို့ ခေါင်းညိတ်ရန် အသင့်ဖြစ်နေပါတော့သည်။

"ခရီးက ဘယ်ကိုလဲ?"

"ငါ့အကြောင်းတွေကို မစပ်စုနဲ့လို့ ပြောထားတယ်လေ"

"သိချင်လို့ပါ"

"မပြောပြချင်ဘူး"

"ကျွန်မကတော့ ရှင်မပြောရသေးတဲ့ စကားအတွက်ကိုတောင် လက်ခံပေးရတယ်။ ရှင်ကတော့ ကျွန်မမေးတဲ့ မေးခွန်းကိုတောင် မဖြေပေးဘူးနော်"

"အေးလေ . . . ဘာဖြစ်လဲ"

"မတရားဘူးလို့ မထင်ဘူးလား"

"ထင်တယ်ဆိုရင် ငါ့ကို အပေါင်းအသင်းမလုပ်နဲ့ပေါ့"

"ရှင့်ဖက်က ကျွန်မပြန်ရတာ ဒါပဲလား သိတ။ နောက်ပြီး ရှင်မနေ့က တကယ်နမ်းတာနော်"

"မကျေနပ်ရင် ပြန်နမ်းလေ"

သူမ မကျေမနပ်ဖြစ်နေသော်လည်း ရုပ်တည်နှင့်ပြောလိုက်သော သူ့စကားကြောင့် ပြုံးလိုက်မိပါတော့သည်။ သူ့ကို ကြည့်လိုက်တိုင်း သူမ ကျေနပ်နေသည်ကိုက သူမ၏ အားနည်းချက်တစ်ခုဖြစ်နေသည်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

သူခရီးထွက်သွားသည်မှာ တစ်ပတ်ပင် ပြည့်တော့မည်ဖြစ်ပါသည်။ သူခရီးစသွားသည့်နေ့ကတည်းက သူမသည် အပြင်ကို မလိုအပ်ဘဲနှင့် မထွက်ဖြစ်ချေ။

မာမာခေါ်တိုင်း သူမ ငြင်းဖန်များသောကြောင့် မာမာလည်း သူမ ထံသို့ ဖုန်းမဆက်တော့ချေ။ ညဖက်ဆိုလျှင် သူမ လုံးဝပင် အပြင်သို့ မထွက်ချေ။ အချိန်များကို မိခင်နှင့်အတူသာ ကုန်ဆုံးနေပါတော့သည်။ သူမအချိန်တိုင်း သူ့ကိုသာ သတိရနေမိပါတော့သည်။

"မိမာန် . . . မိမာန် . . . "

အိမ်ရှေ့တွင် ကားရပ်ပြီး ကားဟွန်းကို အသည်းအသန်တီးရင်း သူမ နာမည်ကိုလည်း အသည်းအသန် အော်ဟစ်ခေါ်နေသော မာမာ့ အသံကြောင့် သူမ အိမ်ရှေ့သို့ ပြေးထွက်ခဲ့ရပါသည်။

"မာမာ . . . ဘာဖြစ်လို့လဲ?"

အချိန်က ည(၇)နာရီပင် ထိုးတော့မည်ဖြစ်သည်။

"မိမာန် . . . ငါ့ကို ကူညီပါဦးဟာ"

"ဘာလဲ . . . မာမာ။ အလန့်တကြား"

"စိုးစံလေ . . . . . ငါတို့ ဝိုင်းပြီးထိုင်နေတုန်း ရောက်လာပြီး သောင်းကျန်းနေတယ်။ နင့်ကိုခေါ်ပေးတဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ကျွတ်"

သူမ စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်မိပါသည်။

"ငါတို့က ပြတ်ပြီးပြီပဲ နှင်လည်းသိပါတယ်"

"ဒါပေမဲ့ သူက ဂျီတိုက်နေတယ်။ ငါ့အစ်ကိုဝမ်းကွဲတွေလည်း ရှိတော့ ရန်ဖြစ်မှာစိုးရိမ်လို့ပါ။ နှင်လာပြီး သူ့ကိုပြောလိုက်တာနဲ့ သူပြန်သွားမယ်တဲ့။ နှင်လိုက်ခဲ့ပါ မိမာန်ရင်။ နောက်ဆို ကျော်မကောင်းကြားမကောင်းတွေ ဖြစ်ကုန်မှာ စိုးရိမ်လို့ပါ"

မာမာ တကယ်ပင် ခက်ခဲစွာ အကူအညီတောင်းနေခြင်းပင်။ ထို့အပြင် စိုးစံဆိုသည့်လူသည် သူမစကားကို လွန်စွာ နားရထောင့်တတ်သည့်လူပင်။ သူငယ်ချင်းမှတစ်ဆင့် ရည်းစားအဖြစ်သို့ ရောက်ခဲ့ကြသောကြောင့် ပြောမနာဆိုမနာဖြစ်နေသော စိုးစံတစ်ယောက် သူမကြောင့် သြဿနာကြီးကြီးကျယ်ကျယ် ဖြစ်ရမည်ကိုလည်း မလိုလားပါ။

"ကောင်းပြီ။ ငါလိုက်ခဲ့မယ် . . . မာမာ။ ခဏ"

သူမ လျင်မြန်စွာပင် အဝတ်အစားလဲပြီး မာမာနှင့် လိုက်ခဲ့လိုက်ပါတော့သည်။

မာမာ့အစ်ကိုတွေရှိနေသော နေရာတွင် မာမာပြောသည့်အတိုင်း စိုးစံထင်တိုင်းကျဲနေလေသည်။ သူမ ရောက်သွားပြီး စိုးစံကို အကျိုးသင့်အကြောင်းသင့် ပြောပြလိုက်ကာမှ စိုးစံငြိမ်ကျသွားပြီး ပြန်သွားလေသည်။ ထို့နောက် သူမလည်း မာမာ့အစ်ကို ဝမ်းကွဲများကို တောင်းပန်ပြီး အိမ်ပြန်ခဲ့ပါတော့သည်။ အကယ်၍ သူမသာ ရောက်မသွားခဲ့ပါက ရန်ကြီးတစ်ပွဲဖြစ်မည်မှာ မလွဲဧကန်ပင်။

www.burmeseclassic.com

သူ့ကို သတိရတိုင်း သူ့ဖုန်းနံပါတ်ကို ဆက်မည်ဆိုလျှင် သူမဖုန်း ဆက်ချိန်သည် အကြိမ်ကြိမ်ဖြစ်ပေါ်နေမည်ပင်။

ခါတိုင်းနေ့တွေထက် သတိရခြင်းက အားကြီးနေသောကြောင့် သူ့ အိမ်ဖက်သို့ သူမ ကားလေးမောင်းရင်း ထွက်လာခဲ့မိပါတော့သည်။

သူမ သူ့ခြံဝန်းအရှေ့သို့ ရောက်သော် ထူးခြားစွာ သူ့အိမ်တံခါး လေး ပွင့်နေ၏။

"သူ့ခရီးက ပြန်ရောက်နေပြီလား?"

ဟူသောအတွေးနှင့် သူမ ပြုံးပျော်သွားမိပါသည်။ ထို့ကြောင့် များ စွာ စဉ်းစားမနေတော့ဘဲ သူ့အိမ်ခြံဝန်းထဲသို့ ကားလေးကို ချိုးကွေ့ဝင် မိပါသည်။

သူမ အိမ်ထဲသို့ဝင်သွားတော့ ဧည့်ခန်းဆက်တီခုံပေါ်တွင် လှဲအိပ် နေသော သူ့ကို တွေ့လိုက်ရပါသည်။

သူနှင့် အနီးဆုံးခုံတွင် ဝင်ထိုင်ပြီး အိပ်ပျော်နေသော သူ့ကို သူမ မက်မောစွာ ငေးကြည့်နေမိပါတော့သည်။

"သတိရလိုက်တာ သီတရယ်။ ရှင်ပြန်ရောက်နေတာ ဘာဖြစ်လို့ ကျွန်မကို အကြောင်းမကြားတာလဲ?"



www.burmeseclassic.com

www.burmeseclassic.com

တီးတိုးရွတ်ရင်း သူ့ကို အပြစ်တင်လိုက်မိပါသည်။ ထိုစဉ် သူ နိုး ထလာပါသည်။ မျက်လုံးဖွင့်ဖွင့်လိုက်ချင်း သူမကို သူမြင်လိုက်ရသော်လည်း အံ့ဩမှုအရှင်းမရှိ။ ထို့အပြင် မည်သို့မျှ မထူးခြားသလိုနှင့် သက်ပြင်းတစ်ခုကိုပင် သူချလိုက်ပါသေးသည်။

"ရှင်ပြန်ရောက်နေတာ ကြာပြီလား သီတ"

သူ့ထုံးစံအတိုင်း သူပြန်မဖြေပါ။ စားပွဲပေါ်တွင် တင်ထားသော ရေခွက်ကို ယူသောက်လိုက်ပါသည်။

"ကျွန်မက သတိရနေတာ"

သူ ဖန်ခွက်ကို စားပွဲပေါ်သို့ပြန်တင်ပြီး သူမကို မျက်လုံးစိမ်းစိမ်းကြီးများနှင့် စိုက်ကြည့်လိုက်ပါသည်။

"မင်း ရှက်တတ်လား . . . မာန်ဝင့်မာန်။ ရှက်တတ်တဲ့စိတ်ရော မင်းမှာ ရှိရဲ့လား?"

ဆိုင်းမဆင့်ဗုံမပါ ပြောလိုက်သော သူ့စကားကြောင့် သူမ ငေးငေးလေးဖြစ်သွားရ၏။

"ရှင် ဘာကိုပြောတာလဲ?"

သူ့မျက်လုံးစိမ်းများအတွင်းမှ ဒေါသအငွေ့အသက်တို့ကိုလည်း သူမ ထပ်မံတွေ့လိုက်ရပြန်သည်။

"သွား . . . မင်းထွက်သွားတော့"

သူမကို စိုက်ကြည့်ရင်း အေးစက်နေသော လေသံနှင့် အံကြိတ်ရင်း ပြော၏။ သူမ နားမလည်နိုင်တော့။

"ဘာဖြစ်လို့ ကျွန်မကို မောင်းထုတ်နေတာလဲ သီတ"

"မင်းကို ထွက်သွားလို့ ပြောနေတယ်နော်။ မင်းထွက်သွား။ ဒါမှ မဟုတ်ရင် မင်းကို ငါ ထိုးမိလိမ့်မယ်။ ယောကျ်ားလေးတစ်ယောက်ရဲ့လက်သီး ဘယ်လောက်ပြင်းလဲဆိုတာ သိချင်ရင် မင်းဒီမှာဆက်နေ"



www.burmeseclassic.com

www.burmeseclassic.com

သူ့ မကျေနပ်စွာ ပြောနေသော်လည်း သူ့အသံက ပကတိ အေး စက်နေ၏။

"ဘာကြောင့် ရှင်အခုလို ဒေါကန်နေတယ်ဆိုတာ ကျွန်မသိချင် တယ် သီတ"

မေးခွန်းကိုပြန်မဖြေဘဲ ဝုန်းခနဲ ထိုင်ရာမှထ,ရပ်ကာ သူမလက် မောင်းလေးကို အားနှင့်ဆွဲထူပြီး အနောက်ဖက်သို့ တွန်းချလိုက်သော ကြောင့် သူမ နောက်သို့ ငါးလှမ်းခြောက်လှမ်းလောက် ယိုင်သွားရပါ သည်။

"မင်းထွက်သွားတော့။ နောက်ပြီး ဘယ်တော့မှ ပြန်မလာနဲ့တော့။ မင်းက ငါနဲ့စကားပြောဖို့တောင် မထိုက်တန်တဲ့မိန်းမပဲ"

ပြောရင်း ပြန်ထိုင်လိုက်သော သူ့အပြုအမူများကို သူမ အနည်းငယ် မျှ နားမလည်နိုင်တော့။

သို့သော် ခါးခါးသီးဖြစ်နေသော သူ့ကို ဘာမှမေးမရတော့မယ့် အတူတူ သူမ သူ့သဘောအတိုင်း ပြန်ရန်စဉ်းစားပြီး အိမ်အပြင်သို့ ထွက် ခဲ့လိုက်ပါသည်။

သို့သော် သူ့ ဒေါကန်ရခြင်းအကြောင်းကို သိချင်နေမိပြန်သည်။ ထို့ကြောင့် သူရှိရာ ဧည့်ခန်းသို့ ပြန်ဝင်လာခဲ့ပြီး သူ့အရှေ့တွင် ရပ်လိုက် မိပါ၏။

"ရှင် ဘာအတွက်ကြောင့် ဒေါသထွက်နေတာလဲ သီတ။ တကယ် လို့ ကျွန်မကြောင့် ဒေါသထွက်နေတယ်ဆိုရင်လည်း အဲ့ဒီ အကြောင်းကို ကျွန်မသိသင့်တယ်"

သူမ စကားဆုံးသည်နှင့် ငိုက်စိုက်ချထားသော သူ့ခေါင်းပြန်မော့ လာပြီး သူမကို စိုက်ကြည့်လိုက်ပါသည်။ မျက်ဝန်းမှ စူးရှမှုများသည် ဒေါသကြောင့် မီးဟုန်းဟုန်းတောက်နေသကဲ့သို့ အရောင်လဲ့နေ၏။

"မင်းကို ထွက်သွားတော့လို့ ပြောနေတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မကြောင့် ဒေါသထွက်နေတာလား သီတာ"

"မင်းလို ဘာကတိမှမတည်တဲ့မိန်းမအတွက် ငါက ဒေါသထွက်ရမှာလား"

"ကျွန်မ ဘာကတိမတည်လို့လဲ"

"ကိုယ်ဘာအပြစ်ကျူးလွန်မှန်းတောင် မသိဘူးလား"

သူ့ဒေါသများတကယ်ပင် ပေါက်ကွဲနေ၏။ သူမ ထိုအခါမှ သတိအားလိုက်မိသည်က သူမ ညဖက်အပြင်ထွက်သည့်ကိစ္စကို သူသိသွားခြင်းပေလားဟူ၍ပင်။

"မင်းကတိကို မင်းတည်ရဲ့လား မာန်ဝင့်မာန်။ မင်း ညဖက် အပြင်ထွက်တယ်လေ"

သေချာသွားပါပြီ။ သူ ဒေါသထွက်ရသည့်အကြောင်းက သူမကြောင့်ပင်။

"အဲဒါ ကျွန်မရှင်းပြချင်တယ် သီတာ"

"သွားစမ်းပါ . . . သွားသေလိုက်စမ်းပါ။ ငါ့ကို ဘာမှမရှင်းပြနဲ့။ ရှင်းပြတယ်ဆိုမှတော့ ရှုပ်ထားလို့ပေါ့။ မင်းနဲ့ပတ်သက်ခဲ့မိတာကိုက ငါ့အမှား"

"ပြဿနာအကြီးအကျယ်မဖြစ်အောင် ကျွန်မတားမှဖြစ်မှာမို့ အပြင်ထွက်မိတာပါ သီတာရယ်"

"အဲဒါ အပြင်ထွက်တာပဲလေ၊ ကတိဖောက်ဖျက်တာပဲ။ နောက်ပြီး မင်းပဲ အဲဒီကတိကို လိုလိုချင်ချင်ပေးခဲ့တာ မဟုတ်လား"

သူမ မည်သို့ပင် ရှင်းပြပါစေမူ သူ နားဝင်တော့မည်မဟုတ်ချေ။

"ရှင် ကျွန်မကို အပြင်ထွက်တာမြင်တယ်ဆိုရင် ဘာဖြစ်လို့ မြင်မြင်ချင်း လာမခေါ်တာလဲ။ လာခေါ်ရင် ရှင်အခုလိုလည်း ဒေါသထွက်စရာမလိုဘူး"

"မင်းကို ငါမြင်တာမဟုတ်ဘူး။ ငါ့စိတ်ထဲက သိနေတာ။ မင်းလို မိန်းမက ငါ့ကိုပေးထားတဲ့ကတိ မတည်နိုင်ဘူးဆိုတာ သိနေလို့

www.burmeseclassic.com

www.burmeseclassic.com

မင်းကိုမေးလိုက်တာ။ ကြည့်စမ်း ငါ့စိတ်ထဲက ထင်နေတဲ့အတိုင်း
ပဲ"

သူ စားပွဲခုံပေါ်တွင် တင်ထားသော ဖန်ခွက်လေးနှင့် နံရံကို ပေါက်
ခွဲလိုက်ပါသည်။

"ခွမ်း"

ဖန်ခွက်လေးသည် နံရံနှင့်ထိမိပြီး တစ်စစီ ကွဲကြေသွား၏။

"မင်းထွက်သွားတော့ . . . မာန်ဝင့်မာန်။ ထွက်သွားတော့"

သူမ ရင်ဘတ်ကိုပါ အားနှင့်စောင့်တွန်းရင်း သူပြောလိုက်ပါသည်။

"ကတိကိုဖျက်ချင်လို့ အလေးမထားလို့ အပြင်ထွက်ခဲ့တာ မဟုတ်
ဘူး သီတ"

"မင်းထွက်သွားတော့၊ သွားတော့"

"ရှင် . . . ကျွန်မရှင်းပြတာကို နားထောင်သင့်တယ် သီတ။ တ
ဖက်သတ် ထင်မြင်ချက်နဲ့ ကျွန်မကို အနိုင်မကျင့်ပါနဲ့"

"မင်းထွက်သွားတော့၊ ငါ ထိုးမိလိမ့်မယ်"

"ထိုးချင်ရင်လည်း ထိုး။ ဒါပေမဲ့ ရှင့်အထင်တွေက မှားနေတယ်
ဖြစ်သင့်လို့ လုပ်လိုက်တဲ့အတွက် ကျွန်မ မမှားဘူး။ မလွှဲသာ
အပြင်ထွက်မိတာ"

"ဒါဆို မင်း ငါ့ဆီဖုန်းဆက်လေ။ ဖုန်းဆက်ပြီး ကိစ္စရှိလို့ အပြ
ထွက်ရမယ်လို့ ပြောလေ။ ဒါလေးတောင် မလုပ်နိုင်ဘူးလား"

"ရှင် ဒီလောက်အထိ ဒေါကန်တတ်လိမ့်မယ်လို့ မထင်မိလို့"

"ကတိဖောက်ဖျက်တာကိုရော မင်းထည့်မပြောတော့ဘူးလား"

"သီတ . . . "

"မင်းကို ငါ ထိုးပစ်လိုက်တော့မယ် မာန်ဝင့်မာန်။ မထိုးမိခင်
ထွက်သွားတော့"

သူမ၏ လက်မောင်းကိုလည်း သူ လက်သီးနှင့်ရွယ်ရင်း ရွယ်
ပြောနေ၏။ သူ့ဒေါသအတိမ်အနက်အရ သူသည် သူမကို ထိုး

www.burmeseclassic.com

www.burmeseclassic.com

နိုင်ပါသည်။ ထို့ကြောင့် သူ့ကို ရှင်းပြချင်နေသော်လည်း မဖြစ်နိုင်မှန်း သိလိုက်သောကြောင့် သူမအိမ်ထဲမှ ထွက်ခဲ့ရပါတော့သည်။ သူမအဖြစ် လမ်းတွင် တစ်လမ်းလုံး စိတ်မကောင်းခြင်းများစွာ ဖြစ်ခဲ့ရပါသည်။ ထို့အပြင် သူ့ကိုကတိပေးပြီး စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိသည့် အတွက် လည်း သူမ ရင်ထုမနာခံစားရပါသေးသည်။

"ရှင့်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်လိုက်တာ မဟုတ်ပါ ဘူးသိတရယ်"

သူမ ကားမောင်းနေရင်း မျက်ရည်ပေါက်များ ပါးပြင်ပေါ်သို့ ကျ ဆင်းခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ရောက်သော်လည်း သူမ ဘယ်လိုမှမနေတတ်။ အပြင်ထွက်ခဲ့မိသည့် သူမကိုယ်သူမ အပြစ်တင်လို့မဆုံး။ သို့သော် သူ့အနားသို့ပြန်သွားလျှင်လည်း သူဘယ်လိုမှ လက်မခံမှန်းကို သူမ သိနှင့်နေ၏။

ထို့ကြောင့် သူ့ဒေါသပြေနိုင်လောက်သည်အထိ စောင့်ပြီးမှ သွားရန် ရင်နာနာနှင့်ပင် ဆုံးဖြတ်လိုက်ပါတော့သည်။ ထို့အပြင် သူ့အနားသို့ ရောက်လျှင်လည်း သူမ အနူးအညွတ်တောင်းပန်လိုက်မည်ဟုလည်း ဆုံးဖြတ်လိုက်ပါသေး၏။ သေချာသည်ကတော့ သူမ ညဖက် လုံးဝအိပ်မပျော်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

သူမ ဆုံးဖြတ်ထားသည့်တိုင်း နံနက်စောစောပင် သူ့အိမ်သို့ ထွက်ခဲ့မိပါသည်။ သူ့အိမ်သို့ရောက်သော် သူ့အိမ်တံခါးသည် မနေ့က သူမ ထွက်ခဲ့စဉ်ကလိုပင် စေ့ထားဆဲ။ သူ့ကိုလည်း မနေ့က အဝတ်အစားနှင့်ပင် ဧည့်ခန်းထဲတွင် ထိုင်လျက်လေး အိပ်ပျော်နေသည်ကို မြင်လိုက်ရပါသည်။

သူမ ပြန်သွားစဉ်တွင် သူ မည်မျှလောက်အထိ ဒေါသထွက်ရင်း ကျန်ခဲ့မည်ဆိုသည်ကို သူမတွေးမိလိုက်ရင်း သူ့ကို လွန်စွာ သနားသွားမိပါသည်။

"သီတာ . . . "

သူ့နားတွင် ထိုင်ရင်း သူ့လက်မောင်းကို ကိုင်လှုပ်ကာ နှိုးလိုက်ပါသည်။ သူနိုးလာ၏။ ထို့နောက် သူမကိုတွေ့သွားပြီး စိုက်ကြည့်နေ၏။

"ကျွန်မ တောင်းပန်ပါတယ် . . . နော်။ ကျွန်မ တောင်းပန်တယ် သီတာရယ်။ ရှင့်ကိုပေးထားတဲ့ကတိ မတည်ဘဲ အပြင်ထွက်ခဲ့မိလို့ တောင်းပန်ပါတယ်"

သူ့လက်မောင်းလေးကို ကိုင်ထားရင်း သူမ စိတ်ပါလက်ပါ တောင်းပန်လိုက်မိပါသည်။

"မနေ့က မင်းဘာဖြစ်လို့ ဒုတိယအကြိမ် ပြန်မလာတာလဲ . . . မာန်ဝင့်မာန်"



www.burmeseclassic.com

www.burmeseclassic.com

"ရှင် မျှော်နေလို့လား"

သူ့ကို စိုက်ကြည့်ရင်း သူမမေးသော် သူပြန်မဖြေ။ ခေါင်းငုံ့လိုက်၏။

"ကျွန်မ တောင်းပန်ပါတယ်နော်။ နောက်တစ်ခါ မဖြစ်စေရပါဘူး။ သေရေးရှင်ရေးနဲ့ ကြုံရင်တောင် ရှင့်ကို အသိပေးပြီးပဲ အပြင်ထွက်ပါတော့မယ်။ နောက်ပြီး ရှင့်ကို ဒီလိုဒေါသထွက်အောင် မလုပ်တော့ပါဘူး သိတရယ်"

သူမစကားကြောင့် သူခေါင်းပြန်မော့လာ၏။ ထို့နောက် သူမကို စိုက်ကြည့်ရင်း သူ မျက်ရည်ဝဲလာ၏။

"မင်းကွာ . . . ငါ့ကို ဒေါသထွက်အောင် လုပ်ရက်တယ်"

သူမ လက်မောင်းကို လက်သီးနှင့် ခပ်ဖွဖွထိုးရင်း သူပြောလိုက်ပါသည်။ သူမ တကယ်ပင် စိတ်မကောင်းဖြစ်မိပါ၏။

"မနေ့က ပြန်လာချင်တာ။ ပြန်လာရင် ရှင့်ဒေါသကို ဆွသလိုဖြစ်မှာစိုးလို့ ပြန်မလာတာ"

"ပြန်လာပေါ့။ ဒေါသဖြစ်ရင်လည်း ခံပေါ့။ နောက်ပြီး ထိုးရင်လည်း ခံပေါ့။ မင်းက ကတိဖောက်ဖျက်တဲ့လူပဲ"

"စိတ်ချပါ၊ နောက်တစ်ခါ ရှင်သတ်လို့ သေချင်သေသွားပါစေ ရှင့်အနားကို ပြန်လာခဲ့ပါ့မယ်"

ထိုအချိန်ခဏလေးအတွင်းတွင် သူမ၏ မာန်မာနများ။ မောက်မာမှုများ ဘယ်ကို ပျောက်သွားကြမှန်းမသိချေ။ သူ့စကားလုံးများအတွင်းတွင် သူမ နစ်မျောနေမိပါသည်။

"တောင်းပန်တဲ့အနေနဲ့ ဘာပြန်လုပ်ပေးရမလဲ သိတ။ ပြော"

"ငါ့ကို ခဏလောက်ဖြစ်ဖြစ် ဖက်ထားပေးပါလား"

မဆီမဆိုင် တောင်းဆိုလိုက်သော သူ့တောင်းဆိုမှုကို သူမ မငြင်းချင်။ သူ့ကို သူမ ပခုံးပေါ်တွင် မှီလိုက်နိုင်ရန် လက်ဖြင့်သိမ်းပြီး ဖက်ထားလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းက အရင်ကတည်းက ငါ့ကိုဖက်ချင်နေတာ မဟုတ်လား?"

သူမ ပခုံးတွင်မှီနေရင်း သူပြောသော် သူမ ဒေါမကာန်ဘဲနှင့် ရယ်မိ ပြုံးပြုံးလိုက်မိပါသည်။

"နောက်တစ်ခါ ငါဘယ်လိုပဲမောင်းထုတ်မောင်းထုတ် မင်းထွက် မသွားနဲ့၊ ကြားလား"

"အင်း . . . "

"ဒေါသပြေအောင် တောင်းပန်၊ ကြားလား"

"အင်း . . . တောင်းပန်မယ်။ ဖက်ထားရုံနဲ့ ကျေနပ်နိုင်လို့လား?"

"ဒါဆို နောက်တစ်ခု ထပ်လုပ်။ ဒီကပြန်ရင် မင်းမေမေ့ကို မုန့်နဲ့ ကန်တော့လိုက်။ မင်းလုပ်ခဲ့တဲ့အပြစ်တွေအတွက် ဝန်ချတောင်းပန် ခြင်းပေါ့။ ဘယ်လိုလဲ"

ဒုတိယအကြိမ်တောင်းဆိုမှုကလည်း မည်သို့မျှ မသက်ဆိုင်ပြန်။ သို့သော် သူမအတွက်ပြောပေးသော သူ့တောင်းဆိုမှုကို သူမ လက်ခံ လိုက်မိပါသည်။

"လုပ်လိုက်မယ်။ နောက်ပြီးရော . . ."

သူမ ပခုံးပေါ်တွင်မှီထားရင်း သူမည်သို့မျှ မတုံ့ပြန်တော့။ မိနစ် အနည်းငယ်ကြာသည်အထိ သူနှင့် သူမတို့ တိတ်ဆိတ်နေကြပါသည်။

"ဖယ်တော့ . . . ငါပျင်းလာပြီ"

သူမကို တွန်းထုတ်ရင်း သူပြောလိုက်ပါသည်။

"မာန်ဝင့်မာန် . . . အမှန်တိုင်းဖြေစမ်း။ မင်း ငါ့ကိုချစ်နေလား?"

သူမေးသော စကားကြောင့် သူမကိုယ်လေး ရှိန်းခနဲဖြစ်ရင်း ရှက် သွားမိပါသည်။

"ဘာတွေလျှောက်မေးနေတာလဲ သီတ"

"စတာပါကွာ၊ အတည်မထင်နဲ့"

သူ ထိုင်ရာမှ ထရပ်လိုက်ပါသည်။ ရပ်လိုက်ပြီး သူမခေါင်းကို လက်သီးနှင့် ဖွဖွထုချလိုက်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင် မကျေအေးနိုင်သေးဘူးလား သီတ"

"ကျေအေးပြီးပါပြီ။ သက်သက်ထုလိုက်တာ။ ဘာလဲ? မကျေနပ်ဘူးလား?"

"မဟုတ်ပါဘူး"

"မကျေနပ်ရင်လည်း မတတ်နိုင်ဘူး။ မင်းကိုတွေ့ရင် ထုချင်၊ သတ်ချင်တဲ့စိတ်တွေ ဖြစ်ဖြစ်နေတယ်ကွ"

သူမကို စိုက်ကြည့်ရင်း သူပြောလိုက်၏။

"မနေ့ကတည်းက ရေလည်း မချိုးရသေးဘူး။ ဒီတော့ ငါရေချိုးလိုက်ဦးမယ်ကွာ။ မင်းလည်းပြန်တော့"

"မပြန်ချင်သေးဘူး"

"ပြန်တော့"

သူမ ခေါင်းလေးညိတ်ပြီး ထရပ်လိုက်မိပါသည်။ ထို့နောက် သူမကို စိုက်ကြည့်နေသော သူ့မျက်ဝန်းကို ယှဉ်ကြည့်လိုက်ကာ . . .

"ရှင် ကျွန်မကို အသည်းယားနေတာလား သီတ"

"မင်းလိုလူကို ဘာ့ကြောင့် အသည်းယားရမှာလဲ။ ကလေးသားပေါက်လည်း မဟုတ်ဘဲနဲ့"

"ဒါဆို ဘာဖြစ်လို့ ထုချင်၊ သတ်ချင်တဲ့စိတ်တွေ ဖြစ်နေတာလဲ"

"ပြန်တော့ . . . မာန်ဝင့်မာန်။ မင်းမေးခွန်းတွေ များလာပြီ"

သူမကိုနှင်လွှတ်ပြီး သူ ရေချိုးခန်းဘက်သို့ ဝင်သွားလေတော့သည်။ သူမ ဧည့်ခန်းထဲတွင် ရပ်လျက် ကျန်ရစ်ခဲ့ပါသည်။ ထိုစဉ်တွင်တော့ သူမရင်ထဲတွင် မနေ့ကလို လေးလံထိုင်းမှိုင်းသည့် ခံစားချက်များ ရှိမနေပါတော့ချေ။ မနေ့က သူပေါက်ခွဲခဲ့သည့် ဖန်ခွက်အပိုင်းအဆတွေများကို လှည်းကျင်းလိုက်ပြီး သူမပြန်ခဲ့ပါတော့၏။

သူပြောသလို မေမေ့ကို မုန့်နှင့်ကန်တော့ရန် သူမ အိမ်သို့ မပြန်မီ မုန့်တစ်ခု ဝင်ဝယ်ခဲ့ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"နှင် သူနဲ့တွဲတာ တစ်မျိုးတော့ကောင်းတယ် မိမာန်"

ကော်ဖီသောက်ရအောင်ဟု နားစားနေသောကြောင့် မာမာနှင့်အတူ ကော်ဖီဆိုင်သို့ သူမလိုက်လာရင်း သူ့အကြောင်းများ ပြောနေမိ၏။

"နှင့်ကို အပြင်မှာ မတွေ့ရတော့ဘူးလေ"

"အေး . . . "

"နောက်ပြီး အပြင်မထွက်တာတို့၊ ညဖက်အပြင်မထွက်တာတို့က သူတားထားလို့လား"

"သူက ငါ့ကို ကတိပေးမှ တားမယ်လို့ပြောလို့ ငါကတိပေးလိုက်တယ်"

"ဘယ်လိုလဲဟ? နှင့်ဥစ္စာက အပေါ်စီးဆန်လှချည့်လား?"

"ငါလည်း မသိတော့ဘူး . . . မာမာရယ်။ သေချာတာကတော့ သူ့စကားဆိုရင် ငါနားထောင်ချင်တယ်။ လိုက်နာချင်တယ်။ နောက်ပြီး သူဘယ်လောက်ပဲ အပေါ်စီးဆန်ဆန် ငါကိုက သူပြောသမျှကို သည်းခံချင်နေတာ"

သူမစကားကြောင့် မာမာ့မျက်ခုံးလေးအပေါ်သို့ မြင့်သွားပါ၏။

"နှင့်ရောဂါက တော်တော်ရင့်နေပြီနော် မိမာန်။ နှင် သူ့ကိုဟိုထားမိလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုတစ်ရက်က ငါ့ကြောင့် သူဒေါကန်တုန်းက ငါလေ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး။ ခေါင်းတစ်ခုလုံးကို ထူပူနေတော့တာပဲ"

"နင့်ကို သူက ဒေါကန်တယ် ဟုတ်လား"

"ငါ ညဖက်အပြင်ထွက်မိလို့"

မာမာ့မျက်ဝန်းတွင် အံ့ဩသည့်အရိပ်အယောင်များကို သူမ မြင်တွေ့လိုက်ရပါသည်။

"နင်နဲ့ သူ့ရဲ့ပတ်သက်မှုက . . ."

"ဒီအတိုင်းပဲ"

"ဒါပေမဲ့ နင့်ကို သူက တားမြစ်မှုတွေ လုပ်တယ်နော်။ ပိုင်စိုးပိုင်နင်း မဆန်ဘူးလား"

"ဆန်ပါစေတော့။ ငါလည်း မဝေခွဲတတ်တော့ဘူး"

"နင် နစ်နာမှာ ငါစိုးရိမ်တယ် မိမာန်။ နောက်ပြီး သူ နင့်ကို အခွင့်အရေးယူသေးလား"

သူမကို သီတသာမှုးရင်း နမ်းလိုက်သည့် ကိစ္စကို မာမာ့ကိုဖွင့်ပြောရန် သူမ တွေးလိုက်မိပါသည်။

"ငါ့ကို သူ တစ်ခါ နမ်းဖူးတယ် မာမာ"

"ဟာ . . . အဲဒါ နင်ပြဿနာ မရှာဘူးလား။ နင်က လက်ခံလိုက်လား"

မာမာ အထိတ်တလန့် ထအော်၏။

"သူက နမ်းပြီး မမှတ်မိဘူးတဲ့"

"မဖြစ်နိုင်တာ။ ဒါ သက်သက်ချိုးတာပဲ မိမာန်"

"ချိုးတာတော့ မဟုတ်နိုင်ပါဘူး မာမာရယ်။ အဲဒီအချိန်တုန်းက သူ ကြေကွဲပြီး နည်းနည်းသောက်ထားတယ်လေ"

"မဖြစ်နိုင်တာပါပဲ။ မိမာန် . . . နင်သူ့ကို သိပ်ချစ်နေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ယုံမိနေတာ"

သူမ စကားကြောင့် မာမာ သက်ပြင်းမောလေးတစ်ခုကို ချလိုက်ပါသည်။ ထိုစဉ် သူမတို့ထိုင်သည့် ကော်ဖီဆိုင်အတွင်းထဲသို့ သီတာသာ ဝင်လာလေသည်။ ပကတိတည်ငြိမ်လှသည့် သူ့မျက်နှာလေးကို မြင်လိုက်သည့် တစ်ခဏ သူမရင်ထဲ အေးသွားရပါသည်။

သူမ သူ့ကို လက်လှမ်းပြလိုက်သော်လည်း သူ မည်သို့မျှ မတုံ့ပြန်။ မုန့်တစ်ခုဝယ်ပြီး ဆိုင်ထဲမှ ပြန်ထွက်သွား၏။

သူ့လုပ်ရပ်ကြောင့် သူမရှက်ကာ ထူပူသွား၏။ မာမာက နင့်လူက ဘာသဘောလဲဆိုသည့်အကြည့်နှင့် သူမကိုကြည့်နေ၏။

မာမာ့အရှေ့တွင် သူ့ကြောင့် သူမအရှက်ကွဲသည်မှာ ဒါနှင့်ဆိုလျှင် နှစ်ခါရှိနေလေပြီ။

"တွေ့လား၊ နင့်ကို သူသက်သက်ကျောနေတာ မိမာန်။ သူ့ဆီက နင် ဘာမှမျှော်လင့်လို့မရဘူး"

သူမထိုင်ခုံတွင် အရုပ်ကြိုးပြတ် အသက်ပျောက်နေတော့သည်။

"ဘာခေါင်းစဉ်မှမပါတဲ့ ဆက်ဆံမှုတစ်ခုကို နင် မမက်မောနေနဲ့တော့ မိမာန်။ အိမ်မက်က နိုးထသင့်ပြီ။ နောက်ပြီး နင်တွဲခဲ့တဲ့လူတွေမှ အများကြီးရယ်။ သူက နင်အသည်းခွဲခဲ့တဲ့ လူတွေထဲက တစ်ယောက်ယောက်ရဲ့ သူငယ်ချင်းသော်လည်းကောင်း၊ အသိသော်လည်းကောင်း မဖြစ်နိုင်ဘူးလို့ နင်ပြောနိုင်လား"

မာမာ့စကားကို သူမ မတုံ့ပြန်နိုင်ပါ။ သက်ပြင်းမောတစ်ခုကို ချလိုက်ရ၏။

"နင့်ကို ကလဲ့စားချေဖို့ သက်သက်ရည်ရွယ်ပြီး နင့်အနားကို သူရောက်လာတာဆိုရင် နင်ဘယ်လို ဖြေရှင်းမလဲ မိမာန်"

စားပွဲပေါ်သို့ သူမခေါင်းငိုက်စိုက်ချလိုက်မိတော့၏။ ကော်ဖီဆိုင်ထဲသို့ ရောက်နေသည်ဟုပင် သူမ သတိမထားနိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

"သူ့ သိပ်ပိရိတယ်နော် မိမာန်။ နင် အထိနာလိမ့်မယ်။ သတိထား"

သူမ မာမာ့ကို မည်သည့်တုံ့ပြန်မှုမှ မပေးနိုင်တော့ချေ။ မာမာပြော သမျှကိုသာ နားမထောင်ချင်ဘဲနှင့် နားထောင်နေရင်း သူမ ခေါင်းထဲ တွင်လည်း အတွေးပေါင်း မြောက်မြားစွာတို့နှင့် ရှုပ်ယှက်ခတ်နေပါတော့ သည်။ ထို့အပြင် သူ့အပြုအမူများကလည်း မာမာပြောသလို သံသယ ဝင်စရာပင် ဖြစ်နေပါတော့သည်။

⁂



www.burmeseclassic.com

www.burmeseclassic.com

"ရှင် . . . ကျွန်မကို မမြင်ဘူးလား သီတ"

သူ့ကို တွေ့တွေ့လိုက်ချင်းမှာပင် သူမ မကျေနပ်စွာမေးလိုက်ပါ၏။ သို့သော် သူကအေးအေးပင် သူမကို တုံ့ပြန်၏။

"ကော်ဖီသောက်မလား"

"ကျွန်မမေးတာကို ဒီတစ်ခါတော့ဖြေပေးပါ သီတရယ်။ ကျွန်မခေါင်းတွေ ရှုပ်နေရပြီ"

"ဘယ်သူ့ကြောင့်လဲ"

"ရှင့်ကြောင့်"

"ဒါဆို ငါက မင်းခေါင်းထဲမှာ နေရာရနေပြီပေါ့။ ဟုတ်လား"

သူ ကျေနပ်သလိုလေး ရေရွတ်လိုက်ပါသည်။

"ရှင် ဖြေပါသီတရယ်။ ဝေ့လည်ကြောင်ပတ် လုပ်မနေပါနဲ့။ ကော်ဖီဆိုင်မှာ ကျွန်မကို မြင်လိုက်လား"

သူ အေးအေးလေးပင် ပြုံးလိုက်၏။ ထို့နောက် သူမခေါင်းကို လက်နှင့် ဖိလိုက်ပြန်၏။

"မြင်တယ်"

"ကျွန်မကိုမြင်ရဲ့သားနဲ့ ဘာလို့မခေါ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မခေါ်ချင်လို့ပေါ့"

"ဘာဖြစ်လို့ မခေါ်ချင်ရတာလဲ? ကျွန်မက ရှင့်မိတ်ဆက်မှုကိုခံဖို့ အဆင့်မမီလို့လား။ ဒါမှမဟုတ် ကျွန်မတို့က သူငယ်ချင်းမဟုတ်ကြဘူးလား"

"အသေအချာပဲပေါ့။ ငါတို့က သူငယ်ချင်းမှမဟုတ်တာ"

သူ့စကားကြောင့် သူမ ငေးငိုင်သွားရပါသည်။ ထို့အပြင် စိတ်ထဲ၌လည်း အမည်မဖော်နိုင်သော သိမ်ငယ်မှုကြီးတစ်ခု ဖြစ်ပေါ်သွားရပြန်၏။

"မင်းကို ငါသူငယ်ချင်း မတော်ချင်ဘူး မာန်ဝင့်မာန်။ မင်းက ငါ့သူငယ်ချင်း မဟုတ်ဘူး"

"ကျွန်မ ရှင့်သူငယ်ချင်း မဖြစ်နိုင်ဘူးလား သီတ"

"မဖြစ်နိုင်ဘူး"

"ကျွန်မ တကယ်စိတ်မကောင်းဖြစ်မိပါတယ်"

"မင်း ကော်ဖီသောက်မလား"

သူမ ခံစားမှုကို သူက လုံးဝပင်ဂရုမစိုက်။ ထိုင်ရာမှထပြီး ကော်ဖီသွားဖျော်ပြီး သူမကို ကော်ဖီတစ်ခွက် ယူလာပေး၏။

"မင်း အတွက်ကော်ဖီ"

"ရှင့်ကော်ဖီကို သောက်ရလို့ ကျွန်မကံကောင်းတယ်လို့ မပြောတော့ဘူးလား"

"သောက်စမ်းပါကွာ။ စကားမများနဲ့"

သူခပ်တည်တည်ပင်ပြော၏။ သူမ ဘာမှဆက်မပြောမိ။ ရင်ထဲတွင်တော့ တဆစ်ဆစ်နာကျင်မိပါသည်။ ကိုယ်ပေးသလောက် သူ့ဘက်က ပြန်ရသည်က ကြမ်းတမ်းသည့် စကားလုံးများပင်။ မာမာပြောသည့်ပင် သူမ ကလဲ့စားချေခံနေရသည်လား။ သို့တည်းမဟုတ် သူမ ...လိုက်ပြီလား။

"မင်း မနက်ဖြန်အားလား?"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ"

"အားလား၊ မအားဘူးလား ဆိုတာကိုသာ ဖြေကွာ"

"အားပါတယ်"

"မနက်ဖြန် မင်းငါ့ကို အဖြေပေးတော့"

"ဘာအတွက်လဲ?"

"မင်းကို ငါချစ်နေတယ် မာန်ဝင့်မာန်။ မနက်ဖြန် အဖြေပေးတော့။ ကော်ဖီဆိုင်တစ်ခုခုမှာ ပေးနော်။ အမှတ်တရပေါ့"

ကြည့်ပါဦး။ ရည်းစားစကားပြောတာကိုက အပေါ်စီးက။ သူမ မည်သို့ တုံ့ပြန်ရမည်ကိုပင် မသိတော့ချေ။

"မင်း ပျော်သွားပြီမဟုတ်လား။ ငါ့လိုလူကို မင်းချစ်သူတော်ရတော့ မယ်လေ"

တကယ်တော့ သူ့အချစ်ကို သူမ လွန်စွာတောင့်တနေမိသော်လည်း တကယ်တမ်း ဖွင့်ပြောလိုက်သော သူ့ချစ်ခွင့်ပန်မှုက နိုင်ထက်စီးနင်း ဆန်လွန်းလှနေ၏။

"ပြောပါဦး . . . သိတာရယ်။ ရှင့်မှာ ဒီထက် အပေါ်စီးဆန်တဲ့၊ ရှင့်မာတဲ့ ချိုးနှိမ်နိုင်တဲ့ စကားလုံးတွေရှိသေးလား။ ပြောစမ်းပါ"

"လောလောဆယ် ဒါပဲ စဉ်းစားလို့ရသေးတယ်။ ဒီထက်ရှင့်သီး တဲ့ စကားလုံးစဉ်းစားလို့ရရင် မင်းကို ဖုန်းဆက်ခေါ်ပြီးပြောမယ်"

သူက ပြုံးရင်း ပြောကာ ကော်ဖီသောက်လေသည်။

"ငါ့ကို ချက်ချင်းအဖြေမပေးနဲ့နော်။ မနက်ဖြန်မှပေး"

သူမ သက်ပြင်းတစ်ခု ချလိုက်မိပါသည်။ တခြား စကားများရင့် သီးသော်လည်း ရည်းစားစကားကိုတော့ သူ ရင့်ရင့်သီးသီး မပြောသင့် ချေ။

သူ့ရည်းစားစကားက မိန်းကလေးတစ်ယောက်၏ ဂုဏ်သိက္ခာ တစ်ခုလုံးကို စုတ်ပြတ်သတ်သွားအောင်ပြောသည့် စကားမျိုးနှင့်ပင် တူ နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"မနက်ဖြန် ဘယ်ကော်ဖီဆိုင်ကို လာခဲ့ရမလဲ?"

သူမ တစ်ဆစ်ဆစ်နာကျင်နေသော စံစားချက်ကို ဖုံးကွယ်ကာ မေး လိုက်မိပါသည်။

"မင်းပြောလေ။ မင်းက အမြဲပေးရမယ့်လူပဲ။ အဖိုးအခအဖြစ် မင်း ထိုင်ချင်တဲ့ဆိုင်မှာ လိုက်ထိုင်ပေးရမှာပေါ့"

သူ့စကားလုံး ရင့်ရင့်များအတွက် သူမ ရင်မဆိုင်နိုင်တော့ချေ။ သူမ ထိုင်ရာမှ ထရပ်လိုက်ပါသည်။ ထို့နောက် သူ့ကို မည်သို့မျှ မပြောဘဲ အိမ်ပြန်ခဲ့လိုက်ပါတော့သည်။

⁂



www.burmeseclassic.com

www.burmeseclassic.com

"နင် ဘာဆက်လုပ်မယ်လို့ တွေးထားလဲ မိမာန်"

အိမ်ပြန်ရောက်သည်အထိ မည်သို့မျှ မဝေခွဲနိုင်သောကြောင့် မာမာ့ကို ဖုန်းဆက်ပြီး သူမ တိုင်ပင်ကြည့်မိပါ၏။ သူမဘဝတွင် လုပ်ခဲ့သမျှ လုပ်ရပ်များကို ကိုယ်တိုင်ဆုံးဖြတ်နိုင်ခဲ့သော်လည်း သူနှင့်ပတ်သက်ပြီးမှု မည်သို့ ဆုံးဖြတ်ရမည်ကို သူမ မသိနိုင်တော့ချေ။ မဝေခွဲနိုင်တော့ချေ။

"ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူး မာမာ"

"ရည်းစားစကားပြောတာကို ကြည့်ခြင်းအားဖြင့် သူက နင့်ပေါ်မှာ နိုင့်ထက်စီးနင်းဆက်ဆံဖို့အတွက် သက်သက် နင့်ကိုချဉ်းကပ်တယ်လို့ ငါယူဆတယ်"

သူမ သက်ပြင်းမောမောလေးတစ်ခု ချလိုက်မိပါ၏။

"သေချာတာက ငါသူ့ကိုချစ်တယ် မာမာ"

"ဒါပေမဲ့ သူက နင့်ကိုချစ်လို့လား?"

ထိုအဖြေကိုလည်း သူမ မပေးတတ်ပြန်။

"မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"နင်က မိန်းကလေးလေ။ ဘယ်လောက်ပဲ နာမည်ပျက်ပျက်၊ မိန်းကလေးက မိန်းကလေးပဲ။ မိန်းကလေးဂုဏ်ကိုတော့ နင်ထိန်းရမယ် မိမာန်"

"သူ . . . ကလှဲ့စားချေတဲ့လူတစ်ယောက် မဖြစ်ပါစေနဲ့လို့ ငါ ဆုတောင်းမိတယ်"

"နင့်ဆုတောင်း မပြည့်နိုင်ဘူးလို့ ငါအာမခံရဲတယ်"

သူမ မာမာ့စကားကို နားထောင်ရင်း ခေါင်းပိုရှုပ်လာရပါတော့သည်။

"ငါ့ကို သူ့လိုမျိုး တခြားဘယ်ယောကျ်ားကမှ မဆက်ဆံဖူးဘူးဆိုတာ ငါသိတယ် မာမာ။ ဒါပေမဲ့ ငါသူ့ကိုချစ်တယ်"

"နင် သူ့ကို ပညာပြန်ပေးကြည့်ပါလား။ နောက်တော့မှ တစ်မျိုး ပြန်စဉ်းစားကြည့်ကြတာပေါ့"

"ဘယ်လိုမျိုးလဲ ပြောကြည့်လေ"

သူမရင်ထဲ လေးလံနေပါသည်။

"နင် သူ့ကို နှစ်ယောက်တည်း အဖြေပြန်မပေးနဲ့။ လူကြားထဲမှာ ခေါ်ပြီးပြောပေါ့။ နောက်ပြီး နင့်သိက္ခာကို ပြန်ပြီး အဖတ်ဆယ်တဲ့အနေနဲ့ သူ့ကို နင်ငြင်းလိုက်ပေါ့"

"ဘုရား . . . ဘုရား။ မဟုတ်တာ မာမာရယ်။ သူ့ကို ငါ မငြင်းရက်ဘူး"

"တစ်ချိန်လုံး နိုင့်ထက်စီးနင်း ဆက်ဆံလာတဲ့သူ့ကို နင် ဒီ Lessonပြန်ပေးမှ တန်မှာနော်။ နောက်ကိစ္စ နောက်ဆက်ရှင်းပေါ့။ တကယ်လို့ သူက နင့်ကို တကယ်ချစ်တယ်ဆိုရင် နင့်ဆီကို ပြန်လာဖြစ်အောင် ပြန်လာမှာပဲ။ အဲဒီတော့မှ နင်လက်ခံလိုက်ပေါ့။ ဒီအတိုင်းကြီး အဖြေပြန်ပေးလိုက်မယ်ဆိုရင် သူ့ဘက်က ဘယ် သတ်သတ် နင်က သေမယ့်လူဖြစ်နေပြီ။ လူကြားသူကြားထဲ

www.burmeseclassic.com

www.burmeseclassic.com

ခေါ်တာလေးကိုတောင် ပြန်မခေါ်တဲ့လူကို ဒီလိုမှ မလုပ်ဘူးဆိုရင် နင်အထိနာလိမ့်မယ် မိမာန်"

တကယ်တော့ သူမကိုယ်တိုင်လည်း ထူပူနေ၏။ ဘယ်လိုဝေခွဲရ ညည်းကိုလည်း မသိတော့ချေ။ ထို့ကြောင့် မာ့မာ့စကားကို နားထောင် ထိုက်ရန်သာ သူမဆုံးဖြတ်လိုက်မိတော့၏။

"အဆင်ပြေမှာပါနော် . . . မာမာ"

ကိုယ်ပိုင် အကြံဉာဏ်မထွက်၍သာ မာမာ့အကြံကို လက်ခံလိုက် သော်လည်း သူမ စိတ်လိုလက်ရ မလုပ်ချင်ပါ။ အကြံကုန်သည့်အဆုံး ဗျူဟာဆန်းချက်ခြင်းသက်သက်ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

မာမာစီစဉ်ထားသည့်အတိုင်း သူ့ကို အဖြေပေးရန်အတွက် သူမ
ရွေးလိုက်သော ကော်ဖီဆိုင်တွင် မာမာနှင့်အတူ သူမ ထိုင်စောင့်နေလိုက်
ပါသည်။

"မှာန်တင်းထားပါ . . . မိမာန်ရယ်။ နင့်မျက်နှာက တော်တော်
ပျက်ယွင်းနေတယ်"

မာမာက သူမကို တစ်ချိန်လုံး သတိပေးနေသောကြောင့်သာ သူမ
အားတင်းထားရသော်လည်း သူနှင့်တွေ့ပြီး သူ့ကိုငြင်းလိုက်ရမည်ကိုတော့
စိုးရိမ်နေပါသေး၏။ သူမ ဖုန်းဆက်ပြီး ဆယ်မိနစ်လောက်ကြာသော်
သူ ပကတိဖြူစင်သော မျက်နှာထားနှင့် ကော်ဖီဆိုင်ထဲသို့ ပေါ့ပါးစွာ
ဝင်လာလေသည်။ အေးချမ်းသည့် အပြုံးလေးတစ်ခုလည်း သူ့မျက်နှာ
တွင် ရှိနေသေးသည်။

"ငါ့အတွက် ကော်ဖီမှာထားပေးလား . . . မာန်ဝင့်မာန်"

ရောက်လာကတည်းက အပေါ်စီးဆန်သော စကားလုံးနှင့် သူမ
ကို မိတ်ဆက်လိုက်သော သူ့မျက်နှာတွင် ပြုံးရိပ်သမ်းနေသည်ကို သူမ
တွေ့လိုက်ရ၏။

"မမှာရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို မှာပေးလေကွာ၊ Cappuccino သောက်မှာ"

သူ့စကားကြောင့် သူမနှင့်မာမာ အကြည့်ချင်း ဆုံသွားမိပါသည်။ သူကတော့ မာမာ့ကို ထိုင်နေသည်ဟူ၍ပင် သတိမထားချေ။

"မမှာပေးချင်ဘူးလား . . . မာန်ဝင့်မာန်"

သူမနှင့်မာမာ မျက်လုံးချင်းဆုံနေသည်ကို သူကကြည့်ပြီး မေး၏။ မာမာက မမှာပေးရန် အချက်ပြပါသည်။

"မမှာပေးချင်ဘူး"

"ဒါဆိုလည်း ငါ့ကို အဖြေပေးတော့လေကွာ။ မင်းပေးချင်နေပြီ မဟုတ်လား?"

သူမကို စေ့စေ့စိုက်ကြည့်ရင်း သူ မေးလိုက်ပါသည်။ သူမ သက်ပြင်းမောလေးတစ်ခုကို ချလိုက်မိ၏။ သူ့ကို သူမ မငြင်းချင်ဘဲနှင့် ငြင်းရတော့မည် မဟုတ်ပါလား။

"ရှင် ကျွန်မကို ရည်းစားစကားပြောပြီးပြီလား?"

"ပြောပြီးပြီလေ။ မင်းကိုချစ်တယ်လို့ မနေ့ကတည်းကပြောပြီးပြီ။ ဘာလဲ မမှတ်မိဘူးလား?"

သူ့အပြုံးလေးများ ရပ်တန့်ပြီး မျက်နှာငယ်လေးနှင့် ပြန်မေးလိုက်သော် သူမ စိတ်မသက်သာစွာဖြင့် မျက်နှာလွှဲလိုက်မိသည်။

"မှတ်မိပါတယ်၊ ထပ်ကြားချင်လို့။ သူငယ်ချင်းအရှေ့မှာ ထပ်ကြားချင်လို့။ ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါက မာမာတဲ့။ ကျွန်မ သူငယ်ချင်း"

"သိပါတယ်။ သင်တန်းမှာ တွေ့ဖူးတယ်။ အဲဒါတွေ အသာထားပါ . . . မာန်ဝင့်မာန်ရယ်။ ငါ့ကို အဖြေပေးပါတော့"

"ဘာဖြစ်လို့ အဲဒီလောက် အလျင်လိုနေတာလဲ သိတ"

"သိချင်လို့လေ"

သူခပ်အေးအေးပင် ပြန်ဖြေ၏။

"ကျွန်မကိုချစ်တာ သေချာလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"သိပ်သေချာပါတယ်"

"ဒါဆို ကျွန်မလည်း ရှင့်ကိုဖြေမယ်။ ရှင့်ကို ကျွန်မ မချစ်ဘူး သီတာ။ ကျွန်မလည်း သိပ်သေချာပါတယ်"

သူ့မျက်ဝန်းကို စေ့စေ့ကြည့်ရင်း ဖြေလိုက်သော သူမအဖြေကို ကြား လိုက်ပြီး တစ်ခဏအတွင်း သီတာသတစ်ယောက် လွန်စွာ ငြိမ်သက် သွား၏။ အမြဲလိုလို အရောင်လဲ့နေသော သူ့မျက်ဝန်းအရောင်လည်း မှိန်သွားပြီး သူမကို မမိတ်မသုန် စိုက်ကြည့်နေ၏။ ထိုစဉ် သူ့မျက်ဝန်း တွင် မျက်ရည်ပူများ ခိုတွဲလာသည်ကို သူမ မထင်မှတ်ဘဲ မြင်တွေ့လိုက် ရပါသည်။

သူမ မှားသွားပြီလားဟု တွေးလိုက်မိသော်လည်း တကယ်က သူမ ထိုအမှားကိုပြင်လို့ မရတော့ချေ။

"သေချာတယ်ပေါ့ ဟုတ်လား?"

ဝေ့နေသော မျက်ရည်ကို ဆတ်ခနဲသုတ်လိုက်ရင်း ပြန်မေးသော သူ့အဖြေကို သူမ မဖြေနိုင်တော့။ သူ့ကို ငေးကြည့်နေမိ၏။

"ဒါဆို ငါလည်း သေချာအောင်ပြောခဲ့ဦးမယ် . . . မာန်ဝင့်မာန်။ ငါလေ မင်းကို သိပ်ချစ်ခဲ့ပါတယ်။ အရမ်းကိုချစ်ခဲ့ပါတယ်။ တစ် ခါဖူးမှလည်း အဲလိုမချစ်ဘူးပါဘူး"

သူမ မျက်ဝန်းကို စေ့စေ့စိုက်ကြည့်ရင်း ပြောလိုက်သော သူ့စကား လုံးများကို ရင်မဆိုင်ရဲသောကြောင့် ခေါင်းငုံ့လိုက်ရ၏။

"မင်းဘက်က ဒီလိုတုံ့ပြန်လိမ့်မယ်လို့လည်း မထင်ထားပါဘူး ကိုယ့်ကိုယ်ကိုယ် အပိုင်တွက်လုချည်လားဆိုပြီး ငါ့နောက်ကွယ်မှာ မင်း လှောင်ချင်လှောင်မှာပါ။ တကယ်လို့ လှောင်မယ်ဆိုရင် ငါ့ ကိုပဲ လှောင်ပါ။ ငါ့အချစ်တွေကိုတော့ မလှောင်ပါနဲ့ မာန်ဝင့်မာန်။ ငါက ငါ့အချစ်တွေကိုအားကိုးပြီး မင်းဘက်ကအဖြေကို အပိုင်တွက် မိတာပါ။ ငါက မင်းကို တကယ်စစ်မှန်တဲ့အချစ်တွေ ပေးခဲ့မိတာ ကိုး"



www.burmeseclassic.com

www.burmeseclassic.com

သူ သက်ပြင်းချလိုက်ပါ၏။ သူ့သက်ပြင်းချသံသည် လွန်စွာ ခြောက်ကပ်နေပါသည်။ သူမကိုလည်း သူမက်မောစွာ ငေးကြည့်နေပါ သေးသည်။ ထို့နောက် သူဘာမှဆက်မပြောတော့ပဲ ထိုင်ရာမှ ဆတ်ခနဲ ထရပ်ကာ ဆိုင်ထဲမှ ထွက်သွားလေသည်။ တစ်ချက်လေးမှ ပြန်လှည့် မကြည့်တော့ဘဲ ဆိုင်အရှေ့တွင်ရပ်ထားသော သူ့ကားလေးကို မောင်း ထွက်သွားပါတော့သည်။

သူထွက်သွားပြီးမှ သူမ ပြုံဆင်းသွားသည့်မိုးလို ငိုချလိုက်ပါတော့ သည်။ ပတ်ဝန်းကျင်ကိုပင် သတိမထားနိုင်တော့။

"နင်မငိုပါနဲ့ . . . မိမာန်ရှယ်။ သူကတောင် မျက်ရည်တစ်ပေါက် မကျဘူး။ သူ့စကားကိုယုံပြီး နင်ငိုရင် နင်ရှုံးမှာပေါ့"

"ဒါပေမဲ့ သူမျက်ရည်ဝဲသွားခဲ့တယ်လေ မာမာရယ်။ သူ့မျက်ရည် တွေကို ငါမြင်တွေ့လိုက်ရတယ်"

သူမ ရင်ကျိုးမတတ်ခံစားရင်း မာမာ့ကို ပြန်ရှင်းပြချိန်တွင်တော့ သီတာသမောင်းသွားသော ကားလေးသည် အဝေးတစ်နေရာသို့ ရောက် သွားပြီဖြစ်တော့သည်။

ᯁ ᯁ ᯁ



www.burmeseclassic.com

www.burmeseclassic.com

“စိတ်ပြေလက်ပျောက် ငါနဲ့လိုက်ခဲ့ပါလား မိမာန်ရယ်”

လွန်စွာငေးငိုင်နေသော သူမကိုကြည့်ရင်း မာမာ စာနာစွာမေးလိုက်ပါတော့သည်။

“အချိန်တိုင်း သတိရနေတယ် မာမာ”

“မနေ့က ငါ သူ့ကိုတွေ့တယ်။ အေးအေးဆေးဆေးပဲ”

“ဘယ်မှာတွေ့တာလဲ”

“Market တစ်ခုမှာ”

သူမ တကယ်ပင် ခံစားနေရခြင်းပါ။ သို့သော် မာမာပြောသည့်စကားအရ သူကတော့ အေးအေးဆေးဆေးပဲတဲ့။ သူမရင်ထဲတွင် အတော်ပင် ခံစားလိုက်ရပါသည်။

“သူက တကယ်ပဲ အေးအေးဆေးဆေးဖြစ်နိုင်ပါ့မလား . . . မာမာရယ်။ နင့်အရှေ့မှာ သူ့ကို ငါငြင်းခဲ့တာလေ။ အနည်းဆုံးတော့ လေးလံထိုင်းမှိုင်းမှုတစ်ခုခုတော့ သူ့ဆီမှာရှိနေမှာပါ”

“အဲ့ဒါတော့ ငါမသိဘူး မိမာန်။ ဒါပေမဲ့ နင့်လူက တကယ့်ကိုဘာမှမဖြစ်တဲ့ပုံစံမျိုးပဲ။ နောက်ပြီး သူလိုချင်တာတွေကို တည်တည်



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်ငြိမ်နဲ့ကို ဝယ်နေတာ။ မိန်းကလေးတစ်ယောက်ရဲ့ ငြင်းပယ်မှုကို သူတစ်ခါဖူးမှ မခံလိုက်ရသလိုမျိုးပဲ"

သူမ ငေးငေးလေး ဖြစ်သွားရပါသည်။ ရင်နှင့်မမျှအောင် သူမ ခံစားနေရသော်လည်း သူက အေးအေးဆေးဆေးပဲတဲ့။ သူမ မျက်ရည်ဝဲရပါ၏။

"အရင်ကတည်းက သူ တည်ငြိမ်တတ်တာ"

"ဟုတ်တယ်၊ အဲ့လိုတည်ငြိမ်တဲ့လူကို နင့်ဘက်က သွားလှုပ်မိတာကိုက နင့်အမှား။ ဒီအတိုင်းကြီး ငေါင်မနေပါနဲ့လား . . . မိမာန်ရယ်။ မာန်ဝင့်မာန် မဟုတ်တဲ့အတိုင်းပဲ။ လာပါ။ စိတ်ပြေလက်ပျောက် ငါနဲ့လိုက်ခဲ့။ တင်းနစ်သွားရိုက်မလို့"

သူမ မလိုက်ချင်ပါ။ ဖြစ်နိုင်လျှင် ဘယ်သူနှင့်မှလည်း စကားမပြောချင်ပါ။

"ငါမလိုက်ချင် . . . "

"နင် မငြင်းနဲ့ မိမာန်။ တစ်ယောက်တည်းနေရင် ပိုဆိုးလိမ့်မယ်။ စိတ်ပြေလက်ပျောက် အပြင်ထွက်ကို ထွက်ရလိမ့်မယ်။ လိုက်ခဲ့ပါ မိမာန်ရယ်"

သူမ ဘယ်လိုမှ ငြင်းမရသည့်အဆုံး စိတ်မပါသော်လည်း မာမာနှင့်အတူ တင်းနစ်ကွင်းသို့ လိုက်ခဲ့လိုက်ပါသည်။

သို့သော် သူမ မကစားဖြစ်။ မာမာကစားသည်ကိုပဲ တွေတွေငေးကြည့်နေမိပါတော့သည်။

"မိမာန် . . . "

"ဟင်"

အတွေးများကို မနည်းရပ်တန့်ပြီး သူမ ပြန်ထူးလိုက်မိပါသည်။

"နင့်ကိုခေါ်နေတာ ဒီတစ်ခွန်းနဲ့ဆို ဆယ်ခွန်းလောက်တော့ ပြည့်တော့မယ်။ ဘာတွေငေးနေတာလဲ ?"



www.burmeseclassic.com

www.burmeseclassic.com

သူမ အတွေးများ နယ်လွန်နေသောကြောင့် မာမာခေါ်လိုက်သည်ကို သူမ မကြားလိုက်မိချေ။ မာမာသည် ရေဘူးလေးကို မော့သောက်ရင်း သူမအားတွင် ဝင်ထိုက်လိုက်ပါသည်။

"နှင်ပြီးပြီလား?"

"မပြီးသေးဘူး။ ဒါပေမဲ့ နားတော့မယ်။ နှင့်ကိုပြောစရာရှိလို့"

"ဘာပြောမလို့လဲ?"

"နှင့်စိတ်ကို နှင်ထိန်းနော်"

"ပြောပါဟာ။ ဘာပြောမှာလဲ?"

"ဟိုးဖက်ကဝိုင်းမှာ သီတာသ ရောက်နေတယ်။ နှင်လှမ်းကြည့်လိုက်"

မာမာသည် သူမကို သီတာသရှိနေသောနေရာသို့ မျက်လုံးနှင့် ပြ၏။

သူမ မက်မောစွာ လှမ်းကြည့်လိုက်သော် သီတာသ။ အေးဆေးစွာ တင်းနှစ်ကစားနေ၏။ အပူပင်ကင်းကင်းနှင့် ခံစားချက်အရိပ်အယောင်တစ်စက်လေးမျှ မရှိ။

"တွေ့လား၊ ပျော်ရွှင်နေတာပဲ။ အငြင်းခံလိုက်ရတဲ့လူက သူမဟုတ်တဲ့အတိုင်းပဲ"

ပျော်ရွှင်နေသော သူ့ကိုကြည့်ရင်း ဆုံးရှုံးမှုကြီးတစ်ခုကို ရင်ဝထိုးပိုက်လိုက်ရသလိုလည်း သူမခံစားနေမိပြီး သူမ လွန်စွာဝမ်းနည်းထားမိပါတော့သည်။

"ငါပြန်ချင်ပြီ မာမာ"

သူ့ကိုကြည့်နေမိသော အကြည့်ကိုလွှဲကာ သူမ ထရပ်ရင်း မာမာ့ကိုပါ တစ်ဆက်တည်း ပူဆာလိုက်မိပါသည်။

"ငါလိုက်ပို့ပေးပါ့မယ်။ လာ . . . ပြန်ကြတာပေါ့"

မာမာလည်း ပစ္စည်းများကို အသည်းအသန်သိမ်းရင်း သူမနှင့်တင်းနစ်ကွင်းထဲမှ ခေါ်ထုတ်လာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"တကယ်ပါ . . . မာမာရယ်။ သူ ဒီလောက်အထိ ခံစားချက်ခဲ့လိမ့်မယ်လို့ မထင်ခဲ့မိဘူး"

သူမ ကားပေါ်တွင် ထိုင်လိုက်ပြီး မာမာ့ကို စိုက်ကြည့်ကာ ပြောလိုက်စဉ်တွင်တော့ သူမ မျက်ဝန်းမှ မျက်ရည်ပေါက်များ ကျဆင်းသွားပါတော့သည်။

"နောက်ပြီး ဒီလောက်အထိ ငါ့အပေါ်မှာ အပေါ်ယံဆန်မယ်လို့ မထင်မိဘူး။ အနည်းဆုံးတော့ သူနည်းနည်းလေး ခံစားရလိမ့်မယ်လို့ပဲ မျှော်လင့်ထားတာ"

မာမာ့ ပခုံးထက်တွင် ခေါင်းမှီချရင်း သူမ ရင်ဖွင့်လိုက်မိပါသည်။

"ငါကတော့ . . . ငါကတော့ ရှုံးလောက်အောင်ကို ခံစားနေရတဲ့အချိန်မှာ သူကျတော့ ပုံစံမပျက်။ လုပ်နေကျအလုပ်တွေကိုတောင် လုပ်မြဲလုပ်နေနိုင်တယ်"

"စိတ်ထိန်းပါ . . . မိမာန်ရယ်။ နင်က မာန်ဝင့်မာန်ပဲ"

"မသိဘူးဟာ . . . အဲဒါတွေ မသိတော့ဘူး။ တကယ်ပါ။ ဘုရားစူးရစေရဲ့။ ငါလေ သူ့ကို အချိန်တိုင်းလိုလို သတိရနေတာ။ နောက်ပြီး သူ့ကို တွေ့ချင်နေတာ။ ရင်ဘတ်တွေအောင့်တဲ့အထိကို ခံစားနေရတာ။ သူ့ကိုငြင်းလိုက်မိတဲ့အတွက်လည်း ငါ့ကိုယ်ငါ မုန်းနေမိခဲ့တာ။ အဲဒါတွေအားလုံးရဲ့ တန်ပြန်မှုက သူ့ရဲ့ခံစားချက်တစ်ခုမှမပါတဲ့ တုံ့ပြန်မှုမျိုးကြီးအတွက်ပဲလား မာမာ။ နင်ပြောသလို ငါ ဝင့်လည်တာလား?"

မာမာ့ပခုံးတွင် မှီထားရင်း မာမာ့ကို အားကုန်ဖက်ပြီး သူမ ငိုကြွေးနေမိပါတော့သည်။

"ငါက မာန်ဝင့်မာန်ဆိုတဲ့ အပေါစားမိန်းမတစ်ယောက်ဖြစ်နေလို့ သူ ဒီလိုဆက်ဆံလိမ့်မယ်လို့ သိခဲ့ရင်လေ ငါအရင်ကတည်းက ဒီလိုတန်ဖိုးကျစေမယ့် အပြုအမူမျိုးတွေကို ကြိုးစားပြီး ရှောင်ပါတယ် . . . မာမာရယ်။ တကယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"နင် ငိုပါ မိမာန်၊ အားရအောင် ငိုပါ။ ပြီးရင်တော့ သူ့ကို နင့် ခေါင်းထဲက မောင်းထုတ်လိုက်ပါနော်"

"မရတော့ပါဘူးမာမာ။ ငါလေ သူ့ကို အရမ်းကို ချစ်ခဲ့မိသွားပြီ။ နောက်ပြီး ခေါင်းထဲက မောင်းထုတ်ရင်တောင် သူ့အငွေ့အသက် တွေ အများကြီး ကျန်ခဲ့တော့မှာ"

အသည်းခွဲခဲ့သည်က သူမဖြစ်သော်လည်း တကယ်တမ်း လူးလိမ့် စွာ ခံစားနေရသူကတော့ သူမကိုယ်တိုင်ပင် ဖြစ်နေပြန်တော့သည်။

ႈ ႈ ႈ



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို တင်းနစ်ကွင်းတွင်တွေ့ပြီးသည့် နောက်ပိုင်းနေ့ရက်များတွင်တော့ သူမ ဘယ်ဆိုဘယ်ကိုမှ မထွက်ဖြစ်တော့ပါ။ အိမ်ထဲတွင်သာ နေဖြစ်နေ၏။ တစ်ယောက်တည်း ရောက်တတ်ရာရာများကို တွေးနေမိသေးသည်။

ထိုနေ့ရက်များတွင်လည်း မိုးက ထူးဆန်းစွာပင် သည်းထန်စွာ ရွာသွန်းနေပါ၏။ အရင် သူမ စိတ်ညစ်နေတုန်းကလို အပြင်တွင်လည်း လေမနေချင်ပြန်။ သူ့ကြောင့် အပြင်ထွက်ခြင်း ရပ်တန့်ခဲ့သော သူမသည် သူ့ကြောင့်တော့ အပြင်ကို ပြန်မထွက်ချင်တော့ပါ။

မိခင် ဒေါ်စေမာန်နှင့် အဆင်ပြေအောင် လေ့ကျင့်ရင်း အရင်က မိသားစုဘဝလေးပြန်ရအောင်ပင် ကြိုးစားတော့မည်ဟု သူမ ဆုံးဖြတ်လိုက်မိပါသည်။

မာမာလာခေါ်လျှင်လည်း သူမ မလိုက်ဖြစ်တော့ချေ။ တစ်ယောက်တည်းသာ နေနေမိတော့၏။ ထို့အပြင် မိုးရွာနေသော လမ်းမကို ငေးကြည့်ရင်းလည်း သူမမျက်ရည်များ ကျဆင်းနေမိပြန်သေး၏။

"သမီး . . . တစ်ယောက်တည်းနေရတာ မပျင်းဘူးလားကွယ်"

အကျင့်များ သိသိသာသာပြောင်းလဲသွားသောကြောင့် ဒေါ်စေမာန်ပင် သူမကို အံ့ဩနေမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"တစ်ယောက်တည်းနေပြီး မေမေပြန်လာတဲ့အချိန်ကို မျှော်နေရတာနဲ့ သမီး မပျင်းတတ်တော့ပါဘူး မေမေ"

အပြင်မှ ပြန်လာသော မိခင်ကြီး ရင်အေးသွားစေရန် စကားလုံးရွေးချယ်ကာ ပြောလိုက်မိသော်လည်း သူမရင်ထဲတွင်တော့ စိတ်မကောင်းမှုများ ဆုံးရှုံးလိုက်ရမှုများ ကြီးစိုးနေပါသေး၏။

"မိုးကလည်း တအားသည်းတာပဲနော် . . . မေမေ"

"ဟုတ်ပါ့ကွယ်။ မေမေတောင် မနည်းကားမောင်းလာခဲ့ရတာ"

"မေမေ ထမင်းစားတော့မလား။ သမီးပြင်လိုက်မယ်လေ"

"စားတော့မယ် သမီး။ မေမေ အဝတ်စားလဲလိုက်ဦးမယ်။ ဒြော်ဒါနဲ့ ခြံဝမှာ ကားတစ်စီးရပ်ထားတယ်။ နောက်ပြီး ကားဘေးမှာလည်း သူငယ်လေးတစ်ယောက် ရပ်နေသေးတယ်။ ဘာလာလုပ်တာလဲ မသိဘူး။ မနေ့ကလည်း တွေ့တယ်၊ ဒီနေ့လည်း ရှိနေလို့ မေမေ သတိထားမိတာ"

အဝတ်စားလဲရန် အပေါ်သို့ တက်ရန်ပြင်ရင်း ပြောလိုက်သောဒေါ်စေမာန့်စကားကြောင့် သူမ ပြတင်းပေါက်မှနေတစ်ဆင့် ခြံဝသို့ လှမ်းကြည့်လိုက်မိပါသည်။ သူမ လူတစ်ယောက်ရပ်နေသည်ကို မြင်တွေ့လိုက်ရသော်လည်း မိုးရေများရွာသွန်းနေမှုကြောင့် မည်သူမည်ဝါဖြစ်သည်ကို မသဲကွဲချေ။

"သမီး နေ့လယ်တုန်းက လမ်းပေါ်ငေးကြည့်နေသေးတယ်။ ဘယ်ကားမှ မတွေ့ပါလား မေမေရယ်"

"ဟုတ်တယ် . . . သမီးရဲ့။ မနေ့က မေမေပြန်လာတော့ ညနေလေးနာရီထိုးပြီလေ။ အဲဒီတုန်းက သူရှိနေတာ။ အခုလည်း အဲဒီအချိန်ပဲ"

မိုးရွာနေသော လမ်းကို သူမ ငေးကြည့်သည်ဆိုသည်မှာ နေ့လယ်နေ့ခင်း တစ်နာရီခန့်ကပင်။ ညနေပိုင်း သူမ ငေးမကြည့်မိ။ ထို့ကြောင့်

www.burmeseclassic.com

ရပ်ထားသော ကားလေးကို သူမ မျက်မှောင်ကုတ်ပြီး ကြည့်လိုက်မိပါသည်။ ကားမှံစီသည့် သီတာသ၏ အားပုံစံပင်။

"မေမေ . . . သူက ဘာလုပ်နေတာလဲ?"

"ဒီအတိုင်းပဲ ကားကိုမှီပြီး ရပ်နေတာ။ ဘာလုပ်နေတာလဲဆိုတာကိုတော့ မေမေလည်း သေသေချာချာမသိဘူး"

သူမ ဆက်ပြီး မေးခွန်းမထုတ်တော့ဘဲ အိမ်ဝတွင်ထောင်ထားသော ထီးကြီးကို ယူလိုက်မိပါသည်။

"သမီး အသိတစ်ယောက်ယောက်များ ဖြစ်နေမလားမသိဘူး . . မေမေ။ သမီး သွားကြည့်လိုက်မယ်နော်"

"အေး . . . အေး . . . သတိထားသွားနော် ချော်လဲမယ်"

"ဟုတ်ကဲ့"

သူမ ခပ်သုတ်သုတ်ပင် ခြံပြင်သို့ ထွက်ခဲ့မိပါသည်။ ဟုတ်ပါ၏။ မိုးရေထဲတွင် ကားကိုမှီကာ ရပ်နေသူမှာ သီတာသပင်။ သီတာသသည် သူမအိမ်ကို ငေးကြည့်ရင်း တစ်ယောက်တည်း ရပ်နေခြင်းပင်။ သီတာသ တစ်ကိုယ်လုံး မိုးရေများ ရွှဲစိုနေ၏။

"သီတ . . . "

သူ့အနီးသို့ သွားကာ သူ့ကိုငေးကြည့်ရင်း သူမ ခေါ်လိုက်မိပါသည်။ ထိုအခါ သူမကို သူလှည့်ကြည့်၏။

"မာန်ဝင့်မာန် . . . မင်းထွက်လာသားပဲ။ မင်းကို ငါစိတ်နဲ့ခေါ်နေတာ"

သူ့အသံက အရင်ကတိုင်း အေးစက်လျက်။ သူမ သူ့ကို ထီးမိုးပေးရန် ကြိုးစားလိုက်၏။

"မမိုးပေးနဲ့ . . . မာန်ဝင့်မာန်။ မင်းလို ဝါရင့်သမ္ဘာရင့်တစ်ယောက်ရဲ့ ထီးအမိုးအောက်ကို ငါမဝင်ရဲဘူး"

သူ့စကားများကို သူမ နားမလည်ပါ။



www.burmeseclassic.com

www.burmeseclassic.com

"မနေ့က ရှင်ဒီကိုလာသေးလား?"

"အင်း . . . လာတယ်။ မင်းကို လာတွေ့တာ"

"ဒါဆို ဘာလို့ ကျွန်မကို မခေါ်လိုက်တာလဲ?"

"ခေါ်သားပဲ။ ငါတစ်ချိန်လုံး ခေါ်နေတာ။ မင်းမှမကြားတာ"

မိုးရေများကြောင့် သူ့ တစ်ကိုယ်လုံး ချမ်းတုန်နေ၏။

"ကြာရင် ရှင်ဖျားလိမ့်မယ်"

"ဖျားရင် မင်းကျေနပ်မှာပေါ့။ ဟုတ်တယ်နော်။ အခု မင်းကြောင့် ငါတော်တော်လေးကို အထိနာနေပြီလေ"

သူမ သက်ပြင်းလေး တစ်ခုချမိပြန်၏။

"မာန်ဝင့်မာန် . . . ငါပြောတာကို သေချာနားထောင်ပါကွာ။ နောက်ပြီး ငါ့ကို အမှန်အတိုင်းလည်း ဖြေပေးပါနော်"

သူမ သူ့ကို ငေးကြည့်လိုက်မိပါသည်။ သူ့မျက်ဝန်းတွင်သာမက သူမျက်နှာပြင်တစ်ခုလုံးတွင် မိုးရေများ စွတ်စွတ်စိုရွှဲနေ၏။

"အခု ငါ့မျက်ရည် ကျမကျ မင်းသိလား"

သူ့ကို သူမ နားမလည်နိုင်စွာ ငေးကြည့်နေမိ၏။

"အေးပေါ့ . . . မင်းဘယ်သိမလဲ။ မိုးရည်တွေက ငါ့မျက်နှာပေါ်မှာ အများကြီးပဲ ရှိနေတာကိုး။ နောက်ပြီး မာန်ဝင့်မာန်။ ငါလိမ်တတ်တဲ့ လူတစ်ယောက်လား?"

"မလိမ်တတ်ပါဘူး"

"သေချာလို့လားကွာ။ ထားပါတော့။ ငါအခု ဒီလိုလာတာ မင်းကို ချီးကျူးမလို့ပါ။ မင်းသိပ်တော်ပါတယ် မာန်ဝင့်မာန်။ မင်းအရမ်းကို တော်ပါတယ်"

သူမကိုစိုက်ကြည့်ရင်း သူပြော၏။ ထို့နောက် သူ့မျက်နှာပေါ်မှ မိုးရည်များကို သူစိတ်ပျက်စွာ သုတ်ချလိုက်၏။

"ငါအခု မင်းကို ဖက်လိုက်တာပဲဖြစ်ဖြစ်၊ ထွေးပွေ့လိုက်တာပဲဖြစ်ဖြစ် တစ်ခုခုလုပ်ချင်နေတယ်။ ဒါပေမဲ့ မင်းကိုယ်တွေ မိုးရေစိုသွား



www.burmeseclassic.com

www.burmeseclassic.com

မှာလည်း မလိုလားဘူး။ ဒီတော့ အကောင်းဆုံးက ငါပြန်တော့မယ် . . . မာန်ဝင့်မာန်။ နောက်ပြီး မင်းပြောသလို မင်းအတွေးတွေထဲကို ငါတကယ်ပဲ ဝင်ရောက်နိုင်ခဲ့တယ်ဆိုရင် ငါ့ကိုဘယ်တော့မှ မမောင်းထုတ်လိုက်ပါနဲ့ မာန်ဝင့်မာန်ရယ်။ မင်းအတွေးထဲမှာတော့ ငါနေချင်သေးလို့ပါ နော်"

"ဒါပေမဲ့ ရှင့်အတွေးထဲကိုတော့ ကျွန်မတစ်ခါဖူးမှ မရောက်ခဲ့ဘူးနော်"

"မာန်ဝင့်မာန် . . . ငါပြန်တော့မယ်"

ထိုးကိုင်ထားသော သူမလက်ကလေးကို သူယုယစွာ လှမ်းယူကိုင်လိုက်၏။ သူ့လက်များ လွန်စွာ အေးစက်နေပါသည်။

ထို့နောက် သူ လက်ကိုပြန်လွှတ်လိုက်ပြီး ချာခနဲ လှည့်ထွက်ကာ တားမောင်းထွက်သွားပါတော့သည်။

ထိုခဏလေးအတွင်းတွင်တော့ သူမသည် ကြီးမားလှသည့် ဆုံးရှုံးမှုကြီးတစ်ခုကို ရင်ဝယ်ပိုက်ရသည်ဟုလည်း သိလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့လုပ်ရပ်များကို ကြည့်ပြီး သူမ မာန်တင်းကာ သူ့ထံသို့ မသွားဘဲနေခဲ့မိသော်လည်း မနေ့က မြင်လိုက်ရသော မိုးရေထဲမှ သူ့မျက်ဝန်းကို သူမ မည်သို့မျှမမေ့လို့မရ။ ထို့အပြင် မိုးရေများနှင့် စိုစွတ်နေသော သူ့မျက်ဝန်းတွင် မျက်ရည်များရှိမနေဘူးဟုလည်း သူမ ဇွတ်မှိတ်ပြီး မထင်ရက်တော့။

ထို့ကြောင့် သူမ နံနက်မိုးလင်းလင်းချင်းမှာပင် နံနက်စာစားပြီး သူ့အိမ်ဘက်သို့ ထွက်လာခဲ့ပါတော့သည်။ သူ့ခြံဝန်းလေးသည် အရင်ကလို တံခါးက စေ့ထားရုံ စေ့ထားခြင်းမဟုတ်တော့။ သော့နှင့် သေချာစွာ ခတ်ထားပါ၏။ သူ အပြင်များ သွားနေသည်လားပေါ့။ သူမ ဟိုဟိုဒီဒီ ကြည့်မိပါသေး၏။ ခြံဝန်းတစ်ခုလုံး တိတ်ဆိတ်လွန်းနေ၏။ သူမရင်ထဲ စိုးရိမ်မှုကြီးတစ်ခု ခိုအောင်းလာပါသည်။

"သူ . . . ထွက်သွားပြီလား"

ကိုယ့်မေးခွန်းနှင့်ကိုယ် စိုးရိမ်စိတ်ကြီးဖြစ်လာရင်း သူမ မျက်ရည်ဝေ့ဝဲရပြန်သည်။ သူမအတွက် သဲလွန်စတစ်ခုခုကိုများ ချန်ခဲ့လေမလားဟုတွေးရင်း သူမ ရှာဖွေကြည့်မိပါသေးသည်။ ထို့အပြင် တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com

လှသည့် ခြံဝန်းအတွင်းမှ တုံ့ပြန်မှုတစ်ခုခုရလိုရငြား လှူခေါ်ဘဲလ်ကို တီး ကြည့်ပါသေး၏။ သို့သော် မည်သည့် တုံ့ပြန်မှုမှမရချေ။ သူမ တကယ် ပင် စိုးရိမ်လာမိပါသည်။

"သီတရယ် . . . ကျွန်မကို နည်းနည်းတော့ သနားပါနော်။ ရေရာ တဲ့ အခြေအနေလေးတစ်ခုလောက်တော့ သိပါစေနော်"

သူမ စိတ်ညစ်လွန်းစွာနှင့် ခြံရှေ့တွင် ငုတ်တုတ်လေး ထိုင်ချလိုက် ပါတော့သည်။

"အစ်မ . . . "

တစ်စုံတစ်ယောက်၏ ခေါ်လိုက်သံကြောင့် သူမ လှည့်ကြည့်လိုက် သော် ကောင်လေးတစ်ယောက်ခေါ်နေခြင်းဖြစ်ကြောင်း သူမ တွေ့လိုက်ရ ပါသည်။

"အစ်မနာမည် မမာန်ဝင့်မာန် ဟုတ်ပါတယ်နော်"

ငေးကြည့်နေသော သူမကို ထိုကောင်လေးမေးသော် ကျဆင်း နေသောမျက်ရည်ကို သုတ်ရင်း သူမ ခေါင်းညိတ်ပြလိုက်မိပါသည်။

"ဟုတ်ပါတယ်"

"ကိုသီတသက ကျွန်တော့်ကို အစ်မလာရင် ဒီစာလေးပေးပေး ပါလို့ ပြောသွားလို့ပါခင်ဗျ။ ရော့ပါ . . . "

ထိုကောင်လေးက သူမကို စာတစ်စောင် ထုတ်ပေးပါသည်။ သူမ သူမ်းယူလိုက်မိပါသည်။

"သူ ဘယ်သွားတာလဲ မောင်လေး"

"မပြောသွားဘူး အစ်မ ခွင့်ပြုပါဦး"

ကောင်လေး လှည့်ထွက်သွားလေပြီ။ ခြံဝန်းအရှေ့တွင် သူမ တစ် ယောက်တည်း။ သူမ ကားပေါ်သို့ပြန်ထိုင်ရင်း သူ့စာလေးကို ဖောက် ကြည့်လိုက်မိပါသည်။ စာသည် သူ့လက်ရေးနှင့် ရေးထားခြင်းမဟုတ်၊ Computer နှင့် စာစီထားသည့် စာရွက်တစ်ခုပင်။

www.burmeseclassic.com



မင်းကို စတွေ့တဲ့နေ့ကတည်းက ချစ်သွားလို့ မင်းရှိတဲ့သင်တန်းကို သေချာစုံစမ်းပြီး တက်ခဲ့တာ။ မင်းရည်းစားအများကြီးထဲက တစ်ယောက်မဖြစ်ချင်လို့ မင်းကို ပုံစံသစ်နဲ့ ချဉ်းကပ်ခဲ့တာ။ မင်းက ငါ့အတွေးထဲ အမြဲရောက်နေလို့ ငါလည်း မင်းအတွေးတွေကို အပိုင်စီးချင်ခဲ့တာ။ ငါလွန်သွားလား မာန်ဝင့်မာန်။ မင်းကို မိန်းမကောင်းတစ်ယောက်ဖြစ်စေချင်တယ်၊ ရည်းစားမများစေချင်ဘူး၊ ညဘက် အပြင်မထွက်စေချင်ဘူး။

နောက်ပြီး မင်းဆီမှာ ဂီတာတီးသင်ခဲ့တယ်ဆိုတာလည်း မင်းနဲ့အချိန်အများကြီးနေချင်လို့။ မင်းကို လူကြားထဲမှာ မခေါ်ဘူးဆိုတာလည်း မင်းရှက်ပြီး မခံမရဖြစ်ပြီး ငါ့အကြောင်း အချိန်တိုင်းတွေးဖြစ်နေအောင်ပေါ့။ မင်းကို ချိုးချိုးနှိမ်နှိမ်ဆက်ဆံတိုင်း ငါ့အသည်းတွေ တဆတ်ဆတ်တုန်နာကျင်ရပါတယ်။ မင်းကိုမောင်းထုတ်လိုက်တိုင်း ငါ့အနားက မင်းထွက်သွားမှာ သေမလောက်ကြောက်နေခဲ့ရတယ်။ ဒါပေမဲ့ ငါဟန်ဆောင်ခဲ့တာပါ။ ငါ မင်းကို တကယ့်ကို မြတ်မြတ်နိုးနိုး ချစ်သွားခဲ့တာပါ . . . မာန်ဝင့်မာန်ရယ်။

တကယ်တော့ မင်းကို အရမ်းချစ်မိနေတဲ့စိတ်ကို မင်းရှေ့မှာ လိမ်လည်ပြီး ဆက်ဆံနေခဲ့ရတာပါ . . . မာန်ဝင့်မာန်ရယ်။ တကယ်ပါ။ ငါက မင်းအကြောင်းတွေးနေတိုင်း မင်းအနားမှာ ငါမဟုတ်တဲ့ယောကျ်ားတွေ ရှိနေနိုင်တယ်လို့ တွေးမိတိုင်း ငါ အရူးလိုပဲ ခံစားရတာ။ ငါ့ဘဝမှာ အချစ်ဆုံးမိန်းမနှစ်ယောက်ဆိုတာ ပထမက ငါ့မေမေ။ ဒုတိယက မာန်ဝင့်မာန်ဆိုတဲ့မင်းပဲ။ ငါ မင်းကို တကယ်ပဲ နစ်နစ်နဲနဲ ချစ်မိသွားခဲ့တယ် . . . မာန်ဝင့်မာန်။

မင်းရဲ့အတွေးတွေကို အပိုင်ဆီးဖို့ မင်းကို အထက်စီးကဆက်ဆံရင်း ဆက်ဆံရင်းနဲ့ ငါလေ မင်းခြေထောက်အောက်ကို ရောက်မှန်းမသိရောက်သွားခဲ့ရတာ။ ဒါပေမဲ့ မင်း ငါ့ကို အကြိုက်ချယ်လှယ်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com

နော်။ လိမ်တာကိုမုန်းပေမဲ့ ငါက အရမ်းလိမ်တတ်တဲ့သူပါ။ မင်းကို အသည်းနင့်အောင်ချစ်နေပေမဲ့ မချစ်သလိုလို၊ နမ်းလိုက်မိပေမဲ့ ခံစားမှု မရှိသလိုလို လိမ်ခဲ့တာလေ။

ငါ ဘယ်လောက်ပဲ ကြိုးစား၊ ကြိုးစားပါကွာ . . . ထားပါတော့။ နှုတ်ဆက်ခဲ့ပါတယ် မာန်ဝင့်မာန်။

သီတသ

စာလေး ပြီးဆုံးသွားချိန်တွင်တော့ သူမရင်ထဲတွင် ဟာလာဟင်း လင်းပြင်ကြီးတစ်ခု ဖြစ်ပေါ်သွားပါတော့သည်။ မျက်ရည်များလည်း အဆက်မပြတ်ကျဆင်းနေ၏။ ကားလေးထဲတွင် သူမ တစ်ယောက်တည်း ငိုနေမိပါသည်။ သူမ မသိလိုက်သည့်အချိန်လေးတွင်ပင် သူထွက်သွား ခဲ့ပေပြီ။ သူ့ခံစားချက်များကို မရိပ်မိကောင်းလားဆိုပြီးလည်း ရင်ကျိုး မတတ်ခံစားရပါသေး၏။ သူ့အငွေ့အသက်ဖြစ်သည့် သူ့စာလေးကပင် သူ့လက်ရေးအစစ်ကို သူမ မတွေ့၊ မခံစားနိုင်တော့။

"ရက်စက်လိုက်တာ . . . သီတရယ်။ ဘာဖြစ်လို့ ရှင့်လက်ရေး အစစ်နဲ့ ရေးထားတဲ့စာကို မထားခဲ့ရတာလဲ?"

အဓိပ္ပာယ်မဲ့ အော်ဟစ်ငိုကျွေးရင်း သူမ ကားလေးအတွင်း ငိုသံတို့နှင့် ဆူညံနေပါတော့သည်။ သူ့ကို သူမတောင်းပန်ချင်နေချိန်တွင်တော့ သူသည် သူမနှင့် အဝေးဆုံးတစ်နေရာသို့ ရောက်နှင့်နေပြီး ဖြစ်ပါတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

# တစ်နှစ်ခန့်ကြာသော်
# After One Year

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ တစ်နှစ်ဆိုသည့် အချိန်ကာလသည် ရင်ထဲမှဝေဒနာများကို ကုသနိုင်ဖို့ရာ လုံလောက်သည့် အချိန်အတိုင်းအတာမဟုတ်ချေ။ သီတာသဆိုသည့် ယောကျ်ားတစ်ယောက်ကြောင့် သူမ၏ ဆိုးသွမ်းမှုများ အနည်ထိုင်သွားခဲ့ရသော်လည်း သူမ၏ခံစားချက်များ၊ လွမ်းဆွတ်မှုများကတော့ ပုံမှန်အတိုင်းပင်။ သူမ၏ အသည်းနှလုံးတစ်ခုလုံးကို ဓားလျက်ရှိပါသည်။

မိခင် ဒေါ်စေမာန့်ကိုပြောပြီး သူမ ကျောင်းပြန်တက်ခဲ့ပါသည်။ ထို့အပြင် စာမေးပွဲကိုလည်း သူမ ကောင်းမွန်စွာ ဖြေနိုင်ခဲ့ပါသည်။ သီတာသမကြိုက်သော လူနေမှုပုံစံများကို သူမ အားလုံး စွန့်လွှတ်လိုက်ပြီဖြစ်သည်။

အားသည့်အချိန်တွင် မိခင်နှင့်အတူ ဆိုင်ထိုင်ပေးတတ်ပါသည်။ ထို့အပြင် ရင့်ကျက်သည့် လူတစ်ယောက်ဖြစ်အောင်လည်း သူမကိုယ်သူမ ကြိုးစားပြီး ဖန်တီးယူနေမိပါတော့သည်။ သူငယ်ချင်းများနှင့် အချိန်ဖြုန်းခြင်း၊ ညဘက် အပြင်ထွက်ခြင်းများကိုလည်း သူမ ရှောင်ကြဉ်ထားလိုက်ပါသည်။

သို့သော် တစ်ခါတစ်ခါတော့ သူ့ကိုလွမ်းစွာ သတိရလျှင် ပိုင်ရှင်မဲ့နေသော သူ့အိမ်လေးကိုလည်းကောင်း၊ သူနှင့်အတူ ထိုင်ခဲ့ဖူးသော



www.burmeseclassic.com

www.burmeseclassic.com

Parisian ကော်ဖီဆိုင်လေးသို့လည်းကောင်း၊ သူမ သွားတတ်ပါသေး၏။ သူ့ Propose ကို ငြင်းခဲ့မိသော ကော်ဖီဆိုင်လေးရှေ့ကိုတော့ သူမ ယောင်လို့မျှပင် ထပ်မသွားမိတော့ချေ။

သူထွက်သွားပြီးသည့်နောက်ပိုင်း တစ်ချိန်လုံး သူ့အဆက်အသွယ်ကို သူမ မက်မောစွာ တောင့်တမိနေ၏။ ဖုန်းလာတိုင်းလည်း သူများဖြစ်လေမလားဟု သူမ မျှော်လင့်မိပါသေးသည်။ နောင်တတွေ တသီတတန်းကြီးနဲ့ သူ့ကိုတောင်းပန်ရန် စောင့်မျှော်နေရုံမှ လွဲ၍ သူမ ဘာဆိုဘာမျှ မတတ်နိုင်ပါချေ။

ယနေ့ စိတ်ပြေလက်ပျောက် Parisian ကော်ဖီဆိုင်လေးသို့ သူမ တစ်ယောက်တည်း ထွက်ခဲ့မိပါသည်။

ကော်ဖီမှာပြီး သူမတစ်ယောက်တည်းပင် သောက်နေလိုက်၏။ သူ့အမူအရာများ ဟန်ပန်များက သူမ မျက်ဝန်းနှင့်အတွေးထဲတွင် လတ်ဆတ်နေဆဲမင်။

“ထိုင်ခုံမှာ ထိုင်မယ်နော်”

အတွေးများနှင့် လွင့်မျောနေသော သူမ၏ပခုံးကို ကိုင်ကာပြောပြီး ထိုင်ခုံတွင် ကျောခိုင်းရင်းဝင်ထိုင်လိုက်သော သူကောင်းသားကြောင့် သူမ ဒေါသထွက်သွားရပါသည်။ ပိုင်စိုးပိုင်နင်းနိုင်သော သူ့လုပ်ရပ်ကို သူမ မည်သို့မျှ လက်မခံနိုင်။

“ရှင် ဘယ်လိုလူလဲ? ဒီမှာ လူထိုင်နေတယ်လေ။ နောက်ပြီး သူ စိမ်းမိန်းကလေးရဲ့ ပခုံးကိုကိုင်ရင် ပြဿနာအကြီးအကျယ် တက်သွားနိုင်တယ်ဆိုတာ မသိဘူးလား?”

ကျောခိုင်းနေသော သူ့ပခုံးကို အားနှင့်ဖိကာလှုပ်ရင်း သူမပြောလိုက်သော် တခြားခုံမှ လူများပါ သူမတို့ကို ဝိုင်းကြည့်ကြ၏။ ထိုအခါ ထိုသူကောင်းသားသည် သူမကို လှည့်ကြည့်လိုက်ပါတော့သည်။

“ဟင် . . . ”



www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းပင် ဒေါသများ၊ မကျေနပ်မှုများ အဝေးသို့ လွင့်ထွက်သွားပါ၏။ သီတာသာ၊ သူမ ပခုံးကိုကိုင်ကာ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သူက သီတာသာပင်။

"သီတာသာ . . ."

သူမျက်လုံးလေးအဝိုင်းသားနှင့်ငေးကြည့်ရင်း ဆက်ပြောရန် စကားလုံးကို မေ့ကုန်ရပါပြီ။

"ဟုတ်တယ်လေ။ မင်းကလည်း မင်းပခုံးလေးကို ကိုင်တာများ အရေးကြီးခွင့်ကျယ်လုပ်လို့"

ပြုံးစေ့စေ့မျက်နှာထားနှင့် သီတာသာက သူမကို တုံ့ပြန်၏။ သူမ ပျော်ရွှင်စွာပင် သီတာသာ၏ လက်ဖဝါးတစ်စုံလုံးကို ဆုပ်ကိုင်လိုက်မိပါသည်။

"ကျွန်မအနားက ထပ်မထွက်သွားပါနဲ့တော့ သီတရယ်နော်"

ချက်ချင်းပြောင်းလဲသွားသော သူမနှင့် သူ့ဆက်ဆံရေးကြောင့် ဆိုင်ထဲရှိလူများက နားမလည်နိုင်စွာ ငေးကြည့်နေကြပြန်တော့သည်။

"မထွက်သွားတော့ပါဘူး . . . မာန်ဝင့်မာန်ရယ်။ မင်းက ငါ့နှလုံးသားကို အပိုင်သိမ်းပြီးသွားပြီပဲ။ ဘယ်ကိုပဲ ထွက်သွားထွက်သွား ဒီကိုမဲ့ ငါပြန်ပြန်ရောက်လာမှာပါ . . . မာန်ဝင့်မာန်။ မင်းကို ငါအရမ်းလွမ်းတယ်"

သူမ ကိုင်ထားသော သူ့လက်များကို ဖယ်လိုက်ပြီး ထိုင်နေသော သူမကို သူ သိုင်း၍ဖက်လိုက်ပါသည်။ ထို့ကြောင့် ကြည့်နေကြသူများထဲမှ မျက်စိရှက်သူများ မျက်နှာလွှဲသွားပြီး ပျော်ရွှင်ကြသူများ လက်ခုပ်လက်ဝါးများပင် တီးလိုက်သောကြောင့် ဆိုင်လေးအတွင်းတွင် လက်ခုပ်သံများ၊ လက်ခေါက်မှုတ်သံများကြောင့် ဆူညံသွားပါ၏။

"ဒီမှာခင်ဗျာ . . . ဒီက မိန်းကလေးနာမည် မာန်ဝင့်မာန်တဲ့။ ကျွန်တော်သိပ်ချစ်ရတဲ့ မိန်းကလေးပါခင်ဗျာ။ ကျွန်တော် သူ့ကို သိပ်



www.burmeseclassic.com

www.burmeseclassic.com

ချစ်ပါတယ်ခင်ဗျာ။ နောက်ပြီး အခု ကျွန်တော် လိမ်လည်မှုမရှိဘဲ ဝန်ခံနေတာပါ။ အားလုံးသဘောတူရင် လက်ခုပ်လက်ခါးလေး ချီးမြှင့်ပေးစေချင်ပါတယ်"

သူ့စကားကြောင့် ဆိုင်အတွင်းတွင် လက်ခုပ်လက်ဝါးတီးသံများ ထွက်ပေါ်လာရပြန်သည်။

"အချိန်တိုင်း သတိရတယ်။ တွေ့ချင်နေတယ်။ တွေ့ချင်တဲ့စိတ်ကို အောင့်အည်းလိုက်ရင်း ရင်ထဲက တစ်ဆစ်ဆစ်နဲ့ကို နာကျင်ရတယ်။ ဘယ်နေရာပဲရောက်ရောက် မင်းကိုပဲ တွေ့ချင်နေတယ်။ မာန်ဝင့်မာန်။ မင်းက မော်ဆရာမလေးလား?

"မဟုတ်ပါဘူး သီတာသရယ်။ ကျွန်မလေ . . . ရှင့်အချစ်တွေကို မမြင်ဘဲနဲ့ ရှင့်ကိုချစ်ခဲ့မိတာပါ။ ကျွန်မကို ဘယ်လိုပဲ အနိုင်ယူပါစေ ရှင့်ကို ချစ်နေတဲ့စိတ်တွေကို ရပ်တန့်လို့မရဘူး။ ကျွန်မရှင့်ကို ငြင်းခဲ့မိတာလည်း ရှင့်ဆီကကြားရတဲ့ စောင်းကြိုးရိုက်သံလေးက တိုးညှင်းနေလို့ပါ သီတာသရယ်။ ဒါပေမဲ့ ရှင့်ကိုချစ်တယ်"

သူမ ကျေနပ်စွာဝန်ခံလိုက်ရင်း ဆိုင်တွင်းရှိ ငေးကြည့်နေသော လူများကိုပင် မရှက်နိုင်တော့ဘဲ သူ့ရင်ခွင်လေးအတွင်းသို့ဝင်ကာ သူ့ကို အားရအောင် သိုင်းဖက်ထားလိုက်မိပါတော့သည်။ ဒီတစ်ခါတော့ သီတာသ၏ ရင်ခုန်သံများကို သူမ ဆူညံစွာ ကြားလိုက်နိုင်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

လေပြည်တွေနဲ့အတူ လှမ်းမျှော်ဖူးပါသူ
ပျံ့ထန်းလိုက်သလိုပေါ့ ...
လေပြည်နဲ့အတူ ခေါ် ဆောင်ခြင်းခံရမယ်ဆိုတာလည်း
အိပ်မက်တောင် မမက်ဘူးပါဘူး ...
တံခါးလေးကို မခေါက်ဘဲနဲ့ ဝင်လာတယ်။
ပြီးတော့ နှလုံးသားတစ်ခုလုံးအပြည့် သူ နေရာယူလိုက်တယ်။
မမြင်ဖူးတဲ့၊ မသိဖူးတဲ့ စကားတွေနဲ့
အချစ်စစ်တစ်ခုကို သူ စတင်တီးခတ်ချိန်တွင်တော့ ...
ဘုရား ... ဘုရား ...
ကျွန်မလေ သူ့ကိုချစ်ရတာကို ကျေနပ်လို့ နေပါပေါ့လား ...
ခြေဖဝါးလေးကို ကြွရုံလေးမလိုက်ပြီး ဆွဲဆွဲလိုက်တော့ ...
လောကကြီးကိုတောင် မေ့လိုက်မိတော့မလို့။
ကောင်းကင်ပြင်ကြီးတစ်ခုလုံးကို
သူ့အချစ်နှင့် နိုင်းခါမယ်ဆိုရင်
အို ...
ကောင်းကင်ကြီးက ကျဉ်းလိုက်တာနော် ...

⁂ ⁂ ⁂

သင့်ရင်ထဲမှ "တစ်နေ့ရာစာလေး" အတွက်
[illegible]



www.burmeseclassic.com